www.burmeseclassic.com

# ယုညခင်

အဆိပ်ဖြင့်ထုံမွှမ်းသောနှုတ်ခမ်း . . .
ပန်းကဲ့သို့နူးညံ့သောကဗျာ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၄၅၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၇၅၀၁၀၈
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ကိုဆန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။



မိုးမိုးစာပေ

# ပုညခင်

အဆိပ်ပြင်းထုံမွှမ်းသော နှုတ်ခမ်း...
ပန်းဆက်ကွဲသို့ နူးညံ့သော ကဗျာ...



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"ကိုယ့်ချစ်လေး ... မင်းကို surprise လုပ်စရာရှိတယ်၊ ဆက်ဆက်လာခဲ့၊ အလှဆုံးဝတ်ခဲ့နော်"

သူရိုယရယ် ... ရှင် ဘာတွေ အဆန်းထွင်ဦးမလို့လဲ ဆောင်။

သူက ပြောချင်တာပြောပြီး ဖုန်းချသွားပြီ။ တန့်မနီ မှာတော့ စိတ်ထဲကသာကြိတ်၍ ညည်းတွားလိုက်ရသည်။ စိတ်ညစ် သို့ ညည်းတွားတာတော့ မဟုတ်ရပါ။ ရင်ထဲ အသည်းထဲက ထိကလေး တမြမြဖြင့် ညည်းတွားမိတာမျိုးသာပါ။

သို့သော် ဘယ်လိုပဲညည်းညည်း ငြိမ်ငြိမ်ကလေး ဆော်ငိုင်နေလို့တော့မရ။ ပွဲတစ်ပွဲတက်ဖို့အတွက် လုပ်ရမည်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေက အများကြီး။ အဝတ်အစားကိစ္စ၊ ဆံပင်ကိစ္စ၊ မိတ်ကပ်ကိစ္စ၊ ဖိနပ်ကိစ္စ၊ အိတ်ကိစ္စ၊ လက်ဝတ်လက်စားကိစ္စ စသဖြင့် ကိစ္စများမြောင်လှပါသည်။ ဟန်မဒီမေသည် အမြန် လှုပ်ရှားမှ ဖြစ်တော့မှာမို့ ဖုန်းကို ခေါင်းအုံးပေါ် ပစ်ချ၊ မဒီကိုယ်ပေါ်က ဂါဝန်ကလေး လွှားခနဲ ဝဲသွားအောင် ထလိုက်ပြီး အခန်းထောင့် ဗီရိုဆီ ဝုန်းဒိုင်းကျဲ၍ ပြေးသွားလိုက်သည်။

လာခဲ့စမ်း ... တစ်ထည်၊ နှစ်ထည်။ အိုး ... ဒါ မကြိုက်၊ ဟိုဟာမကြိုက်၊ ဒါနဲ့မဖြစ်၊ ဟိုဟာနဲ့မဖြစ်၊ သွားစမ်း ... သွားစမ်း။

ဗီရိုဆွဲဖွင့်ကာ ချိတ်မှာ ချိတ်ထားသည့် အဝတ်တွေကို တစ်ထည်ပြီးတစ်ထည် ဆွဲယူကြည့်လိုက်၊ မကြိုက်လိုက် ခုတင်ပေါ် လွှားခနဲပစ်ချလိုက်ဖြင့် ဗီရိုထဲက အဝတ်တွေဟာ ဟန်မဒီ ခုတင်ပေါ်သို့ ပြောင်းရွှေ့ပုံထပ်သွားသည်။

အဝတ်ပုံကြီးသာ တဖြည်းဖြည်း မြင့်လာသော်လည်း ဟန်မဒီစိတ်ကြိုက်၊ သူ့စိတ်ကြိုက် ထပ်တူကျပြီး အများအမြင်မှာလည်း ရင်သပ်ရှုမောဖြစ်ရမည့် အဝတ်အစားမျိုး ရှာမတွေ့နိုင်သေးပါ။





အဲ့ဒါ ... မင်းသားရဲ့ချစ်သူ ရင်ဆိုင်ရတဲ့ ချိုမြမြ ဒုက္ခလေးတွေပေါ့။

တက်သစ်စ အဆိုတော်ပေါက်စနမကလေး ဟန်မဒီမေရဲ့ချစ်သူ သူရိယဟာ လျှမ်းလျှမ်းတောက် ကျော်ကြားလှတဲ့ ရုပ်ရှင်မင်းသား။ မိန်းမပျိုလေးတွေရဲ့ အသည်းနှလုံးကို တုန်ယင်လှုပ်ရှားစေနိုင်သူ။ ဟန်မဒီမတိုင်ခင်က ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့တဲ့ နှလုံးသားသန့်စင်သူ။ ခုချိန်မှာတော့ သူ့ရဲ့ တစ်ဦးတည်းသော ချစ်သူလေး ဟန်မဒီမေ့ကိုသာ သစ္စာတရားက မီးလုံးပြည့်ကာ အချစ်ကြီးချစ်၊ အကြင်နာကြီးကြင်နာ၊ စက္ကန့်တိုင်းမှာ ဂရုစိုက်နေသူအဖြစ် သတင်းကြီးလေသည်။

BURMESE CLASSIC

သူက လူသိများကာ ကျော်ကြားလှသလောက် သူ့ရဲ့ နှလုံးသားရေးရာဟာလည်း လူတိုင်းက စိတ်ဝင်စားရသော အကြောင်းတရားတစ်ခု ဖြစ်လာသည်။ ထို့ကြောင့်ပင် ဟန်မဒီသည်လည်း အဆိုတော်အလုပ်မှာ ဘာမှသာ ပေါက်ပေါက်ရောက်ရောက် မရှိသေးပေမယ့် အချစ်ရေးကြောင့်ပင် သူရိယနှင့်တွဲကာ ထင်ရှားလာခဲ့ရသည်။

ဟန်မဒီမေသည် အဆိုတော်အဖြစ်ထက် သူရိယ၏ ချစ်သူအဖြစ်သာ ပိုပြီး ထင်ရှားကျော်ကြားလာခဲ့ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်က ဟန်မဒီမေ့ကိုမြင်လျှင် ဘယ်သီချင်းကို ဆိုသည့် အဆိုတော်ဟုမမြင်၊ 'သူရိယ ချစ်သူ' ဟုသာ သတ်မှတ် သိမြင်လိုက်ကြသည်။

ဟန်မဒီသည် အစပထမသော် ထိုအဖြစ်ကို အောင့် သက်သက်ရှိလှသော်လည်း နောက်တော့ သူလို အောင်မြင်ကျော် ကြားသူ တစ်ယောက်ရဲ့ တန်ဖိုးထား ချစ်မြတ်နိုးခံဘဝမှာ အသား ကျလာသည်။ ခုတော့ ဟန်မဒီဟာ သူ့ရဲ့ ပွဲထုတ်မှုတွေထဲမှာ လှပငြိမ့်ညောင်းစွာ အလိုက်သင့်စီးမျောတတ်လာပြီ ဖြစ်သည်။

"တီတီ ... တူ ... တောင် ... တင်"

ဟန်မဒီမေက ဗီရိုကို ဆက်လက်မွှေနှောက်နေဆဲ မှာ ဖုန်းသံမြည်လာတာမို့ ဖုန်းကို အမြန်ပြေးယူ ဖွင့်နားထောင် လိုက်ရသည်။

"ဟဲလို ... ဟဲလို ... ပြောပါ"

"ဟဲ့ ... မဒီ၊ နင့်အသံက ဘယ်လိုဖြစ်လို့ အမောတကော သံ ပေါက်နေရတာလဲ"

"တကယ် မောနေလို့ပေါ့ကွယ်၊ ဒီမှာ ပွဲသွားဖို့ အဝတ် အစား ရှာဖွေရေးလုပ်နေရတယ်"





ဟန်မဒီက ဖုန်းကို ပခုံးနှင့် မျက်နှာကြားမှာ ညှပ်၍ ပြောရင်းက ဗီရိုကို ဆက်လက်မွှေနှောက်နေသည်။

"ဘယ်ပွဲ သွားမှာလဲ၊ သူရိယနဲ့မှ ဟုတ်ရဲ့လား"

"မဟုတ်ဘဲ နေပါ့မလားကွယ်၊ ဒါပေမယ့် အတူတူသွား မှာတော့ မဟုတ်ဘူး၊ သူကသပ်သပ် ကိုယ်ကသပ်သပ်၊ ဟိုရောက်မှ တွေ့ကြမှာပေါ့၊ ပွဲကတော့ အဆိုတော် (x x x) ရဲ့ မွေးနေ့အမှတ်တရ စတိတ်ရှိုးပဲ၊ သူလည်း သီချင်း တစ်ပုဒ် ဝင်ဆိုမယ်ပြောတယ်"

"ရှင်ကရော မဆိုဘူးလား"

"ကျုပ်က မထင်မရှား အဆိုတော်ပေါက်စနလေးပဲ၊ လူရာ သိပ်မဝင်ပါဘူး"

"ရှင့်ကိုယ်ရှင် အဲ့လောက်လည်း အထင်မသေးပါနဲ့၊ ရှင် လည်း မခေပါဘူး၊ အရည်အချင်းရှိသားပဲ၊ သူရိယ ချစ်သူ ဖြစ်သွားလို့သာ ရှင့်အရည်အချင်းတွေ မြုပ်ပြီး လိုင်းကြောင် သွားတာ"

"ချစ်သူတွေကို စိတ်ဝမ်းကွဲစေမယ့်စကားမျိုး မပြောပါနဲ့ လားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသံကိုက သိပ်ပျော်နေတယ် ဟုတ်စ …"

"ဟုတ်ဝ … ပျော်တာပေါ့၊ အချစ်ခံရတာကိုး၊ ခုနကပဲ သူဖုန်းဆက်တယ်၊ ငါ့ကို surprise လုပ်မလို့တဲ့၊ အဲ့ဒါ ဘာများလဲမသိဘူး၊ ရင်တွေခုန်လိုက်တာ …"

"လူတွေကြားမှာ ရှင့်ကို သူ သိပ်ချစ်ကြောင်း တစ်ခုခု လုပ်ပြမလို့နေမှာပေါ့၊ ဘာလုပ်လုပ် လူသိရှင်ကြားဖြစ်အောင် လုပ်တတ်တာ သူရိယရဲ့ ဖက်ရှင်ပဲဥစ္စာ၊ မိန်းမတစ်ယောက်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ချစ်ပြပြီး သူ့ Role ကို သူမြှင့်နေတာပါ၊ ရှင် လိုက်မျောမသွားနဲ့ …"

ဟန်မဒီ သူငယ်ချင်းမလေး စုဇီကတော့ သူရိယရဲ့ လုပ်ရပ်တွေကို အကောင်းမြင်နိုင်သူမဟုတ်ဘဲ အမြဲ မျက်စိဆံပင်မွေး စူးနေတတ်သူ ဖြစ်သည်။ သို့သော် စုဇီ ဘာပြောပြော ဟန်မဒီက စုဇီ့စကားတွေကို ဒီဘက်နားကသွင်းပြီး ဟိုဘက်နားက ပြန်ထုတ်ပစ်လိုက်မြဲပင်။

"ဟဲ့ … ကျုပ်ပြောတာ ကြားရဲ့လား"

"ဟင် … ဘာကိုလဲ"





"လိုက်မျောမသွားနဲ့ ဆိုတာလေ"

"သြော် … အေး … ကြားပါတယ်၊ ဟယ် … တွေ့ပြီ"

"ဘာတွေ့တာလဲ"

"အင်္ကျီလေ … အင်္ကျီ၊ ဟိုကို ဝတ်သွားဖို့ အင်္ကျီ၊ မဆိုးဘူး၊ ဒါလေးပဲ ဝတ်သွားတော့မယ်၊ အဖြူဆွတ်ဆွတ်လေးပေါ်မှာ အနက်ရောင်ပုလဲလုံးလေးတွေ တွဲထားတဲ့ ဂါဝန်လက်ပြတ်လေး၊ ရိုးသလိုလိုနဲ့ ခပ်ဆန်းဆန်းလေး၊ အဲ့ဒါပဲ ဝတ်သွားတော့မယ်နော် စုဇီ"

"နင့်ဘာသာ ဘာဝတ်ဝတ်၊ ဝတ်ချင်တာဝတ်၊ စိတ်မဝင်စားဘူး၊ ငါပြောတာ နားထောင်ဦး၊ ငါ့စကား မဆုံးသေးဘူး"

"အေးပါ၊ နားထောင်နေပါတယ်၊ ပြော … ပြော"

စုဇီက ဆက်ပြောသည်။ ဟန်မဒီကလည်း ဗီရိုထဲက ပဝါနှင့် အိတ်ကို ဆက်လက်ရှာဖွေရင်း နားထောင်နေရသည်။ အရေးထဲမှာ သူက တစ်မျိုးလေ။

"ငါ့မာမီက ပြောတယ်၊ သမီးသူငယ်ချင်းကို သတိပေးဦးတဲ့၊ နာမည်ကျော်ကြားသူတွေရဲ့ အချစ်ရေးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ယူဖြစ်မယ် မယူဖြစ်ဘူး မသေချာခင်စပ်ကြားမှာ ဒီလောက် ဆောင်းပွမနေသင့်ဘူးတဲ့"

"တို့နှစ်ယောက် ဒီလောက်ချစ်တာ မယူဖြစ်ဘဲနေပါ့မလား ဒူဓိရယ်၊ အန်တီ့ကို ပြောပေးပါဟယ်၊ စိတ်မပူပါနဲ့လို့"

"ဟဲ့ ... ချစ်တိုင်းလည်း ယူဖြစ်တာမှမဟုတ်တာ၊အကြောင်း ကြောင်းသော အကြောင်းကြောင်းတွေကြောင့် လွဲချော် သွားတဲ့သူတွေမှ အများကြီး၊ ရှင်တို့ အနုပညာလောက မှာဆို ဒါမျိုးက ပိုတောင်ဆိုးသေး၊ ရှင်လည်း သူရိယရဲ့ လေကြောမှာ မျောလိုက်မနေနဲ့၊ အနေအထိုင်ဆင်ခြင်ဦး၊ ကိုယ်က မိန်းကလေး၊ မယူဖြစ်ကြရင် ကိုယ်ပဲနစ်နာရမှာ"

"အေးပါဟယ် ... အေးပါ"

"ရှင့် ဒက်ဒီကရော ဒီကိစ္စတွေ ဘာမှ မပြောဘူးလား"

"ဒက်ဒီကလား ... သူ့မှာကလဲ သူ့အာရုံနဲ့ သူလေ၊ ကျုပ် ဘက်ကို အာရုံမစိုက်အားပါဘူး"

"လုံးဝကို မသိတာလား"

"သိတော့ သိတယ်၊ ဒါပေမယ့် ဒက်ဒီက အရမ်း အနောက် တိုင်း ဆန်တယ်လေ၊ သမီး ဒီအရွယ်ရောက်ပြီ၊ ကိုယ့်ကိုယ်





ကို ထိန်း၊ ကိုယ်ဖြစ် ကိုယ်ခံရမှာပဲတဲ့၊ ဟယ် ... ဒါလေးဆို မဆိုးဘူး၊ အနက်ရောင် အိတ်ပြားပြား ရှည်ရှည်လေးပဲ ကိုင်လိုက်တော့မယ်ဟယ်၊ ပဝါကလည်း အနက်ပါးပါး လေးပေါ့၊ တစ်မျိုးဆန်းတာပေါ့နော် ... ဒူဓိ"

"မသိဘူးဟယ် ... မသိဘူး၊ ကြိုက်သလိုသာ လုပ်တော့၊ နင်ဖြစ် နင်ခံ"

"ဖိနပ်ကတော့ ကြိုးသိုင်းအနက် ခွာချွန်ချွန်လေး"

"တီ ... တူ ... တူ ... တူ"

"ဟယ်လို ... ဒူဓိ ... ဟဲ့၊ ဟင်း ... ဟင်း ... စိတ်ကောက် သွားပြန်ပြီ၊ ဒီသူငယ်မ နောက်မှပဲ ပြန်ချော့တော့မယ် ကွယ်"

စူဓိက ဖုန်းကို ပိတ်ချပစ်လိုက်တာမို့ ဖုန်းသံတူတူ ထွက်လာတော့မှ ဟန်မဒီက ဖုန်းကို ပခုံးကြားမှထုတ်ကာ ခုတင် ပေါ် ပစ်တင်လိုက်ရသည်။ အိုကေ ... ဖုန်းလည်း ပြောလို့ပြီး၊ အဝတ်ဖနော်လည်း စီစဉ်လို့ပြီးပေါ့။

ဟန်မဒီသည် ဝတ်ရမည့် အဝတ်အစား အသုံး အဆောင်တွေကို ခုတင်ပေါ် စီချထားခဲ့ပြီး အမြန်ရေပြေးချိုးရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေချိုးတဲ့အခါ သုံးတဲ့ဆပ်ပြာက သူ့ရိုယသုံးသည့် ဆပ်ပြာနှင့် အမျိုးအစားအတူတူပင်။ သူက "ခုကတည်းက ဆပ်ပြာအတူတူ သုံးတာပေါ့"ဟု ညို့တို့တို့လေးပြောကာ သူသုံးသည့် ဆပ်ပြာ တစ်ပါကင်ကို လက်ဆောင်ပေးခဲ့တာပင်။

ဟန်မဒီက ရေချိုးခန်းထဲမှထွက်လာကာ မှန်တင်ခုံရှေ့မှာ ရပ်ပြီး ဟန်မဒီ ဆံပင်တွန့်တွန့်လေးတွေကို ဖြေချလိုက်သည်။

မဒီမျက်နှာဟာ ဘဲဥပုံ လုံးသွယ်သွယ်ကလေးမို့ ဘေးတစ်ဖက်တစ်ချက်မှာ ဖြာကျနေသည့် ဆံပင်တွန့်တွန့်လေးတွေနှင့် လိုက်ဖက်ညီသည်။ မျက်ဝန်းအိမ်မို့မို့၊ နှုတ်ခမ်းလုံးလုံး၊ နှာတံချွန်ကလေးနှင့် သွယ်လျနုဖပ်နေသော မဒီအလှဟာ သူ့ရိုယရဲ့အနီးအနားက မင်းသမီးတွေထက်တော့ သာခဲ့တာပင်။

မဒီဘက်က အလှအပြင် တစ်ခုပိုသာတာက အဆင့်မြင့်မြင့် ပညာတတ်ပုံစံမျိုးလေး သန့်ထွက်နေခဲ့တာပင်။

မဒီမှာ အမေ မရှိတော့ပေမယ့် မဒီ ဖေဖေ လက်ရှိ နာမည်ကြီး စီးပွားရေးလုပ်ငန်းတွေရဲ့ပိုင်ရှင်။ လူ ပိုင်းအရွယ် သူဋ္ဌေးကြီး။ မဒီ ဖေဖေဟာ နုပျိုပြီး ချမ်းသာလှ





အိမ်ထောင်လည်းမရှိတာမို့ မိန်းမတကာ မျက်စိကျစရာလည်းဖြစ်၊ ဖေဖေကလည်း လိုက်လိုက်လျောလျော ဆက်ဆံတတ်သူမို့ ဖေဖေ့နားမှာ အမျိုးသမီးမိတ်ဆွေဆိုတာမျိုးတွေက ပေါများလှသည်။ မိတ်ဆွေထက် ပိုတာတွေလည်း ရှိမှာပင်။

သို့သော် ဖေဖေက အိမ်ထောင်တော့မပြု။ ဖေဖေ ကိုယ်တိုင်လည်း လွတ်လပ်မှုကို လိုလားကာ မဒီရဲ့လွတ်လပ်မှုကိုပါ အလေးထားတာမို့ မဒီ ကိုယ့်ကိုယ်ကိုထိန်းနိုင်သည့်အရွယ်မှစကာ ဖေဖေက သူ့ကုမ္ပဏီရုံးခန်းရှိရာ apartment တစ်ခုမှာနေသည်။ မဒီကတော့ အိမ်မှာပဲ ဆွေနီးမျိုးစပ် စောင့်ရှောက်သူတွေနှင့်နေကာ သားအဖနှစ်ယောက် တွေ့လိုလျှင် ဖုန်းဆက်ချိန်းဆိုလိုက်ရုံသာ။

ဘာအတွက်မှ ပူပင်စရာမရှိသော မဒီသည် စင်ကာပူမှာ ကွန်ပျူတာသင်တန်းတွေ သွားတက်ပြီး ပြန်လာချိန်မှာတော့ အဆိုတော်လုပ်ဖို့ကိုသာ စိတ်အားထက်သန်လာသည်။ ကွန်ပျူတာဆော့ဖ်ဝဲများဖြင့် သီချင်းသံစဉ်ရှာ၊ စာသားထည့်။ ဒီလိုနှင့် မဒီလိုချယ်ချင်းမလေး နှစ်ယောက်ဖြင့် ပေါင်းကာ Honey ဆိုသော အဖွဲ့ကလေးတစ်ဖွဲ့ ဖွဲ့ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖွဲ့ကလေးဟာ များစွာသောအဖွဲ့တွေ အဖွဲ့တွေကြားမှာ ကြားသိပ်မတိုးသာဘဲ မြုပ်မြုပ်လေးသာရှိခဲ့ပြီး နောက်တော့ လူစုကွဲကာ ကျောင်းတက်သူတက်၊ စီးပွားရေးလုပ်သူလုပ်ဖြင့် ပြိုကွဲသွားသည်။ မဒီတစ်ယောက်သာ ဖွဲ့မလျော့ဘဲ ကျန်ရှိနေခဲ့တာပင်။ မဒီတစ်ယောက်တည်းလည်း ဖြစ်အောင်လုပ်မှာပဲဟု မဒီက တင်းခံနေသည်။ ငွေအတွက်လည်း မပူရတာမို့ မဒီ ရှေ့ဆက်နိုင်တာပင်။

ဟန်မဒီသည် မှန်ရှေ့မှာထိုင်လိုက်ပြီး နဖပ်ကအခကြာမျှင်လေးတွေ သမ်းနေသော မျက်နှာပြင်ကို လက်ဖျားကလေးတွေဖြင့် ညင်သာစွာပွတ်ရင်း လိမ်းခြယ်နေသည်။

ဟန်မဒီ့စိတ်တွေကတော့ မငြိမ်ပါ။ သူရိယနဲ့ ပတ်သက်တိုင်း မဒီ့စိတ်တွေ အမြဲလှုပ်ရှားရသည်။ သူနဲ့ တွေ့ရမည်ဆိုရုံနှင့် စိတ်လှုပ်ရှားကာ ခြေဖျားလက်ဖျားတွေ အေးလာတတ်သည်။ သူ့ရှေ့မှာ၊ လူအများရှေ့မှာ သိပ်လှနေဖို့ အဝတ်အစား ရွေးချယ်ရင်းလည်း စိတ်လှုပ်ရှားကာ 'လှမှ လှပါ့မလား' ဟု ရင်ထိတ်ခုန်နေရသည်။ သူ့ရှေ့ ရောက်လာလျှင်တော့ သူ့ရဲ့ အောင်မြင်မှု အရှိန်အဝါကြီးက မဒီ့ကို လွှမ်းခြုံအုပ်ဆိုင်းသွားကာ မဒီ့ရဲ့





ကိုယ် ပိုင်ဆုံးဖြတ်ချက်၊ ခံယူချက်တွေကို မှောင်အတိကျစေတော့တာပင်။ အဲဒီအခါ မဒီ့ဘဝရဲ့ အလင်းရောင်ဟာ ရှင်နေမင်းလို့ အမိပွားယ်ရတဲ့ သူရိယတစ်ယောက်ထံမှသာ ဖြာထွက်လာသလိုမျိုးပေါ့။ နေမင်းရဲ့အလင်းရောင်ဟာ ပြင်းလွန်းတာမို့ တစ်ခါတစ်ခါတော့ မဒီ့ကို လောင်ကျွမ်း ပြာဖြစ်သွားစေတော့မလားထင်ရတတ်သည်။

ဟန်မဒီက အလှပြင်ရင်း သူ့အကြောင်းကို ဆက်တွေးမိသည်။ ပြီးတော့ ရူဇီရဲ့စကားကို သတိရကာ ပြုံးမိ၏။

'ဘာလုပ်လုပ် လူသိရှင်ကြားဖြစ်အောင်လုပ်တတ်တာ သူရိယရဲ့ဖက်ရှင်ပဲ' တဲ့။

မှန်တာပေါ့။ သူက ဟန်မဒီ့ကို စ,စိတ်ဝင်စားကတည်းက လူသိရှင်ကြား စိတ်ဝင်စားခဲ့တာလေ။

အဲဒီနေ့ကပေါ့...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ညက ဟန်မဒီမေ ကြောက်ဒူးတုန်ခဲ့ရသော ညဖြစ်သည်။

မထင်မရှား အဆိုတော်ပေါက်စနလေးမို့ ဆီဒီးနား မှာလုပ်သည့် စတေ့ရှိုးမှာ ဆိုခွင့်ရလိုက်တာကိုက မဟာအခွင့် အရေးကြီးတစ်ခု ဖြစ်နေခဲ့ရသည်။ ဆိုခွင့်ရသည့်အဖြစ်က နည်း နည်းတော့ ရှက်စရာကောင်းသေးသည်။ ဒီပွဲမှာ စမွန်ဆာပေးမည့် ကုမ္ပဏီဟာ ဒက်ဒီကုမ္ပဏီမို့ ဟန်မဒီမှာ သနားသဖြင့်အခွင့်အရေး လေးရခဲ့တာပင်။

ဟန်မဒီတို့ရဲ့ honey အဖွဲ့ကလည်း ကွဲသွားပြီ မို့ ဟန်မဒီမေတစ်ယောက်တည်း ပထမဦးဆုံး ဆိုရမည့်ပွဲဖြစ်သည်။





အရင်တုန်းကမှ သုံးယောက်တွဲပြီးဆိုရတာမို့ အဖော် ရကာ အားရှိသေးသည်။ ခုတော့ ဟန်မဒီတစ်ယောက်တည်းရယ်။ နာမည်ကြီးတွေကြားထဲမှာ ကိုယ်တစ်ယောက်တည်းမို့ အားလည်း မရှိလှ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းမရှိတော့ဘဲ ပွဲမစခင်ပင် လူက တုန်ယင်အေးစက်ချင်လာသည်။

မကြာခင် မဒီ့အလှည့် ရောက်လာသည်။ မဒီက ထုံဟုန်ထူမှုသော ခံစားချက်ကို မထိန်းနိုင်သေးဘဲ စင်မြင့်ဆီ ရောက်လာသည်။

မဒီနဲ့အနီးဆုံး ရှေ့ဆုံးတန်းမှာ ဖိတ်ကြားထားသဖြင့် လာအားပေးနေကြသော မင်းသား၊ မင်းသမီးတွေလည်း အများ ကြီးရှိနေကြသည်။ မဒီရှေ့တည့်တည့်မှာတော့ သူရှိယပေါ့ ...။

မဒီသည် ပရိသတ်ဆီ ဝေ့ဝဲကြည့်ရင်း သူ့ရဲ့ပြင်းရှ ညို့ငင်နိုင်သော မျက်လုံးများနှင့် ခလုတ်တိုက်ပြီး အငိုက်မိမလို ဖြစ်သွားသည်။ ပြီးတော့ ထိုမျက်လုံးများထံမှ မလွှဲဖယ်မိတော့ဘဲ အချိန်ကြာကြာငေးသွားသည်။ သူကလည်း လုံးဝ အကြည့်လွှဲလိုက် ပုံ မစဉ်းစားဘဲ စိုက်ငေးနေရင်း နှုတ်ခမ်းဖျားလေးတွေ ပြုံးတုံ့တုံ့ ဖြစ်လာတာကို မဒီက သတိပြုမိသွားသည်။

ဟန်မဒီက ဖျတ်ခနဲ ကိုးဓါမ်ရှုပ်စတ်သွားဒေသ



www.burmeseclassic.com

www.burmeseclassic.com



အသံကို ပြန်ထိန်းကာ ဆက်ဆိုနေဆဲမှာပဲ သူက ထိုင်ရာမှ ထလိုက်လေသည်။

ဟန်မဒီထံ သူ လျှောက်လာခဲ့ပြီ။ သူက အနီရောင်နှင်းဆီပွင့်လေးကို နှုတ်ခမ်းဖျားမှာ ကန့်လန့်ဖြတ် ကိုက်ထားရင်း မဒီရှိရာ စင်မြင့်ဆီ လွှားခနဲ လွှားခနဲ ခြေလှမ်းများဖြင့် တက်လာနေသည်။ မဒီ့ရှေ့ ရောက်တော့မှ ပန်းပွင့်လေးကို နှုတ်ခမ်းဖျားမှ ဖြုတ်ယူပြီး မဒီထံ ကမ်းပေးလိုက်သည်။ ပြီးတော့ မဒီ့နားကပ်ကာ တိုးတိုးလေး အားပေးလိုက်သည်။

"ကလေးမလေး... သိပ်မကြောက်နဲ့ ကြိုးစားထား၊ မင်းသီချင်းကို ကိုယ်အရမ်းကြိုက်တယ်"

ထိုအခိုက် မဒီသီချင်းက ပြီးဆုံးသွားလေသည်။

မဒီသည် ရင်ထဲ နွေးဖိုလှိုက်ကာ တုန်ယင်နေမိဆဲ... သူက မဒီလက်ထဲက မိုက်ကရိုဖုန်းကို ဖျတ်ခနဲ လှမ်းဆွဲယူလိုက်ပြီး...

"အိုကေ... ပရိသတ်ကြီးကို တစ်ခုလောက် အသိပေးပါရစေ၊ ကျွန်တော် ခုနလေးကမှ ကြားလိုက်ရတဲ့ သူ့သီချင်းလေးကို အရမ်းကြိုက်ပါတယ်၊ နုပျိုသစ်လွင်နေတဲ့ အသံကလေးမို့ ချစ်စရာကောင်းလို့ နှစ်သက်မိပါတယ်"





ဟု ပြောချပစ်လိုက်လေသည်။ မဒီသည် အဝိုက်မိကြောင်အမ်းနေဆဲမှာ ပရိသတ်ဆီမှ လက်ခုပ်သံများစွာကို ကြားလိုက်ရသည်။ သူကတော့ မဒီ့ကို ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြပြီး မဒီ့လက်ထဲသို့ မိုက်ကရိုဖုန်း ပြန်ထည့်ပေးခဲ့ကာ စင်ပေါ်မှ ဆင်းသွားသည်။

အဲ့ဒါဟာ ဟန်မဒီမရဲ့ သူရိယတို့ရဲ့ ကောလာဟလ အစပေါ့။

ဟန်မဒီသည် ထိုအဖြစ်ကို ကျေနပ်နေရမှာလား၊ စိတ်ဆိုးဒေါသထွက်ရမှာလား မသိဘဲ အူကြောင်ကြောင်လေး ဖြစ်နေခဲ့ရသည်။ ဒီလောကထဲက မဒီ့မိတ်ဆွေတွေကတော့ မဒီ့နားကပ်ကာ...

"မဒီလေး... လျှိုထားတယ်နော်၊ ဘယ်လိုလဲ... ဘယ်တော့စားရမှာလဲ"

ဟု မထိတရိလေးတွေ ပြောလာသည်။

"မဒီရေ... မင်းသား ဆိုပေမယ့်လည်း သူရိယက မဆိုးပါဘူးကွယ်၊ မိန်းကလေးကိစ္စ မရှုပ်ပါဘူး"

ဟု အသိပေးကြသည်။

ထိုဖြစ်ရပ်သည် ဘယ်လောက်ကောင်းများ နေ့ချင်း



www.burmeseclassic.com

www.burmeseclassic.com



ညချင်း ပြန်နှံ့သွားသလဲဆိုရင် သူ့ပရိသတ်မလေးတွေက မနီထံ ဖုန်းတဂွမ်ဂွမ်ဆက်ကြလျက်...

"မဟာန်မဒီမေနဲ့ သူရိယနဲ့ ကြိုက်နေတယ်ဆိုတာ တကယ် လားဟင်... သမီးတို့ သိချင်လို့ အမှန်အတိုင်းပြောပြပါ၊ သမီးတို့ (......) 'ဂျာနယ်ကို ဖုန်းဆက်မေးတော့လည်း သူတို့ မသိဘူးဘဲ ပြောနေတယ်"

ဟု မြောင်မေးခွန်းထုတ်ကြသည်။

မဒီသည် ထိုမေးခွန်းတွေကို မဟုတ်ရပါကြောင်း ဖြေကြားနေရဆဲ၊ တစ်နေ့မှာ... သူက သူ့မန်နေဂျာကို မနီထံ လွှတ်လိုက်လေသည်။

"မဟာန်မဒီမေ အစ်ကိုက တောင်းပန်နိုင်းလို့ ကျွန်တော် အစ်ကို့ကိုယ်စား လာတောင်းပန်တာပါ၊ အစ်ကိုက နယ် ရိုက်ကွင်းတွေ ဆက်နေလို့ ရန်ကုန်မှာ မရှိပါဘူး၊ ဟို... အစ်ကို့လုပ်ရပ်ကြောင့် ကောလာဟလတွေ ထွက်လာတဲ့ အတွက် မဟာန်မဒီမေကို အားနာပါတယ်တဲ့၊ ဒါပေမယ့် ကောလာဟလဆိုတာ တစ်နေ့ တကယ်မဖြစ်ဘူးလို့လည်း မပြောနိုင်ပါဘူးတဲ့"





"အဲဒီ စကားက ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော် မပြောတတ်ဘူးခင်ဗျ၊ သူပြောနိုင်းတာပဲ လာ ပြောပေးတာပါ၊ ဒီမှာ ဒါလေးလည်း ထားခဲ့ပါရစေ"

မန်နေဂျာဆိုသူက ဘူးပြားပြားလေးတစ်ဘူးကို မနီရှေ့ စားပွဲပေါ် တင်ပေးလိုက်သည်။

"ဒါကရော ဘာလဲ..."

"ကျွန်တော် မသိဘူးခင်ဗျ၊ သူ ပေးနိုင်းတာပဲ လာပေး တာပါ"

မန်နေဂျာပြန်သွားတော့ မဒီက ဘူးလေးကို ဖောက် ကြည့်လိုက်သည်။

ချော့ကလက်ဘူးလေး။

မဒီသည် ချော့ကလက်ဘူးလေးကို ကိုင်ရင်း ရင်ခုန် ချင်သလို ဖြစ်လာသည်။ ဒါ... ဘာအဓိပ္ပာယ်နဲ့ ပေးတာပါလိမ့်။

သူက မဒီကို ပဟေဠိတွေလာပေးနေခဲ့တာပင်။

နောက်တော့ တစ်ပတ်တစ်ခါဆိုသလို မဒီထံသို့ အမြန်ချောပို့ဖြင့် ချော့ကလက်ဘူးလေးတွေ ရောက်ရောက်လာ သည်။ အဲဒါ သူ့ထံကဆိုတာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက မဒီကိုတော့ တိုက်ရိုက်ဆက်သွယ် မလာခဲ့သေးပါ။ သူ ဘယ်အခြေအနေကို ဦးတည်နေတာလဲ။ မဒီအပေါ် ဘယ်လို သဘောထားနေသလဲဆိုတာ မဒီ ဝေခွဲမသိနိုင်သေးပါ။

နောက်တစ်ပတ်အကြာမှာတော့ စုဇီက ဂျာနယ်တစ်စောင်ယူကာ မဒီထံ အူလျားဖားလျားရောက်လာသည်။

"ဟဲ့... မဒီ၊ ဒီမှာကြည့်စမ်း၊ သူရိယရဲ့ အင်တာဗျူးကို ဖတ်ကြည့်စမ်း"

မဒီက ဂျာနယ်ကို ယူဖတ်ကြည့်လိုက်မိသည်။

➡ ကိုသူရိယရဲ့ အချစ်ရေးကရော...

★ အချစ်ရေးကလား၊ အဟင်း... အချစ်ရေးက ခုမှ စမလို့ပဲ ရှိပါသေးတယ်။

➡ ချစ်သူတွေ့ပြီလို့ ဆိုလိုချင်တာလား...

★ ဆိုပါတော့၊ ကျွန်တော့်ဘက်ကပဲ ဆိုပါတော့...။

➡ အနုပညာ နယ်ထဲကပဲလား...

★ ဟုတ်ပါတယ်၊ ရုပ်ရှင်ဘက်ကတော့ မဟုတ်ဘူးနော်။

➡ ဒါဆို... ဂီတဘက်ကလား...





★ ဆိုပါတော့... မထင်မှတ်ဘဲ သူက ကျွန်တော့်ရင်ထဲ ငြိမ်ခနဲ ဝင်လာတာ၊ ခုထိ ရင်ထဲမှာ မွှေးနေသေးသလိုပဲ၊ သူ့ပုံစံလေးကို ပြန်တွေးလိုက်တိုင်း အမြဲမွှေးတယ်၊ ဒီရက်ပိုင်းအတွင်း ပြင်ဦးလွင်မှာ ကားရိုက်ရမှာဆိုတော့ ပြင်ဦးလွင်ရဲ့ဆောင်းကို သူ့အကြောင်းတွေးရင်း အန်တုရမှာပေါ့။

➡ သူ့ကို ပရိုပို့စ် လုပ်ပြီးပြီလား...

★ မလုပ်ရသေးဘူး၊ သူနဲ့ ထပ်မတွေ့ဖြစ်သေးဘူး၊ လောလောဆယ်တော့ သူ့ဆီ ချောကလက်ကလေးတွေပဲပို့ထားရသေးတယ်။

မဒီက ထိုအင်တာဗျူးကိုဖတ်ရင်း ရင်ထိတ်လာကာ စုဇီကို လှမ်းကြည့်မိသည်။ စုဇီကတော့ သေချာပိုင်နိုင်ပြီးသားပုံမျိုးနှင့်...

"အဲဒါ နင့်ကို ရည်ရွယ်ပြောနေတာ မဟုတ်လား"

"ဟုတ်ပါ့မလား"

"ရှင့်ဆီ ချောကလက်တွေလည်း ပို့နေတာပဲလေ"

"ပို့တော့ ပို့တာပေါ့၊ ဒါပေမယ့် ကျူပ်ဆီ ဖုန်းလေးတောင်မှ ကိုယ်တိုင်မဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ၊ သူ့ကို ရှင် ပိုင်ငြိလာအောင် အထာတွေ ပေးနေတာ၊ နလည်း ဘာမှတောင် မဘာမှရသေးဘဲ ကောလာဟလတွေက ထွက်လာပြီ၊ ကြာရင် ရှင်ပဲ နစ်နာမယ်"

စုစီကတော့ သူရိယဘက်က လူသိရှင်ကြား လေသံ လွှင့်နေတာကို မကြိုက်လှပါ။

"ကျုပ်လည်း လူငယ်ပါ မဒီရယ်၊ မြင်မြင်ချင်း အချစ်တို့ ဘာတို့ လက်ခံပါတယ်၊ တစ်ခါပဲဆုံပြီး ချစ်သွားတာတွေ၊ တစ်ခါမှ မဆုံဖူးဘဲနဲ့တောင် ဖုန်းပြောပြီး ချစ်သွားတာတွေ ကြားဖူးပါတယ်၊ ယုံပါတယ်၊ ဒါပေမယ့် အဲဒီလို ချစ်သွားရင်လည်း မိန်းကလေးကို ဖွင့်ပြောပစ်လိုက်ပေါ့၊ ဘာလို့ အဝေးကနေ လေအမြောက်နဲ့ပစ်ပြီး ဟိုလူဒီလူ လျှောက်ပြောနေမှာလဲ"

စုစီ ပြောတာလည်း ဟုတ်သလိုပင်။ ခုအခြေအနေက သူ့အချစ်ဆိုတာကို မဒီ မသိရသေးခင် သူ့ပတ်ဝန်းကျင်က လူတွေအားလုံး သိထားသလို ဖြစ်နေသည်။

"မင်းသားက ဟန်မဒီမေကို အရမ်းကြွေနေတာ"





ဟူသော စကားတွေ ပျံ့နေချိန်မှာ မဒီကတော့ ဘုမသိဘမသိ အိမ်မှာပဲငုတ်တုတ်ကလေးထိုင်၊ သူ့အင်တာဗျူးတွေဖတ်ကာ 'ငါ့ကိုများလား'ဟု ခန့်မှန်းစိတ်ကူးနေရဆဲ။

အဲဒီနောက်ပိုင်းထွက်လာသည့် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲက အမေးအဖြေကဏ္ဍတွေမှာလည်း ဟန်မဒီမေနှင့် သူရိယတို့အကြောင်း မေးသည့် မေးခွန်းတွေ ပွထနေသည်။

ချော့ကလက်ကလေးတွေကတော့ တစ်ပတ်တစ်ခါ ရောက်လာနေဆဲ။

နောက် ရက်များမကြာမီမှာတော့ မဒီ့အနီးအနားမှာ သူ့အရိပ်အယောင်တွေကို တွေ့လာရသည်။

မဒီ တစ်ယောက်တည်း စားသောက်ဆိုင်တစ်ခုမှာ အေးအေးဆေးဆေး စားသောက်ပြီး ပြန်ထွက်လာသည့်နေ့တွေမှာ မဒီ့ကားနှင့် ယှဉ်ရပ်ထားသော သူ့ကား ပုံဆန်းဆန်းကြီးကို တွေ့ရတတ်သည်။ မှန်အမည်းတွေ တပ်ထားတာမို့ ကားထဲမှာ သူရှိနေသလား၊ မရှိနေဘူးလားဆိုတာ မဒီလည်း မခန့်မှန်းနိုင်ပါ။

တစ်နေ့တော့ မဒီ ဖုန်းကလေးထဲမှ သူ့အသံကို ကြားခွင့်ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်မဒီလေး၊ မင်းအိမ်ရှေ့မှာ ကိုယ် နှင်းဆီပင်လေး လာစိုက်ထားတယ်၊ အဲ့ဒါ မင်းအတွက် ကိုယ့်လက်ဆောင်ပဲ၊ မင်း ပြုစုရင် ပြုစုသလို နှင်းဆီတွေ ပွင့်လာလိမ့်မယ်၊ ပန်းပင်စိုက်တာက ကိုယ့်တာဝန်၊ ပန်းပွင့်တယ် မပွင့်ဘူးဆိုတာကတော့ မင်းတာဝန်ပဲနော်"

သူက ဒါပဲပြောပြီး ဖုန်းချသွားသည်။ မဒီက မနက်ဝေလီဝေလင်းကြီးမှာ အိမ်ရှေ့ဆီ ပြေးထွက်လာသည်။ ခြံတံခါးဝမှာ စိုက်ထားသော နှင်းဆီပင်လေးတစ်ပင်ကို တကယ်ပဲတွေ့လိုက်ရတော့ မဒီ့ ရင်ထဲ ဖိုလှိုက်နွေးနွေးသွားသည်။

သူသည် ဖေးဖေးမှာနေရှင်းကပဲ မဒီနဲ့ တဖြည်းဖြည်းနီးနီးလာသည်။ မဒီသည် သူ့လုပ်ရပ်တွေကို မကြိုက်သလိုလိုနှင့်ကြိုက်လာသည်။ မမျှော်လင့်သလိုလိုနှင့် မျှော်လင့်မိလာသည်။

သို့သော်... မဒီမှာ ပြင်းပြတဲ့ဆန္ဒလေးတစ်ခု ရှိနေတာကို သူ မသိနိုင်ခဲ့ဘူးလား။

မဒီကတော့ ကိုယ့်ကိုချစ်တဲ့သူတစ်ယောက်က နှစ်ကိုယ်ကြားပြောလာမည့် ချစ်စကားတစ်ခွန်းကိုသာ မျှော်လင့်ပါသည်။ သူ့ဆီက အချစ်ဆိုတာကို ကာယကံရှင် ဟန်မဒီမကသာ





အရင်ဦးစွာသိချင်သည်။ တခြားသူတွေ သိခြင်း၊ မသိခြင်းဟာ မဒီ့အတွက်တော့ အရေးမပါ။

သို့သော်... သူကတော့ အဝေးကပဲ လေသံတွေပစ်နေကာ၊ အရိပ်အယောင်လေးတွေပြနေကာ ခုထိ မဒီ့ရှေ့ကို လူလုံးပြမလာ။

မဒီက စောင့်စားရင်း မောနေသော တစ်နေ့မှာတော့... သူ့ရဲ့ ခမ်းနားသော လူသိရှင်ကြား ချစ်ရေးဆိုမှုကြီးကို ကြုံတွေ့လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ဟာ သူရိယလိုပဲ နာမည်ကျော်ကြားလှတဲ့ မင်းသားတစ်ယောက်ရဲ့ မွေးနေ့ . . . ။

ထိုမင်းသားရဲ့ အမျိုးသမီးနဲ့ မဒီနဲ့က ခင်မင်တာမို့ မွေးနေ့ပွဲကို ဆက်ဆက်လာခဲ့ဖို့ ဖိတ်ကြားခံရပါသည်။

အဲဒီပွဲကို သူရိယလည်း လာမယ်၊ ပြီးတော့ သီချင်းလည်း ဆိုပေးလိမ့်မယ်ဟု မဒီက သိထားခဲ့ပါသည်။

မဒီသည် အဲဒီပွဲမှာ သူနဲ့ရင်ဆိုင်တိုးလျှင် ဘယ်လို မျက်နှာထားမျိုးနဲ့ ရင်ဆိုင်ရမလဲဟု တွေးရင်းကပဲ ကိုယ့်ကိုယ်ကို အလှတွေမိုပြင်မိလာသည်။ အပြုံရောင် ဘောင်းဘီကျပ်ကျပ်လေး country ရှပ်အပြုံ country လည်ရှည်ဖေါက်ဖိနပ်အပြုံရောင်တို့





ဖြင့် ဆံပင်တွန့်လေးတွေ ဖြန့်ချထားသော မဒီပုံစံလေးက ဖြူမွေးကြည်စင်နေခဲ့သည်။

မွေးနေ့ပွဲဆိုပေမယ့် အနုပညာနယ်ပယ်အသီးသီးက လူတွေရော၊ စာနယ်ဇင်းကလူတွေရော၊ လုပ်ငန်းရှင်တွေပါ တက်ရောက်ကြတာမို့ မွေးနေ့ပွဲဟာ တခမ်းတနား။

မဒီ ရောက်လာတော့ သူ အရင်ရောက်နှင့်နေတာကို လှမ်းမြင်ရသည်။ သူက မဒီကို တစ်ချက်လှမ်းကြည့်ပြီး သူ့မိတ်ဆွေတွေနှင့် စကားဆက်ပြောနေသည်။

မဒီကို အရေးမစိုက်သလိုပါပဲလားဟု တွေးကာ ခံနည်းသွားမိသည်။

သူက ဝိုင်ခွက်ကလေးကိုင်ကာ ဟိုနားဒီနား မတ်တတ်တတ် သွားနေသော်လည်း မဒီနားတော့ ရောက်မလာ။

ရှင် ဘယ်လိုလူလဲ သူရိယရယ်။ မဒီကို ကစားနေတာလား။

မဒီက ရှက်ရွံ့ဝမ်းနည်းနေချိန်မှာ မွေးနေ့ပွဲလေး ဆောင်လိုက်ပါသည်။

မဒီက လူစုစုရှိသည့် ကါက်မုန့်နားသို့ မသွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



လှရှင်းသည့်ဘက်မှာ တစ်ယောက်တည်းရပ်နေဆဲ ... သူရိယက မဒီ့နားက ဖြတ်လျှောက်သွားသည်။ မဒီ့ကိုတော့ လုံးဝ လှည့်မကြည့်၊ နှုတ်မဆက်။

မဒီ စိတ်တိုလာကာ သူလျှောက်သွားသည့်ဘက်ကို ကျောခိုင်းရပ်နေမိပြီး ခဏအကြာမှာတော့ စင်မြင့်ဆီမှ သူ့အသံကို ကြားလိုက်ရလေသည်။

"အခု ကျွန်တော်တို့ရဲ့ အနုပညာရောင်းရင်းကြီး ကိုကြီး (......) အတွက် မွေးနေ့လက်ဆောင်အဖြစ် သီချင်းလေး တစ်ပုဒ် ဆိုပေးချင်ပါတယ်၊ သီချင်းမဆိုခင် ကျွန်တော့် ရင်ထဲက အချစ်အကြောင်းလေးကိုပါ ဖွင့်ဟချင်ပါသေး တယ်"

သူ့အသံက မဒီ့နားထဲမှာ ဒိန်းခနဲ မြည်ဟည်းသွား သလိုပင်။ ဧည့်သည်ယောက်ျားဝင်းသမားတွေက သူ့ဆီပြေးသွားနေကြ တချို့ဧည့်သည်ယောက်ျားဝင်းသမားတွေကတော့ မဒီ့ဆီ ပြေးလာနေသည်။

"ဒီဧည့်ပရိသတ်တွေထဲမှာ ကျွန်တော်ချစ်ရတဲ့ မိန်းကလေး တစ်ယောက်လည်း ရှိနေပါတယ်၊ အဲ့ဒီ မိန်းကလေး လွန်ခဲ့တဲ့ သုံးလလောက်ကမှ ကျွန်တော် သတိထား





တယ်၊ အဲ့ဒီနေ့မှာပဲ ကျွန်တော့်ရင်ထဲမှာ တစ်ခါမှ မခံစားဖူးတဲ့ ခံစားမှုမျိုး ဖြစ်လာခဲ့ပါတယ်၊ နောက်တော့ သူ့ကို တစိမ့်စိမ့်မြင်ယောင်တိုင်း ကျွန်တော် ချစ်လာပါတယ် ...၊

"ကျွန်တော့် အချစ်က Romantic (စိတ်ကူးယဉ်) ဆန်ကောင်း ဆန်ပါလိမ့်မယ်၊ ဒါပေမယ့် လွယ်လွယ်နဲ့ မပျက်ပြယ်ဘူး ဆိုတာတော့ အားလုံးကိုသက်သေထားပြီး ပြောရဲပါတယ် ...၊

"အခု သူနဲ့တွဲပြီး ကျွန်တော် သီချင်းလေးတစ်ပုဒ် ဆိုချင်ပါတယ်... ဟာန်မဒီမေ ... ကျေးဇူးပြုပြီး စင်ပေါ်ကို ကြွခဲ့ပါခင်ဗျာ... "

လက်ခုပ်သံတွေ ဆူညံမြည်ဟည်းသွားသည်။ မဒီ မှာတော့ ထူပူထန်ဟုန်ကာ နေရာမှာပင် ကြက်သေသေနေသည်။ င်မရာမီးတွေက အကယ်ဒမီပွဲမှာ ဝိုင်းအုံနေသလိုမျိုး မဒီ့ရှေ့မှာ ချပ်ဖျပ်လက်နေသည်။

သူရိယရဲ့မိတ်ဆွေများက မဒီ့ကိုဆွဲခေါ်ကာ စင်ပေါ် သို့ တွန်းတင်ပေးလိုက်ကြသည်။

မဒီသည် သူနှင့်အတူ စုံတွဲသီချင်းတစ်ပုဒ် ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ ဘယ်အဖြစ်မျိုးရောက်နေသလဲဆိုတာ မဝေခွဲနိုင်အောင် ရှိသည်။

သူက သီချင်းဆိုရင်း မဒီမျက်နှာကို ရှုန်းရှုန်းစားစား စိုက်ကြည့်တော့... မဒီက ရှက်ဝဲဝဲနှင့် မျက်နှာကို ငုံ့ထားရသည်။ ထိုအခါများမှာ ပရိသတ်ဆီက လက်ခုပ်သံတွေ ကြားရတတ်သည်။

သီချင်းဆုံးသွားချိန်မှာ သူက...

"ကိုယ် မင်းကို သိပ်ချစ်တယ် ဟန်မဒီမေ၊ ကိုယ့်အချစ်ကို လက်ခံပေးပါ"

ဟု ပြောလိုက်ပြန်ရာ ပရိသတ်သည် ဝက်ဝက်ကွဲ၍ သွားလေသည်။

သေချာတာကတော့ ဒီသတင်းပါမည့် ဂျာနယ်တွေ ရောင်းကောင်းကြတော့မှာပင်။

ခုလို လူသိရှင်ကြား တခမ်းတနား ချစ်စကား အဆိုခံရသည့်အဖြစ်ဟာ မိန်းကလေးတစ်ယောက်အဖို့ ယစ်မူးစရာများလား။

ဒါမှမဟုတ် ရှက်စရာလား...

ဒီလို လုပ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်





ဟာ လေးနက်သလား၊ ပေါ့ပျက်သလား။ သူ့ကာရိုက်တာက ဘယ်လိုရှိသလဲ။

ဘာဆိုဘာမှ ဆုံးဖြတ်သုံးသပ်မှု မပြုနိုင်မီမှာပင် ဟန်မဒီမေဟာ သူရိယရဲ့ချစ်သူအဖြစ် သတင်းကြီး၍သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒီ... ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

"မသိတော့ပါဘူးရှင်"

တိတ်ဆိတ်သော ကော်ဖီဆိုင်ကလေးထဲမှာ သူက မေးလာတော့ မဒီက စိတ်ရှုပ်ရှုပ်နှင့် ခေါင်းယမ်းပြသည်။

"ဘာကို မသိတာလဲ"

"ဘာကိုမှ မသိတာ၊ စိတ်ဆိုးရမှာလား၊ ပျော်ရမှာလား၊ ကျေနပ်ရမှာလား၊ မကျေနပ်ရဘူးလား၊ ဘာကိုမှ မဝေခွဲနိုင်တော့ဘူး"

"မဒီ့ကို ကိုယ်သိပ်ချစ်တယ်"

"စောစောကတည်းက အဲဒီလို ပြောသင့်တာပေါ့ သူရိယ





ရယ်၊ စင်ပေါ်ကနေ ကြော်ငြာနေစရာလိုလို့လား၊ အဲ့ဒီညက မဒီဖြင့် လန့်လွန်းလို့ နှလုံးသွေးရပ်ပြီး သေသွားမလား အောက်မေ့ရတယ်"

"ကိုယ်က ကိုယ့်အချစ်ကို လူသိရှင်ကြား ကြော်ငြာချင်တယ်လေ၊ မင်းသားရဲ့ချစ်သူမို့ မယူဖြစ်ခင်မှာ ပုန်းလျှိုးကွယ်လျှိုးနေရတယ်ဆိုတဲ့ အဖြစ်မျိုး မဒီ့ကို မဖြစ်စေချင်ဘူး၊ ကိုယ် ဒီလိုလုပ်တာ မဒီ့ကို တန်ဖိုးထားလွန်းလို့ပါ"

"သူရိယရဲ့ ချစ်သူလို့တော့ မပြောပါနဲ့၊ မဒီကမှ သူရိယကို ချစ်တယ်လို့ မပြောရသေးတာ"

"မဒီ ကိုယ့်ကို ချစ်မှာပါ"

"သေချာလှချည်လား"

"မဒီ့မျက်လုံးတွေထဲမှာ ချစ်ရိပ်တွေကို ကိုယ်မြင်ရသားပဲ"

မဒီက မျက်လွှာချလိုက်မိရင်း...

"ရှင်လိုလူကို မဒီ မချစ်ရဲပါဘူး သူရိယရယ်၊ ရှင်က ကျော်ကြားလွန်းတယ်"

"ဒီလိုဆို မဒီ ကိုယ့်ကိုကြည့်တဲ့အခါ မင်းသား သူရိယဆိုတဲ့ အမြင်မျိုးနဲ့ မကြည့်နဲ့ပေါ့၊ ငါ့ကို သိပ်ချစ်ရှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သာမန်ယောကျ်ားတစ်ယောက်ပါလားလို့ပဲ မြင်အောင်ကြည့်ပေါ့"

သူ့အပြော၊ သူ့အကြည့်တွေထဲက မဒီ ရုန်းထွက်လို့ မရခဲ့ပါ။ ရုန်းလည်းမထွက်ချင်တော့။

သူ မဒီကို ငေးကြည့်တိုင်း ရင်ထဲမှာ နွေးသွားတဲ့ အရသာဟာ ဘယ်အရသာနဲ့မှမတူ။

သူ့ဂရုစိုက်မှုတွေကလည်း မဒီကို ညှို့သည်။ မဒီသည် သူ့ရဲ့ လူသိရှင်ကြား ချစ်ပြမှုတွေထဲပါးမှာ ယစ်မူးကျဆုံးလာသည်။

သူ့ချစ်သူအဖြစ် သူနဲ့အတူ ယှဉ်တွဲကျော်ကြားလာသည်။

သူနဲ့အတူ အဖော်ပြုကာ ပွဲတက်ရတဲ့အခါ သူက မဒီ့လက်ကလေးကို မလွှတ်တမ်း တွေးဆုပ်သွားတတ်သည်။

အင်တာဗျူးတွေဖြေလျှင်လည်း သူက ဖွဲ့ဖွဲ့နွဲ့နွဲ့ ဖြေတတ်ပြန်သည်။

"သူက ကျွန်တော့်အတွက်တော့ ပထမဆုံးနဲ့ နောက်ဆုံး ချစ်သူပဲလေ၊ သူက ကျွန်တော့်ဘဝရဲ့ တန်ဖိုးတစ်ခုပေါ့





ဒီကမ္ဘာမှာ ကျွန်တော့်ဘဝကို အပ်နှင်းဖို့ ထိုက်တန်တဲ့သူ ဆိုလို့ သူတစ်ယောက်ပဲရှိတာပါ"

သူ့ အပြောတွေက ချစ်တတ်သူတွေ အားလုံးကို အားကျသွားစေသည်။ မိန်းကလေးတွေက မဒီ့ကိုအားကျကြသည်။

"မမဟန်မဒီကို အရမ်းအားကျတာပဲ၊ သမီးတို့တော့ အဲဒီလိုမျိုး အချစ်ခံရပါ့မလား မသိဘူး၊ ကိုသူရိယလိုမျိုး နောက်တစ်ယောက်များ မရှိဘူးလားဟင်"

ဟု ရယ်ရယ်မောမော ပြောတတ်ကြ၏။ သူ့ အချစ်ကြီးသမျှဟာ မဒီ့အတွက် ဂုဏ်တက်စရာချည်းသာဖြစ်လို့နေပါသည်။

Valentine's day နားနီးလျှင် မဒီတို့စုံတွဲမှာ အဗျူးခံရပြီ။ မော်ဒယ်အဖြစ် ဓာတ်ပုံရိုက်ခံရပြီ။

ဟန်မဒီမေသည် အဆိုဘက်မှာသာ မအောင်မြင်ပေမယ့် အချစ်ရေးမှာတော့ အောင်မြင်သူ၊ ကံကောင်းသူအဖြစ် အများအားကျခံဘဝကို ရောက်ရှိလာသည်။

အမြဲ ကဖျက်ယဖျက် ပြောတတ်သော စူဇီကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကံကောင်းတယ်လို့ပြောလို့မရသေးပါဘူး၊ တကယ့် ကံကောင်းမှုဆိုတာ တကယ်လက်ထပ်ဖြစ်ပြီး အိမ်ထောင်ရေးလည်း သာယာမှ။ လူသိရှင်ကြားတွေဖြစ်ပြီး မယူဖြစ်ကြတဲ့သူတွေမှ အများကြီး၊ ရှင့်စိတ်ကို သိပ်ခုန်းခုန်းချ မနေနဲ့၊ သတိနဲ့နေ"

ဟု ဆိုသည်။

မဒီမှာတော့ စုစီ့စကားကို နားမဝင်နိုင်။ သူနဲ့အတူသွားဖို့ ချုပ်လိုက်ရတဲ့အဝတ်၊ ဝယ်လိုက်ရတဲ့ ဖိနပ်တွေ၊ အိတ်တွေ၊ လက်ဝတ်လက်စားတွေ။

သူနဲ့အတူ ယှဉ်တွဲကာ လူတကာချစ်ခင်ခံရသည့်ဘဝကို မဒီ သာယာနေခဲ့ပြီ။ မဒီ့ရဲ့ မှုရင်းရည်ရွယ်ချက်တွေလည်း ထိုသာယာမှုအောက်မှာ ခဏတော့ ပျောက်ဆုံးနေခဲ့ရပါသည်။





မဒီသည် သူ့အကြောင်းတွေးတိုင်း တစိမ့်စိမ့် ချစ်ခင်စုံမက်ရလွန်းတာမို့ မျက်နှာကလေးက ကြည်လင်ပြုံးမြလာသည်။

မျက်နှာအလှပြင်ခြင်း အပြီးသတ်အဖြစ် နှုတ်ခမ်းနီပန်းရောင်ကလေး ဆိုးလိုက်သောအခါ မဒီ့မျက်နှာလေးက အပြစ်ဆိုစရာမရှိအောင် လှပသွားပါသည်။

မဒီသည် ထိုအပြုံးကလေး ဆင်မြန်းလျက်ပင် ရွေးချယ်ထားသော အဝတ်အစားတွေကို လဲလှယ်ဝတ်ဆင်လိုက်လေသည်။

အဖြူပေါ်မှာ အနက်ရောင်ပုလဲသီးလေးတွေ နှိပ်ထားသော ဒီဝတ်စုံကလေးကို သူရိယနဲ့ အခမ်းအနားတစ်ခု တက်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အခါ အဆင်သင့်ဝတ်သွားဖို့ ကြိုချုပ်ထားခဲ့တာဖြစ်သည်။ အဲဒီလို ကြိုချုပ်ထားရတဲ့ အဝတ်အစားများစွာဟာ မဒီရဲ့ဗီရိုထဲမှာ ပြည့်နေသည်။ သူနဲ့အတူ လူထဲသူထဲ သွားစရာကိစ္စ ချက်ချင်း ပေါ်လာလျှင် အဆင်သင့်ဝတ်စရာ လှလှပပလေးရှိမှ ဖြစ်မှာမို့ပင်။ သုံးလေးရက်လောက် ကြိုသိရတာမျိုးဆိုလျှင်တော့ ကိုယ်နဲ့ခင်တဲ့ ဒီဇိုင်နာဆီမှာ အပူကပ်ပြီး ချုပ်ခိုင်းလို့ ရနိုင်သေးသည်။ ခုလို နီးမှ သိရတာမျိုးကျတော့ အပူကပ်လို့လည်း မရနိုင်။ ရယ်ဒီမိတ် ဝယ်လို့လည်း စိတ်တိုင်းကျမရနိုင်။

တစ်ခါတုန်းကအကြောင်းကို မဒီ မှတ်မိသေးသည်။ အဲဒီတုန်းက သူနဲ့အတူ ပွဲတစ်ပွဲသွားစရာရှိတာကို နီးမှသိရတာမို့ မဒီက ခပ်လောလောဖြင့်ပင် အဝတ်အစား သိပ်မရွေးချယ်မိဘဲ ဝတ်သွားမိသည်။ အဲ့ဒီနေ့က သူ့မျက်နှာက ပုပ်သိုးနေကာ...

"မဒီကလည်းကွာ၊ ဘယ်လိုကြီး ဝတ်လာတာလဲ၊ ကိုယ်က ကုတ်နဲ့ နက်ခ်တိုင်နဲ့၊ Classis စတိုင်လ် ဝတ်မယ်လို့ ပြောထားသားနဲ့၊ မဒီက ဘာဖြစ်လို့ ဂျင်းပဲန်နဲ့ တီရှပ်နဲ့ ဝတ်လာရတာလဲ၊ ဒီလိုပုံနဲ့ဆို ကိုယ်နဲ့မလိုက်ဖက်တာ မစဉ်းစားမိဘူးလား"





"ကမန်းကတန်းဆိုတော့ မဒီလည်း စိတ်လောပြီး မေ့တာပေါ့ ကိုရဲ့၊ ဒီပုံစံနဲ့ရော မဒီက မလှလို့လား"

"လှတော့ လှပါတယ်၊ ဒါပေမယ့် ကိုယ်နဲ့ ဟာမိုနီမဖြစ်ဘူးပေါ့၊ ကိုယ်က မဒီနဲ့ ကိုယ်တို့နှစ်ယောက်ကို ဘယ်အချိန်ကြည့်ကြည့် အများအားကျစရာ လိုက်ဖက်ညီနေတဲ့ ပုံစံမျိုးလေး ဖြစ်စေချင်လို့ပါကွာ၊ နောက်ဆို ကိုယ်က Classis စတိုင်လ်ဝတ်ရင် မဒီလည်း Royal ဆန်ဆန်လေး ဝတ်ရမယ်နော်"

"ဟုတ်ကဲ့ပါ ကိုရယ်"

မဒီကတော့ သူ ဘာပြောပြော 'လှစေချင်လို့ပဲလေ' ဟု သဘောထားကာ ခွင့်လွှတ်မိမြဲပင်။

သူနဲ့ချစ်ရတာ တစ်ခါ တစ်ခါ ပင်ပန်းတယ်လို့ ဆင်ရပေမယ့် ပျော်ရွှင်မိမြဲပင်။

"ဒေါ်ကြီးစိုးရေ... လာပါဦး၊ ဇစ်လေး လာဆွဲပေးပါဦး"

"လာပြီ... လာပြီ"

မဒီက ဂါဝန်ကျောဘက် ဇစ်ဆွဲပေးဖို့ လှမ်းခေါ်လိုက်တာမို့ ဒေါ်စိုးက ပျာပျာသလဲရောက်လာသည်။ ဒေါ်စိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အရင်-အနှာထဲက မဟုတ်ဘဲ ဆွေမျိုးခပ်ဝေးဝေးဆိုပေမယ့် မဒီ အပေါ်တော့ နွေးထွေးလှသူပင်။

"ဟယ် ... မဒီရယ်၊ လှပြန်ပြီဟယ်၊ ခဏခဏ လှနေတော့ တာပဲဟယ်"

ဒေါ်စိုးက ပြောလည်းပြော၊ ဇစ်ကိုလည်း သပ်သပ် ရပ်ရပ် ဆွဲဆိုးပေးလိုက်သည်။ ပြီးတော့ ပဝါယူပေး၊ ချိတ်နဲ့တွဲပေး၊ ပေါင်ဒါဖို့ပေး စသဖြင့် လက်တိုလက်တောင်းကူညီရင်း ပါးစပ် ကလည်း အငြိမ်မနေ ...

"ဒေါ်စိုးတော့လေ ... မဒီကြောင့် အရမ်းမျက်နှာပွင့်တာပဲ သိလား၊ ဒေါ်စိုး ဈေးသွားပြီဆို လူတွေက ဒေါ်စိုးကို သိပ်ခေါ်ချင် ပြောချင်ကြတာ၊ အဲ့ဒါ မဒီမျက်နှာကြောင့် ပေါ့၊ သူတို့က ဟန်မဒီမှမနဲ့ သူရိယနဲ့ ကြိုက်နေကြတယ် ဆို၊ ဘယ်တော့ယူမှာလဲ၊ ဘယ်အခြေအနေ ရောက်ပြီလဲ၊ ဒါပဲ လာလာမေးနေကြတာ၊ ဘာရမလဲ ... ဒေါ်စိုးက လည်း ကြွားပစ်လိုက်တာပေါ့၊ ဟုတ်တယ်လို့၊ မဒီလေးကို သူရိယက အရမ်းချစ်တာလို့၊ မကြာခင် ယူကြတော့မှာ လို့ ...၊





"ဒီလောက် ချစ်နေကြတာပဲဥစ္စာ၊ ဘာလို့ အချိန်ဆွဲ နေမလဲ၊ မြန်မြန်သာယူလိုက်ကြပါတော့ မဒီရယ်၊ မဟုတ် ဘူးလား၊ ဒေါ်စိုးတို့တုန်းကဆို စာပေးစာယူနဲ့ ကြိုက်ပြီး ပထမဆုံးချိန်းတွေ့တဲ့ ညမှာ မခွဲချင်တော့တာနဲ့ ခိုးပြေး ကြတာ ...၊

"မဒီတို့ ယူပြီးရင် မင်းသားလေးကို ဒီအိမ်မှာပဲ လာနေခိုင်းပေါ့၊ အိမ်က အကျယ်ကြီးပဲဥစ္စာ၊ အဲဒါဆို ဒေါ်စိုးလည်း အရမ်းကို မျက်နှာပွင့်မှာ၊ မင်းသားလေး ဝေယျာဝစ္စ အတွက်လည်း မပူနဲ့၊ ဒေါ်စိုး လိုလေသေးမရှိ အောင် လုပ်ပေးမယ်၊ ဟုတ်ပြီလား"

မဒီတို့ ချစ်သူဖြစ်ကြပဲ့အဖြစ်ဟာ ရပ်သိရွာသိ ဒေါ်စိုး သိမို့ ဒေါ်စိုးက ကြုံတိုင်း တဖွဖွပြောတတ်တာပင်။ သူက သူရိယရဲ့ ပရိသတ်မို့ သူရိယနဲ့မဒီ လက်ထပ်တဲ့နေ့မှာ ကာယကံ ရှင်တွေပြီးလျှင် အပျော်ဆုံးက သူပဲဖြစ်ပါလိမ့်မည်။

"နှစ်ယောက်သား ဒီလောက် ကျော်ကြားနေပြီးမှ မယူဘဲ တော့ မနေလိုက်ကြနဲ့နော်၊ အဲဒါဆို ဒေါ်စိုးလည်း ဝိုင်း မေးကြ မြန်းကြတဲ့ သူတွေကြားမှာ ရှုးသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးက စိတ်ပူပုံကလေးဖြင့် ပြောလိုက်သေးသည်။ မဒီကသာ စိတ်မပူပေမယ့် စုစီ၊ ဒေါ်စိုး စသဖြင့် မဒီနဲ့ နီးစပ်သူတိုင်းလိုလိုက စိတ်ပူပေးနေကြတာမို့ မဒီတောင်မှ စိတ်ပူချင်သလိုလို ဖြစ်လာရပါသည်။

စုစီက စိတ်ပူစကား ဆိုလာတိုင်း ...

"တကယ် ယူမှာမို့လို့သာ သူ့ဘက်က ဒီလောက် လူသိရှင်ကြား အဖြစ်ခံတာပေါ့"

ဟု မဒီက ပြန်ပြောမိတတ်သည်။ စုစီကတော့ မဒီ့ထက် ပိုပြီး လည်မှတ်သူမို့ ...

"နိုင်ငံခြားမှာတောင် ကျောင်းသွားတက်ပြီး ပြန်လာတဲ့ ခေတ်ရဲ့သမီးပျိုလေးဖြစ်ပြီး ဒီလောက်လည်း ရိုးတုံးယုံကြည်မနေနဲ့လေ၊ ခုခေတ် ယောကျ်ားတွေက ခပ်ပြောင်ပြောင်ပဲ၊ ဘယ်လောက် သတင်းတွေထွက်ထွက် မယူချင်ရင် မယူဘဲနေလိုက်တာပဲ၊ ပတ်ဝန်းကျင်တို့၊ သူ့ဘက်ကိုယ့်ဘက်တို့ သိပ်ကြည့်ကြတော့တာ မဟုတ်ဘူး"

ဟု တဖွဖွပြောတတ်ပါသည်။

မဒီသည် ထားစကားတွေကို စဉ်းစားမိပေမယ့်





သူ့ရိုယအပေါ် သံသယမဖြင်နိုင်သူမို့ ထိုအကြောင်းတွေကို ခေါင်းထဲက ဖယ်ထုတ်လိုက်သည်။ အားလုံး ပြင်ဆင်ပြီးတော့မှ ဒီလို ကျောမော့လှပနေပုံမျိုးနှင့် ကိုယ်တိုင် ကားမမောင်းချင်တော့တာမို့ စုဇီ့ကို ဖုန်းဆက်ခေါ်ရလေသည်။

"စုဇီရေ... ကူညီပါဦးဟယ် နော်၊ နင် ကားမောင်းပို့ပေးမှ အဆင်ပြေမှာမို့လို့ပါဟယ်၊ ပြီးတော့ ငါ့ဖို့လ... အခု အရမ်း စိတ်လှုပ်ရှားနေတာ၊ ဒီစိတ်အခြေအနေနဲ့ ကားမောင်းသွားရင် တစ်ခုခုမဖြစ်နိုင်ဘူး မပြောနိုင်ဘူး"

"ငါလိုက်မပို့လို့ နင်တစ်ခုခုဖြစ်ရင် ငါ တရားခံလို့ ပြောချင်တာ မဟုတ်လား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ငါ တစ်ခုခုဖြစ်ရင် နင် တစ်သက်လုံး နောင်တရမှာစိုးတာ တစ်ခုပါပဲ"

"ပြစ်ရှာမ ... မိစ္ဆာမ"

စုဇီက ပွစိဗျစ်တောက် ပြောရင်းကပဲ မဒီ တောင်းဆိုမှုကို လိုက်လျောရလေသည်။

စုဇီက မဒီကို ကားမောင်းပို့ရင်း တစ်လမ်းလုံး နားငြီးလောက်အောင် မေးခွန်းတွေထုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒီ ... နင့် မင်းသားက နင့်ကို ဘယ်တော့ လက်ထပ်ခွင့်တောင်းမှာလဲ"

"မသိဘူးလေ"

"မသိရင် သိအောင်လုပ်ပေါ့၊ ဒီအခြေအနေမျိုးနဲ့ လက်ထပ်ခွင့်တောင်းဖို့ အချိန်ကျနေပြီဆိုတာ သူ နားမလည်ဘူးလား"

"သူ အရမ်းအလုပ်များနေလို့ပါဟယ်"

"နင်ကတော့ အကောင်းချည်း မြင်နေတော့တာပဲ၊ ဘာမှ သံသယရှိရကောင်းမှန်း မသိဘူး"

"ဒါကတော့ ချစ်တာကိုဟယ်၊ ချစ်သူတွေကြားမှာ သံသယမှ မရှိသင့်တာ"

"နင်က ချစ်တာနဲ့ ယစ်မူးသာယာတာနဲ့ မကွဲဘူးဖြစ်နေတာ၊ တကယ်တမ်းက သူရိယကိုချစ်တာထက် သူ့ရဲ့ လူသိရှင်ကြား ချစ်ပြမှုတွေအပေါ်မှာ နင် သာယာနေတာ သူရိယကလည်း နင့်ကို ချစ်တယ် ဆိုတာထက် ချစ်ပြနေတာတွေက များနေပြီ"

"ဘာတွေလဲဟာ ... ရှုပ်နေတာပဲ၊ တော်ပါတော့ ... ဒူ Surprise လုပ်မယ်ဆိုလို့ ရင်တုန်နေရတဲ့ကြားထဲမှာ"





မဒီကဖြင့် စူဇီ့စကားတွေကို အာရုံမရပါ။ စတိတ်ရှိုးကျင်းပမည့် ဟိုတယ်ကိုရောက်ဖို့သာ စိတ်စောနေပါသည်။

ဟိုတယ်ရှေ့ရောက်တော့ ကားပေါ်မှ ကမန်းကတန်းအဆင်း၊ စူဇီက လှမ်းပြီး ခနဲ့လိုက်သေးသည်။

"ဖြည်းဖြည်း ... ဖြည်းဖြည်း၊ ခလုတ်တိုက် လဲနေဦးမယ် ..."

မဒီက ပတ်ပတ်လည်မှာ ရှည်လျားဖြာကျနေသည့် ဂါဝန်ဖြူဖြူစလေးကို ဘေးတစ်ဖက်စီမှ မ,ကာ ဟိုတယ်ခန်းမထဲသို့ ခပ်သွက်သွက်လေး လျှောက်ဝင်လာခဲ့ပါသည်။

"ဒီဘက်ကို ကြွပါခင်ဗျာ"

ခန်းမအဝင်ဝမှာ အသင့်စောင့်နေသော ဝန်ထမ်းက သူ့ကို ထိုင်ရမည့်နေရာဆီ ခေါ်သွားသည်။

မဒီ ထိုင်ရတဲ့နေရာဟာ ခုံတန်းများစွာရဲ့နောက်ဆုံး အကြိုလမ်းမနှင့်ကပ်ရပ် အစွန်ဆုံးနေရာမှာမို့ မဒီ နည်းနည်းအံ့အားသင့်သွားမိပါသည်။

စတိတ်ရှိုးတွေကို သူရိယနဲ့အတူကြည့်တိုင်း မဒီက ထိပ်ဆုံးက အနုပညာရှင်များထိုင်သည့် နေရာမှာ ထိုင်ရမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ သူဆိုတဲ့ပွဲကို မဒီတစ်ယောက်တည်း လာကြည့်ရင်လည်း ရှေ့ဆုံးမှပင်။

"ဒီ...ဒီမှာ ထိုင်ရမှာလားရှင့်"

မဒီက ဇဝေဇဝါအတွေးဖြင့် လိုက်ပို့သူကို မေးမိသည်။

"ဟုတ်ပါတယ်ခင်ဗျ၊ ကိုသူရိယ သေသေချာချာ ပြောထားတဲ့ နေရာပါ"

မဒီက ဘဝင်မကျလှဘဲ ထိုနေရာမှာ ဝင်ထိုင်လိုက်ရသည်။ တကယ့်ချောင်ဂလောင်နေရာမျိုး။ နောက်ဆုံးတန်းထောင့်ခုံဆိုတာ ရုပ်ရှင်ရုံတွေမှာ အတွဲတွေကြိုက်သည့်နေရာမျိုး။ ဒီလိုနေရာမျိုးမှာမှ မဒီတစ်ယောက်တည်းကို ဘာလို့ ထိုင်ခိုင်းရတာပါလိမ့်။

ထိုခဏမှာ စတိတ်ရှိုးပွဲ စတင်လိုက်ပါသည်။ သူ့ကိုတော့ အရိပ်အယောင် မတွေ့ရသေးပါ။

Surprise လုပ်မယ်ဆိုတာ ဘာပါလိမ့်။ ခုလို နောက်ဆုံးတန်း ထောင့်ခုံမှာ ထိုင်ခိုင်းတာမျိုးလား။ ဒါလည်း အံ့တော့ အံ့ဩစရာပဲ မဟုတ်လား။ မဒီက အူကြောင်ကြောင် တွေးရင်း စတိတ်စင်ဆီ လှမ်းကြည့်နေလိုက်သည်။





အဆိုတော်သုံးယောက် ဆိုပြီးသွားချိန်မှာတော့ သူက စတိတ်စင်ပေါ် တက်လာခဲ့သည်။

"အဆိုတော်တွေလောက်တော့ သီချင်းကောင်းကောင်း မဆိုတတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားပြီး ကောင်းအောင်ဆိုပါမယ်၊ သည်းခံအားပေးကြပါဦး"

လက်ခုပ်သံတွေ ဆူညံသွားသည်။ သူ့အသံက မဒီ ရင်ထဲကို လာရောက်ရိုက်ခတ်နေသည်။

မဒီသည် ခြေချိတ်ထိုင်ထားသော ဒူးပေါ် လက်ထောက် မေးတင်ကာ သူ့ကိုငေးကြည့်ရင်း ပြုံး၍နားထောင်နေမိသည်။

ကြည့်လို့ကောင်းလိုက်တာ။ မဒီ့မင်းသားဟာ ဘယ်အချိန်ကြည့်ကြည့် အမြဲဆွဲဆောင်မှုရှိရှိ ကြည့်ကောင်းနေတတ်သူမျိုး။ မိန်းကလေးတွေသာမက ယောကျ်ားချင်းပါ နှစ်လိုအားကျရသူမျိုး။ သူ့အသံဟာလည်း တကယ့် အဆိုတော်တွေလောက်မဟုတ်ပေမယ့် နားထောင်လို့တော့ ကောင်းသားပင်။

သူ့ရုပ်ရည်၊ သူ့အောင်မြင်မှု၊ သူ့အကျင့်စာရိတ္တအားလုံးဟာ အကောင်းအမွန်ချည်းသာမို့ မိန်းကလေးတွေ ဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့ကြားကပဲ မဒီကိုမှ မြတ်မြတ်နိုးနိုးချစ်ခဲ့ခြင်းအပေါ် မဒီက ကျေနပ်ဂုဏ်ယူလှပါသည်။ မဒီလောက် ကံကောင်းတဲ့သူ ဘယ်မှာ ရှိဦးမလဲ။

မဒီက သူ့ကိုငေးရင်း ကိုယ့်ဘဝကိုယ်လည်း ကျေနပ်ဆဲမှာ သူ့သီချင်းသံဆုံးသွားပြီး ရုတ်တရက် ခန်းမတစ်ခုလုံး မှောင်အတိကျသွားလေသည်။ စတိတ်စင်ပေါ်မှာလည်း လုံးဝ မှောင်အတိကျပြီး သူရှိယ ရပ်နေသည့် နေရာလေးတစ်ကွက်ကို သာ ဆလိုက်ဖြင့်ထိုးထားပါသည်။

"ကြွရောက်လာတဲ့ ပရိသတ်တွေအားလုံးကို ဒီနေရာက နေပြီး ကျွန်တော့်ဘဝရဲ့ အရေးကြီးဆုံး အပြောင်းအလဲ ကိစ္စလေးတစ်ခုကို ပြောပြချင်ပါတယ်"

ပရိသတ်ထဲမှ အပ်ကျသံတောင် မကြားရလောက် အောင် တိတ်ဆိတ်သွားပါသည်။

အို ... Surprise ။ ဒါ ... မဒီကို Surprise လုပ်မလို့ မဟုတ်လား။ မဒီသည် သူ့ရည်ရွယ်ချက်ကို ရိပ်မိသွားကာ ရင် တထိတ်ထိတ် ခုန်လာသည်။

"အခုရှိနေကြတဲ့ ပရိသတ်တွေထဲမှာ ကျွန်တော့်ချစ်သူ ဟန်မဒီမေလည်း ရှိနေခဲ့ပါတယ်"





သူ့စကားဆုံးတာနှင့် မီးဆလိုက်များက ပရိသတ် များထဲသို့ ဖော့ယမ်းလာပါသည်။

"အားလုံးထဲမှာ ရောပြီးပျောက်နေတဲ့ ကျွန်တော့်ချစ်သူကို ကျွန်တော် တွေ့အောင်ရှာပြီး လက်ဆောင်လေးတစ်ခု ပေး ချင်ပါတယ်၊ ကဲ ... မီးဆလိုက်ဆရာရေ၊ ကျွန်တော့်ချစ်သူ ကို ကူရှာပေးပါဦး"

လှုပ်ရှားနေသော မီးဆလိုက်များသည် မဒီထံမှာ ရပ်တန့်သွားကြသည်။

သူက စင်မြင့်ပေါ်မှဆင်းလာကာ မဒီထံ တန်းတန်း မတ်မတ် လျှောက်လာနေသည်။ မဒီက ဟိုးနောက်ဆုံးမှာမို့ ပရိ သတ်များစွာအလယ်မှ သူဖြတ်လာရချိန်မှာ ပရိသတ်ရဲ့ လက်ခုပ် သံတွေ၊ အားပေးနှုတ်ဆက်သံတွေ ဝက်ဝက်ကွဲနေသည်။မီးဆလိုက် တစ်ခုကလည်း သူ့နောက်သို့ လိုက်ထိုးထားသည်။

မဒီသည် ခုပဲ မိုးကောင်းကင်ပေါ် လွင့်မြောက်သွား ရတော့မတတ် ပေါ့လှပ်တုန်ယင်လာသည်။ သူက မဒီထံ လက် ကမ်းလိုက်တာမို့ မဒီက သူ့လက်ကို လှမ်းဆွဲပြီး ထရပ်လိုက် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မဒီ့လက်ကို တွဲဆုပ်ကာ စင်မြင့်ဆီခေါ်သွားသည်။ လက်ခုပ်သံများ ပိုဆူညံလာသည်။

မဒီရော သူပါ စင်မြင့်ပေါ်မှာ ရပ်မိတော့မှ မီးများ ပုံမှန်အတိုင်း ပြန်လင်းလာသည်။

"ကျွန်တော့် ချစ်သူကို ကျွန်တော် ဘာပေးမလဲဆိုတာ အားလုံး သိချင်နေကြမယ်ထင်ပါတယ်၊ ကဲ ... အခု သူ့ကိုပေးဖို့ လက်ဆောင်ရွေးကို ပဥ္စလက်အတတ်နဲ့ ယူလိုက်ပါဦးမယ်"

သူက ရုတ်တရက် မီးပေါ်သို့ လက်တစ်ဖက်မြှောက်ပြီး တစ်စုံတစ်ခုကို လှမ်းယူလိုက်သလို ပုံစံမျိုးလည်း လုပ်လိုက်သည်။ သူ့လက်ကိုဖြန့်လိုက်တော့ ဘူးလေးတစ်ဘူးတွေ့ရသည်။

သူက ဘူးလေးကို ဖွင့်ကာ စိန်ပွင့်လေးတစ်ပွင့် တဖျပ်ဖျပ်လက်နေ သော လက်စွပ်လေးတစ်ကွင်းကို ထုတ်ယူလိုက်လေသည်။

အဲ့ဒီနောက်တော့ သူက မဒီ့ရဲ့ အေးစက်တုန်ယင်သော လက်ကလေးကို ညင်သာစွာဆွဲယူပြီး လက်သူကြွယ်မှာ လက်စွပ်ကလေးကို စွပ်ပေးလိုက်သည်။ ပြီးတော့ နားမှာ မိုက်ကရို





ဖုန်းလေးတပ်လျက်ကပင် မဒီ့ကို ရွှန်းရွှန်းစားစား စိုက်ကြည့်လျက်...

"မဒီ့ကို ကိုယ် လက်ထပ်ပါရစေ"

ဟု အများကြားအောင် ပြောလိုက်လေသည်။ ပရိသတ်ရဲ့လက်ခုပ်သံက စဲကို မစဲနိုင်တော့ချိန်မှာ အစီအစဉ် နောက်တစ်မျိုး ရောက်ရှိလာပြန်သည်။

ဟိုတယ်ဝန်ထမ်းလေးတွေက အလွန်ကြီးမားသော အသည်းပုံ ကိတ်မုန့်ကြီးကို ထရော်လီဖြင့် တွန်းယူလာခဲ့ခြင်းဝင်။

သူက ထိုကိတ်မုန့်ကြီးကို ဓားဖြင့်ခွဲကာ ကိတ်မုန့်တစ်စိတ်ကို ပန်းကန်ပြားလေးထဲ ထည့်လိုက်သည်။ ပြီးတော့ ဇွန်းကလေးဖြင့် ခပ်ကာ မဒီ့ပါးစပ်နားသို့ ယူလာပြီး...

"မဒီလေး... ခုလောလောဆယ်မှာ သိပ်ရှက်နေရင် နောက်ကျမှ ကိုယ့်ကို နှစ်ကိုယ်ကြား အဖြေပေးလို့ရတယ်၊ ခုတော့ ပရိသတ်တွေ အဖြူအမည်းကွဲအောင် တစ်နည်းနည်းနဲ့ မဒီ့သဘောထားအမှန်ကို ပြမှဖြစ်တော့မယ်၊ သူတို့လည်း သိချင်နေကြပြီဆိုတော့ မဒီက ကိုယ့်ကို လက်ခံမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီကိတ်မုန့်လေးကို စားပြရုံပဲ၊ ဘာမှ မရှက်နဲ့၊ ဟုတ်ပြီလား"

မဒီ ရင်ထဲမှာလည်း လက်ခံချင်စိတ်တွေ ပြုဆင်းလိုက်မောလှပြီမို့ သူခွဲ့သော ကိတ်မုန့်ကို စားလိုက်တော့သည်။

အဲ့ဒီနောက်တော့ သူက တစ်မျိုးထွင်ပြန်သည်မှာ ကိတ်မုန့်ကြီးကို မဒီနှင့်အတူ ခွဲစိတ်ပြီး စတိတ်ပေါ်မှဆင်းလာကြလျက် ပရိသတ်တချို့ကို လိုက်ခွဲ့ကျွေးကြခြင်းဖြစ်သည်။

ထိုနေ့ စတိတ်ရှိုးသည် ထိုဖြစ်ရပ်ကြောင့်ပင် ပုံမှန်ထက်ပိုပြီး အုတ်အော်သောင်းနင်းဖြစ်ခဲ့ရသည်။ သတင်းထောက်များလည်း အကြိုက်တွေ့ခဲ့ရသည်။

မဒီသည် သီချင်းဆက်ဆိုရဦးမည့်သူ့ကို ထားခဲ့ကာ ထိုဟိုတယ်မှအထွက်၊ လာကြိုနေသော စုဇီ့ရဲ့ ကားတံခါးကို ဆွဲဖွင့်ပြီး ကားထဲလှမ်းအဝင်...

"စုဇီ... စုဇီ... ငါ့ကိုလေ ငါ့ကို သူရိယရယ်... လူသိရှင်ကြား လက်ထပ်ခွင့်တောင်း... တောင်း"

ဟု စကားမှ မဆုံးရသေးခင် နှလုံးကို လေဟာခံရသလိုမျိုး ဝမ်းသာလုံးဆို့ နင့်မောဟိုက်လျက် ရှော့ခ်ရကာ ပျော့ခွေသတိလစ်သွားခဲ့ရပါသည်။





မဒီ့ရဲ့ လက်ထပ်ခြင်းအစက အဲဒီလိုမျိုး... အလွန်မှဆန်းကြယ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုကေ… ခုတော့ ဘာမှ ပူစရာမရှိတော့ဘူး။

ရှုဗို့ရဲ့ မယုံသင်္ကာစကားတွေကိုလည်း မကြားရတော့ဘူး။

မဒီသည် သူရိယနှင့်အတူ မင်္ဂလာကိစ္စတွေစီစဉ်ရင်း ပေ့ါပါးပျော်ရွှင်လျက် ခဏခဏပြုံးမိနေသည်။ လောကကြီးမှာ မဒီလောက် ကံကောင်းတဲ့သူမျိုး ရှိမှရှိပါ့မလားဟု အကျေနပ်ကြီး ကျေနပ်နေသည်။

မဒီစိတ်ထဲမှာ ဘဝင်မကျတာလေးတစ်ခုတော့ ရှိနေသည်။ အဲ့ဒါက 'စင်မြင့်ပေါ်မှာ သိပ်ရှက်နေခဲ့ရင် နောက်မှ နှစ်ကိုယ်ကြား အဖြေပေးလို့ရတယ်'ဟု သူက ပြောခဲ့ပြီး ခုထိ ထိုအကြောင်း စကားစပ်မလာခြင်းပင်။



မဒီကတော့ သူနဲ့ နှစ်ယောက်တည်း အေးမြဆိတ်ငြိမ်သည့် နေရာလေးမှာ ထိုင်ရင်း…

"ကိုကို သိပ်ချစ်ပြီး မခွဲနိုင်လို့ ကိုနဲ့အတူတူ တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ဟု သူ့နားနားကပ်ကာ တိုးဖွဖွလေး ပြောပြချင်ပါသေးသည်။ ထိုသို့ ပြောခွင့်ရဖို့က ခုထိ အခွင့်မသာ။ သူက မင်္ဂလာအခမ်းအနားကိစ္စမှာသာ အာရုံအပြည့်အဝ ပျော်ဝင်နေသည်။

"ကိုယ်တို့ မင်္ဂလာပွဲက အရမ်းခမ်းနားပြီး ဆန်းသစ်တဲ့ မင်္ဂလာပွဲမျိုးဖြစ်စေရမယ်၊ အားလုံးက ရင်သပ်ရှုမော အံ့သြဆန်းကြယ်သွားစေချင်တယ်၊ မီဒီယာက အရမ်းစိတ်ဝင်စားတဲ့ မင်္ဂလာပွဲဖြစ်ရမယ်၊ နောက်ပိုင်း ကိုယ်တို့မင်္ဂလာပွဲအခွေ ပြန်ထုတ်ရင် မဒီ့ကို ကိုယ် စစချင်း စတိတ်ပေါ်မှာ တက်ပြီး ပန်းစည်းပေးတုန်းက ဗီဒီယိုမှတ်တမ်းတွေ၊ ချစ်ရေးဆိုတုန်းက၊ လက်ထပ်ခွင့်တောင်းတုန်းက ဗီဒီယိုမှတ်တမ်းတွေပါ ထည့်ရမယ်၊ အဲ့ဒါဆို ဘယ်မင်္ဂလာဆောင် မှတ်တမ်းခွေနဲ့မှ မတူဘဲ အရမ်းကိုထူးခြားနေတော့မှာ… သိလား… မဒီ"

နိုး နိုး ၈ ၈ပ

www.burmeseclassic.com



မဒီကလည်း သူ့စိတ်ကူးတွေကို မျက်ဝန်းကလေး တလက်လက်ဖြင့် စိုက်ကြည့်နားထောင်ရင်း ဝမ်းမြောက်ဝမ်းသာ ခေါင်းညိတ်ရုံသာ။ သူ့စိတ်ကူးတွေဟာ ဆန်းလွန်းတာမို့ မဒီတောင် လိုက်မမီ။

ပြီးတော့ သူက ဘာကိစ္စလေးပဲမဆို စာနယ်ဇင်းတွေကို ဖိတ်ကြားကာ အသိပေးဖို့ အားသန်သူပီပီ သူ့မင်္ဂလာပွဲအကြောင်း ရှင်းလင်းပွဲကလေးတော့ လုပ်လိုက်ရသေးသည်။

"ကျွန်တော်က သူ့ကိုသိပ်ချစ်ပြီး အရှမ်းလည်း တန်ဖိုးထားတယ်လေ၊ အဲ့ဒါကြောင့် ကျွန်တော်တို့ ဘဝချင်းပေါင်းစပ်ကြတဲ့ အထိမ်းအမှတ်အခမ်းအနားကို တစ်သက်မှာ တစ်ခါဆိုသလို အခမ်းနားဆုံး ကျင်းပချင်တယ်၊ မင်္ဂလာပွဲအပြီး ဟန်းနီးမွန်းခရီးကိုတော့ ကမ္ဘာကျော် အေသင်မြို့တော်ကိုထွက်ဖို့ စီစဉ်ထားပါတယ်"

အဲဒီလို အသိပေးလိုက်တဲ့အခါ မင်းသား သူရိယရဲ့ မင်္ဂလာပွဲအကြောင်းက မင်္ဂလာမဆောင်ရသေးခင်ပင် ပဲ့ိလေး တကျော်ကျော် လူစိတ်ဝင်စားစရာ ဖြစ်နေသည်။

သူက မင်္ဂလာပွဲဝတ်စုံကို ဒီဇိုင်နာနှင့်အတူ သူကိုယ်တိုင် ပူးပေါင်းရေးဆွဲသည်။





မဒီရဲ့ ညနေခင်းဝတ်စုံ ဂါဝန်ပေါ်မှာ နှင်းဆီပန်းခြောက်ရဲ့ပွင့်ဖပ်ကလေးတွေကို ယက်သီစေသည်။ နှင်းဆီသရဖူ လုပ်စေပြီး လျှောက်လမ်းမှာ နှင်းဆီပွင့်ဖပ်တွေအပြည့် ခင်းထားဖို့ စီစဉ်သည်။

ငွေရှိပြီး အောင်မြင်ကျော်ကြားသူမို့ အရှုးထပြီး လုပ်ချင်ရာလုပ်လည်း အားလုံးက ဝိုင်းပြီး ကောင်းချီးပေးကြသည်။

သူ့မှာလည်း ဘာကိုဘယ်လို ကွန့်ရညွန့်ရမလဲဟု သာ အချိန်ပြည့်အကြံဉာဏ်ထုတ်နေတော့တာမို့ သတို့သမီးလောင်းလျှာကိုတောင် အာရုံမစိုက်အား။

မဒီလည်း ပျော်တော့ ပျော်ပါသည်။ သို့သော် ဂရိနိုင်ငံ အေသင်မြို့ထိ ဟန်းနီးမွန်းထွက်ရမှာကိုတော့ နည်းနည်း အကဲပိုတယ်ထင်မိသည်။ ဒီလို ဧပြီလကြီးမှာ အဲဒီမှာဆို ပူလောင်အိုက်စပ်နေမှာပဲဟု တွေးမိသည်။

သူကတော့ အိုက်တာ မအိုက်တာတွေအပေါ်လည်း ဆင်ခြင်မရ၊ သူမျှားထက်ထူးချင်တာ တစ်ခုကိုသာ အရေးကြီးနေပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်သည့်အဆုံးမှာ မဒီက အကြံဉာဏ်လေး ပေးမိပါသည်။

"ကို... ဒီအချိန်ကြီး အေသင်ကို ဟန်နီးမွန်းထွက်မယ် ဆိုတော့ မပူဘူးလားဟင်"

"ကိုယ်တို့က Aircon မရှိမယ့် ဟိုတယ်မှာ တည်းမှာမှ မဟုတ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဟိုဟိုဒီဒီ လျှောက်လည်ကြရင် အပြင်ထွက်ရမှာဆိုတော့ ပူတော့ ပူမှာပဲလေ"

"Aircon မပါတဲ့ ကားကို စီးမှာမှ မဟုတ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကားနဲ့သွားရင်လည်း ကားပေါ်က မဆင်းဘဲနေမှာမှ မဟုတ်တာ၊ အဆင်းအတက် လမ်းလျှောက်ရချိန်ကလေးတော့ ရှိဦးမှာမဟုတ်လား၊ မဒီတို့လျှောက်မယ့် လမ်းတစ်လျှောက်မှာ Aircon တပ်ထားတာမှ မဟုတ်တာ"

မဒီက သူ အေသင်ထိ ခရီးထွက်မယ်ဆိုတာ ဘာ ရည်ရွယ်ချက်ပါလိမ့်ဟု သိချင်လာကာ...

"ကို... ဟန်နီးမွန်းသွားမှာက အေသင်မှလား၊ ဘန်ကောက်၊





စင်ကာပူလောက်ဆိုရင်၊ ဒါမှမဟုတ် အင်္ဂလန်၊ ပြင်သစ် တစ်ခုခုဆိုရင်ရော..."

"ကိုယ်က အေသင်ပဲကြိုက်တယ်၊ မဒီလည်း ကြိုက်မှာ၊ အဲဒီကို ကိုယ်တို့နိုင်ငံက ဘယ်စုံတွဲမှ သွားဖူးမှာ မဟုတ်ဘူး၊ ကိုယ်တို့ ပိုင်အိုးနီးယားပဲ၊ ကိုယ်က ပိုင်အိုးနီးယားဖြစ်ချင်တာလေ၊ ကိုယ်က မဒီကို လက်ထပ်ခွင့်မတောင်းခင်ကတည်းက အဲဒီကိုသွားဖို့ စုံစမ်းစီစဉ်နေတာ"

"ဟင်... ကြည့်စမ်း၊ ကိုဘာသာ သေချာနေတာပေါ့လေ၊ မဒီက ငြင်းလိုက်ရင် ကို ဘယ်လိုလုပ်မလဲ"

"အဲဒါဆိုလည်း တခြားတစ်ယောက်ယောက်နဲ့ သွားရတာပေါ့၊ ကို သေသေချာချာစီစဉ်ထားတဲ့ ဟန်နီးမွန်းခရီးကိုတော့ မဖျက်နိုင်ဘူးလေ၊ တစ်ယောက်မဟုတ် တစ်ယောက်နဲ့တော့ သွားမှဖြစ်မှာပေါ့"

"ကိုနော်... ကိုနော်"

"ဘယ်က 'ကိုနော်'ကို ခေါ်နေတာလဲ၊ ကိုယ့်နာမည်က သူရိယ ဆိုတော့ 'ကိုသူ'ဖြစ်ဖြစ်၊ 'ကိုရိ'ဖြစ်ဖြစ်၊ 'ကိုယ' ဖြစ်ဖြစ် ခေါ်ရမှာပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်စပစ်ပြကာ အဲဒီလိုလေးနောက်တော့ ချစ်စရာလေးဖြစ်သွားပြီး ဘာကိုမှ အပြစ်မမြင်ရက်အောင် ဘဝင်ခိုက်ရပြန်သည်။

"ကိုက အေသင်ကိုမှ ဘာလို့ရွေးတာလဲ၊ ပြောပြပါဦး"

"ကိုယ်က ပင်လယ်နဲ့ တောင်တွေရှိတဲ့နေရာကို သဘောကျတယ်လေ၊ ပြီးတော့ အဲဒီမှာ သိပ်လှတဲ့ ဆိပ်ကမ်းလည်း ရှိတယ်၊ ဟိုမှာက ကိုယ့်မိတ်ဆွေ မိသားစုလည်း ရှိတော့ သူတို့က ကိုယ်တို့နှစ်ယောက်အတွက် အေသင်ရှေးဟောင်းမြို့ရဲ့ အထိမ်းအမှတ် အာခရိုပိုလစ် ကျောင်းတော်နားမှာ သီးသန့် မိသားစုပွဲလေး လုပ်ပေးချင်တယ် ပြောတယ်"

"ဟုတ်လား ... အဲဒါ သေချာရင်လည်း စာနယ်ဇင်းတွေကို ဖိတ်ပြီး ပြောလိုက်ဦးလေ"

"ဟုတ်သားပဲ ... အဲဒီကိစ္စ ပြောရဦးမယ်၊ သတိပေးတာ ကျေးဇူးပဲ"

မဒီ သတိမပေးလည်း သူ့ဘာသာ သတိရဖို့က အနေးနဲ့အမြန်မို့ စောစောစီးစီး သတိပေးလိုက်ရတာပင်။





"တစ်ခုတော့ရှိတယ်နော် ကို၊ အဲဒီလိုနေရာမှာ ညှော်ခံပွဲလုပ်ရင် အရမ်းပူမလား မသိဘူး"

"မပူတဲ့အချိန် လုပ်မှာပေါ့"

"ကိုကလည်းနော် မင်္ဂလာဆောင်တာများ ဆောင်းတွင်းမှ ဆောင်ရင်လည်း ဖြစ်ရဲ့သားနဲ့"

"ကိုယ်က မဒီနဲ့ အမြန်နီးချင်တယ်လေ၊ လက်မှတ်ထိုးထားပြီး အကြာကြီးနေမှ မင်္ဂလာဆောင်တာမျိုးလည်း မကြိုက်ဘူး၊ လက်မှတ်ထိုးတဲ့နေ့မှာပဲ မင်္ဂလာဆောင်ချင်တယ်၊ ပြီးတော့ ကိုယ့်မှာ အစီအစဉ်တစ်ခုရှိသေးတယ်၊ ကိုယ်တို့ ဟန်းနီးမွန်းကပြန်လာပြီး မကြာခင် သကြိန်ကျမှာလေ၊ ကိုယ် ဒီနှစ် မဏ္ဍပ်ထိုးခွင့်ရမယ်၊ ကိုယ်တို့ရဲ့မဏ္ဍပ် နောက်ခံကို အေသင်မြို့အထိမ်းအမှတ် အာခရိုပိုလစ် ကျောင်းပုံစံနဲ့ ထိုးမယ်၊ လုံးဝ ကြော်ငြာစပွန်ဆာ မယူဘူး၊ ကိုယ်တို့ ဟိုမှာရိုက်လာခဲ့တဲ့ အေသင့်ခရီးကို ပရိုဂျက်တာနဲ့ သကြိန်ရက်တိုင်း ကိုယ်တို့မဏ္ဍပ်မှာ ပြထားပေးမယ်၊ ကိုယ်က သကြိန်ကို အရမ်းရူးသွပ်တာလေ၊ ဒါကြောင့် သကြိန်ပွဲကာလဟာ ကိုယ့်ရဲ့ မင်္ဂလာဦးကာလလေးဖြစ်စေ ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩော်... သူ့အကြံက ဒီလိုလည်း ရှိသေးတာကိုး။ အကွက်စေ့လိုက်တာဟု တွေးကာ မဒီမှာ အံ့သြဘနန်းဖြစ်ရပြန်သည်။

မဒီသည် သူနဲ့ ခုလို စကားပြောခွင့်ရခိုက်မှာ မဒီ ပေးချင်လှတဲ့ နှစ်ကိုယ်ကြား အဖြေလေးကို ပေးလိုက်ရင် ကောင်းမလားဟု စဉ်းစားမိသော်လည်း သူဖြစ်ချင်တာချည်း အလုအယက် ပြောနေတာမို့ မဒီမှာ အခွင့်မသာ။ ပြောပြီးတော့လည်း အလုပ် ပေါ်လာကာ သူက အမြန်ထွက်သွားရသေးသည်။ မင်္ဂလာဖို့ အတွက်၊ ဟန်းနီးမွန်းအတွက် ဇောကပ်နေသောသူဟာ မဒီရဲ့ စိတ်ခံစားချက် ဘယ်လိုရှိမယ်ဆိုတာတောင် အကဲခတ်ဖို့ အချိန် မရပုံပင်။

တကယ်တော့ မဒီ ခပ်ငယ်ငယ်ကတည်းက မင်္ဂလာ ဆောင်ရင် နှင်းမှုန်ကလေးတွေဖြင့် အေးမြ စိုစွတ်နေသည့် ဆောင်း ကာလမှာသာ ဆောင်ဖို့ စိတ်ကူးယဉ်ခဲ့မိပါသည်။ မဒီက အေး ကြောက်သည်။ နွေကို မကြိုက်။ နွေဆို အပြင်မထွက်ဘဲ အိမ်ထဲ မှာသာ အောင်းချင်သည်။ ချွေးတွေထွက်ပြီး အိုက်လာရင် စိတ်ညစ် ပြီး ဘာကိုမှ စိတ်မဝင်စားနိုင်၊ မပျော်မွေ့နိုင်အောင်ဖြစ်ရသည်။ အဲဒီတော့ နွေမှာ မင်္ဂလာဆောင်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ





သို့သော်... ခုတော့လည်း မဒီအကြိုက်ကို မေးဖို့ တောင် မေ့နေပြီး သူ့အကြိုက်သူ အဆက်မပြတ်ပြောနေတတ် သော သတို့သားအလိုကို မဒီက လိုက်လျောလိုက်ရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ မင်္ဂလာဆောင်ကာနီး တစ်ရက်အလိုသို့ ရောက်ရှိလာပါသည်။

ထိုအချိန်အထိလည်း မဒီက သူ့ကို နှစ်ကိုယ်ကြား အဖြေပေးဖို့ အခွင့်မသာသေးပါ။

မဒီ့ဘက်ကလည်း ဒီစကားကို မင်္ဂလာမဆောင်မီ ပြောကိုပြောရမှ ကျေနပ်မှာမို့ ထိုနေ့ညနေမှာပဲ ဝတ်စုံစမ်းထ ကြည့်ပြီး ဒီနိုင်နာထံမှအပြန်မှာ မဒီကိုယ်တိုင် ကားမောင်း၍ သူ့ကို ကန်တော်ကြီးဥယျာဉ်ထဲ ခေါ်လာခဲ့သည်။

"မဒီ ... ဒါ ဘာလုပ်မလို့လဲ"

"လုပ်စရာရှိလို့ပေါ့ ကို၊ လာ ... ဟို ရေလယ်ကျွန်းကလေး ကို သွားကြရအောင်"





မဒီက လှေတစ်စီးငှားကာ ရေလယ်ကျွန်းကလေးဆီ လာခဲ့ကြသည်။

ထိုကျွန်းကလေးပေါ်မှာ လူတစ်ယောက်မှ မရှိခဲ့ပါ။ အသံဗလံတွေလည်း တိတ်ဆိတ်လှကာ လေကလည်း အေးလှပါသည်။

မဒီသည် သစ်ပင်ရိပ်ကလေးမှာ သူ့ပခုံးကိုမှီထိုင် လိုက်ရင်း သူ့နားနား ကပ်လျက် ...

"ကို ... ခုမှပဲ မဒီ ရင်ခုန်ဖို့အခွင့်အရေးရတော့တယ်၊ မဒီ ကို ... ကို လက်ထပ်ခွင့်တောင်းတဲ့နေ့က စင်မြင့်ပေါ်မှာ မဒီ ပါးစပ်က ပြောခွင့်မရလိုက်တဲ့ အဖြေကို ကိုနဲ့ နှစ်ယောက် တည်းပြောချင်လို့ ဒီခေါ်လာတာ၊ ကို့ကိုလေ ... မဒီ သိပ် ချစ်တယ် သိလား၊ သိပ်ချစ်လွန်းလို့ မခွဲချင်တဲ့စိတ်နဲ့ ကို ခွင့်မတောင်းခင်ကတည်းက ကို့ဆီက လက်ထပ်ခွင့် တောင်းလာမယ့်စကားကို မျှော်လင့်နေခဲ့ရတာ"

မဒီ စကားဆုံးတော့ သူက မဒီ့ပခုံးလေးကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ သူနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလို… သူ့မျက်လုံးတွေက တောက်ပလိုက်တာ။ သူ အရမ်းကျေနပ် ပျော်ရွှင်သွားတာများလားဟု မဒီက တွေးသည်။ သို့သော် မဒီ့အတွေးက နည်းနည်းလွဲသွားသည်။

"မဒီရယ်၊ အရမ်းစိတ်ကူးကောင်းတာပဲကွာ၊ ကိုယ့်ချစ်သူလို့ မပြောရဘူး၊ တကယ် Romantic ဖြစ်တယ်၊ ဒီလိုနေရာလေးကို ဒီလိုစကားမျိုးပြောဖို့ လှေလေးနဲ့လာရတဲ့ အဖြစ်ကိုက တကယ့်ကို ချစ်စရာလေးပဲ၊ ခဏ… ခဏလေးနော်… မဒီ"

သူက မဒီ့ကိုထားခဲ့ပြီး ခပ်လှမ်းလှမ်းသို့သွားကာ ဖုန်းဖွင့် ပြောနေသည်။ ပြီးမှ မဒီ့ထံပြန်လာပြီး မဒီ့ပါးကလေးကို မွှေးနမ်းလိုက်သည်။ ပြီးတော့ မဒီ့ကိုယ်လုံးလေးကို ညင်သာစွာ ထွေးပွေ့ထားလိုက်တာမို့ မဒီက ကိုယ့်သတို့သားရဲ့ ရင်ခွင်မှာ ယစ်မူးရီဝေလျက် မိန်းမောငြိမ်သက်နေသည်။

ခုချိန်မှာ ဘာစကားမှလည်းမဆိုချင်။ ဘယ်သူနဲ့မှလည်း မတွေ့ချင်။ လေပြေညင်းကလေးကို ရှူရှိုက်ရင်း ချစ်ရသူနှင့် နှစ်ယောက်တည်းပဲ အတူရှိနေချင်သည်။

သို့သော် မဒီ့ဆန္ဒက ခဏလေးသာ ပြည့်ဝရရှာပါသည်။





နောက် ၁၅ မိနစ်လောက်အကြာ၊ မဒီ့ မျက်လုံးတလေးမှိတ်လို့ ငြိမ်သက်နေမိဆဲမှာပဲ မီးရောင်တွေ တဖျပ်ဖျပ် သက်သွားသည်ဟု ထင်လိုက်သည်။

မဒီ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ မဒီတို့နှစ်ယောက်ကို ဓာတ်ပုံတွေတဖျပ်ဖျပ်ရိုက်နေသော မဒီ တွေ့ဖူးနေကျ ဂျာနယ်သတင်းထောက်တစ်ယောက်ကို တွေ့လိုက်ရသည်။

မဒီ့ရဲ့သတို့သားက ပြုံးပြုံးလေးပဲ ပြောပြပါသည်။

"ဒါလည်း သတင်းထူးတစ်ခုဆိုတော့ ကိုယ်ဖုန်းဆက်လိုက်တာနဲ့ သူလည်း အပြေးရောက်လာတော့တာပဲလေ…"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ သူရိယနဲ့ ဟန်မဒီမေတို့ရဲ့ တမူထူးခြားသည့် မင်္ဂလာပွဲကြီး ဝှဲချိုးကျင်းပပြီးနောက်မှာ အေသင်သို့ ဟန်းနီးမွန်းခရီး ထွက်ခဲ့ကြပါသည်။

ဟိုရောက်တော့ သူက သတို့သမီးနဲ့အေးအေးနေပို့ ထက် နေရာအနှံ့သွားကာ အလှဓာတ်ပုံတွေရိုက်ဖို့၊ ဗီဒီယိုမှတ်တမ်းတင်ဖို့သာ အာရုံတွေများနေတတ်တာရယ်၊ နေ့တစ္ဆဝ မြန်မာပြည်က သူ့မိတ်ဆွေသတင်းထောက်နဲ့ G. talk ပြောရ၊ e. mail ပို့ရ၊ တစ်နေ့တာသတင်းတွေကို အသေးစိတ်တင်ပြနေတာတွေကို စိတ်မရှည်ဖြစ်ရတာရယ်ကလွဲရင် အားလုံး အဆင်ပြေပါသည်။

မြန်မာပြည် ပြန်ရောက်တော့လည်း မပျော်ပိုင်ချို





အုလျားဖားလျား အပြေးအလွှားတွေ စီစဉ်ကာ သူ့စိတ်ကူးကို အဖီအပြင် အကောင်အထည်ဖော်ရင်း ပျော်ရွှင်နေပြန်သည်။

ရှေ့လျှောက်လည်း မဒီတို့နှစ်ယောက်ရဲ့ ဘဝက အဆင်ပြေ ပျော်ရွှင်ကြလိမ့်မည်ဟု မျှော်လင့်ခြင်းကြီးစွာ ထားခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



မဒီတို့ရဲ့ ဟန်းနီးမွန်းကာလတွေကို ကျော်ဖြတ်ခဲ့ပြီး ောက် မနက်ခင်းတစ်ခုမှာတော့ မဒီသည် နှစ်ခြိုက်စွာအိပ်မော ျှနေသော သူ့ကိုငေးကြည့်ရင်း စိတ်ထဲမှာ အားငယ်အထီးကျန် လို ခံစားလာရလေသည်။

မဒီ့ရဲ့ ချစ်စွာသောယောကျ်ားဟာ နိုက်ရှုတင်တွေ က်နေသော ညတွေဆို လင်းအားကြီးမှ အိမ်ပြန်လာ၊ နေ့ဆို ည်း ရှုတင်ရှိရင်ရှိ၊ မရှိရင် သူ့အလုပ်ပေါင်းသောင်းခြောက် ာင်နှင့် ရှုပ်နေတတ်ပြီး မဒီ့ကို ဂရုမစိုက်အား။ သူ မဒီ့ကို ှစိုက်သောအချိန်က တစ်ချိန်ရော့ရှိသည်။ အဲဒီအချိန်က ပွဲတွေ က်ရတဲ့အခါ လူပုံလယ်မှာ မဒီ့လက်ကို ထွေးဆုပ်ထားကာ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးကိုဖက်ကာ၊ ခါးကလေးကိုတွန်းကာ နွေးထွေးယုယပုံ ကလေးတွေပြတတ်ခြင်း၊ အင်တာဗျူးသူလာတဲ့အခါ မဒီ့မျက်နှာ နား နမ်းမတတ် ကပ်လာကာ ရွှန်းရွှန်းစားစား ကြည့်ပြတတ်ခြင်း တို့ပင် ဖြစ်သည်။

မဒီက သူ့ကိုငေးကြည့်ဆဲမှာ သူက အိပ်ရာမှ နိုးထ လာပါသည်။

"ကို ... နိုးပြီလားဟင်"

"အင်ဟင် ..."

"ဒီနေ့ ရှုတင်ရှိလား"

"နေ့လယ်မှပါ"

"ကို ... ဘရိတ်ဖတ် ဘာစားချင်သလဲ၊ မဒီ လုပ်ပေးမယ် လေ"

"ရတယ် ... ရတယ်၊ ဒေါ်ကြီးစိုးပဲခေါ်လိုက်၊ မဒီက မလု တတ်လုပ်တတ်နဲ့ လုပ်တော့ စားရတာ ဘာအရသာ မရှိဘူး ... ပေါ့ရွတ်ကြီး၊ ဒေါ်ကြီးစိုး ချက်တာကမှ စာ ကောင်းသေးတယ်"

မဒီက ရင်ထဲ အောင့်မျက်မြဲဖြစ်ရသော်လည်း အပြ မပျက်ဘဲ ...





"ဒီနေ့ ရိုက်ရမှာက ဘယ်လိုဇာတ်ဝင်ခန်းမျိုးလဲ ကို၊ မဒီ အဝတ်အစား ရွေးပေးရမလား"

"မီးပူတိုက်ရမှာတွေလည်း ရှိတယ်လေ၊ မဒီက မီးပူတိုက် တာတောင်မှ မကျွမ်းကျင်တာ၊ ကိုယ့်အဝတ်အစားတွေ ပစ်ရဖို့ပဲရှိတယ်၊ ဒေါ်ကြီးစိုးကိုပဲ ခေါ်လိုက်ပါကွာ၊ ဒေါ်ကြီး စိုးရေ ..."

"လာပြီ ... လာပြီ"

ဒေါ်ကြီးစိုးသည် ခေါ်သံကြောင့် အလျှားဖားလျား ပြေးလာသည်။ ဒီမင်းသားရဲ့ တစ်နေ့တာ ဝေယျာဝစ္စတွေဟာ များပြားလှတာမို့ ခုချိန်ကစပြီး ဗျာများရတော့မှာ သိနေသည်။ တော့န်းကတော့ ကိုယ်ကြိုက်သောမင်းသားမို့ ဘာပဲလုပ်ရလုပ်ရ ပျော်ခဲ့၊ သို့သော် ကြာတော့ ဒေါ်ကြီးစိုးလည်း ဖတ်ဖတ်မော လာပြီ။

"ဒေါ်ကြီးစိုး ... ကျွန်တော့်ကို ပေါင်မုန့်နည်းနည်းနဲ့ သီး ရွက်စုံသုပ် တစ်ပွဲရယ်၊ ငါးပြုတ်ရယ်၊ ဟန်ဒရက်ပါစန့် ဂျူ့စ်တစ်ခွက်ရယ် စီစဉ်ပေး"

"ဒါပဲလား မောင်သူရိယ၊ ကော်ဖီတွေ ဘာတွေကော"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူစ်သောက်တယ်လေ၊ ကော်ဖီ မလိုဘူး၊ သီးရွက်
သုပ်မှာ ဆီနည်းနည်းပဲထည့်နော်၊ ကျွန်တော် ခုတလော
ဗိုက်မှာ နည်းနည်းအဆီတက်ချင်နေလို့ ပြန်ကစားပြီး
အစားအသောက်ကိုလည်း လျှော့ရမယ်"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ဒါဆို ဒေါ်စိုး သွားစီစဉ် ..."

"ခဏနေဦး၊ တစ်ခါတည်း လုပ်ရမယ့် အလုပ်တွေ မှာ
သွားဦး"

"သြော် ... အင်း၊ ပြောပါ ... ပြောပါ"

"အဲဒါပြီးရင် ကျွန်တော့်အဝတ်အစားသစ်တွေ ဟိုအခန်း
ထောင့်မှာ တွေ့လား၊ အဲ့ဒီအိတ်ထဲမှာ ရှိတာတွေ အားလုံး
ထုတ်ပြီး မီးပူတိုက်ပြီး ချိတ်နဲ့ ချိတ်ထား၊ မီးပူတိုက်
ဟိုတစ်ခါ မဒီ မတိုက်တတ် တိုက်တတ်နဲ့ တိုက်သလို
ချုပ်ရိုးကြောင်းတွေ ပေါ်မနေစေနဲ့၊ သေသေချာချာ ပြ
အောင်တိုက်"

"အေးပါကွယ်၊ ဒေါ်ကြီးစိုး လုပ်တတ်ပါတယ်"

"လုပ်တတ်တယ်ဆိုပေမယ့် ဒေါ်စိုးလည်း တစ်ခါတ
များတာပဲလေ၊ အဲဒါကြောင့် အထပ်ထပ် ပြောပြော





တာ၊ ကျွန်တော်က ဘယ်ကိစ္စကိုမှ အမှားအယွင်းခံတတ်
တဲ့သူမျိုး မဟုတ်ဘူး၊ အားလုံး စင်းလုံးချော အပြစ်ပြော
စရာမရှိ ဖြစ်နေတာမျိုးပဲ လိုချင်တယ်"

"အေးပါကွယ် ... သိပါတယ်"

အဲ့ဒါကြောင့် ဒေါ်စိုးက သူ့ကို 'စင်းလုံးချော
မင်းသား'ဟု တိတ်တိတ်လေး နာမည်ပေးထားသည်။ ဒီမင်းသား
က စင်းလုံးချောဟူသော ဝေါဟာရကို ပါးစပ်မှ မချတတ်
လို့ပင်။

"ဒေါ်ကြီးစိုး သွားလို့ရပြီလား မောင်သူရိယ"

"ရပြီ ... ရပြီ"

ဒေါ်ကြီးစိုးက အခန်းထဲက လှည့်အထွက် ...

"သြော် ... ဒေါ်ကြီးစိုး၊ ခဏ ... ခဏလေး"

ဟု လှမ်းခေါ်ပြန်တာမို့ ချာခနဲ ပြန်လှည့်ဝင်လာရ
သည်။

"ဘာကျန်သေးလို့လဲ မောင်သူရိယ"

"ညှိခန်းကို သေသေချာချာ ရှင်းထား၊ ညှိခန်းစားပွဲ
ပေါ်က ပန်းအိုးကြီးထဲမှာ နှင်းဆီပန်းထိုးဖို့က ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … နှင်းဆီဆို အမြန်သွားဝယ်မှ၊ တော်ကြာ မရ လိုက်ဘဲနေဦးမယ်"

"နေဦးလေ၊ ဘယ်နပွင့်ဆိုတာ မှတ်သွားဦး"

"ဩော် … အပွင့်ရေနဲ့ ထိုးမှာလား"

"ဟုတ်တယ်၊ ဘယ်နပွင့်လဲဆိုတော့ …"

"အပွင့် ၂၀ လောက်ဆို ရမလား"

"နေဦး … အဲဒီလိုမဟုတ်ဘူး၊ ခဏလေး ကြည့်လိုက်ဦး မယ်"

သူက ပြက္ခဒိန်ဆီလျှောက်သွားတာမို့ ဒေါ်ကြီးစိုးက နားမလည်သလိုပုံစံဖြင့် မဒီကို လှမ်းကြည့်ကာ ပခုံးတွန့်ပြသည်။ မဒီကလည်း သူ ဘာတွေဘယ်လို တွေးကြံတယ်ဆိုတာ မမှန်းဆ နိုင်ပါ။

သူက ပြက္ခဒိန်ကြည့်ပြီး ပြန်လှည့်လာကာ …

"၆၄ ပွင့် ထိုးလိုက်"

"ဟင် … ၆၄ ပွင့်တောင်လား"

"ဟုတ်တယ်၊ ၆၄ ပွင့် ထိုးရမယ်"

"ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ မောင်သူရိယရယ်"





"ပြန်ပြန်မမေးပါနဲ့ ဒေါ်စိုးရယ်၊ သွားပါတော့"

"အေးပါ … အေးပါ၊ သွားပါ့မယ်"

ဒေါ်စိုးက လှည့်ထွက်သွားသည်။ သို့သော် …

"ဩော် … ဒေါ်စိုးရေ … ဒေါ်စိုး … ဒေါ်စိုး"

"ဟေ … အေး … လာပြီ၊ ပြန်လာပါပြီ"

"နှင်းဆီက ပန်းရောင်နော်၊ အငုံလေးတွေပဲ"

"အင်း … အင်း … ဟုတ်ပါပြီ"

"ပန်းအိုးထိုးပြီးရင် ညည့်ခန်းစားပွဲပေါ်မှာ ပန်းသီးအလုံး လိုက်ထည့်ထားတဲ့ ပန်းကန်ရယ်၊ ပန်းသီးလှီးတဲ့ဓားရယ်ပါ ချထားလိုက်ဦး"

"ချထားပါ့မယ်"

သူက ပြောပြီးပြီမို့ ဒေါ်စိုးရှေ့က လှည့်ထွက်သွား သည်။ ဒေါ်စိုးကတော့ မသွားသေးဘဲ ခြေစုံရပ်နေဆဲမို့ မဒီက ပြောရသည်။

"ဒေါ်စိုး … သွားတော့လေ၊ သူမှာချင်တာ မှာပြီးပြီပဲ"

"မပြီးသေးဘူး ထင်လို့ပါ မဒီရယ်"

"ပြီးပါပြီ၊ ကိုရေ … ပြီးပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီ ... ပြီးပြီ"

"သေချာရဲ့လား မဒီရယ်၊ သေချာမေးပေးပါ၊ တော်ကြာ ဒေါ်စိုး ပြန်လှည့်လာရမှာမို့လို့ပါ"

"ဒီတစ်ခါတော့ လှည့်ရတော့မယ် မထင်ပါဘူး ဒေါ်စိုးရယ်"

မဒီ အတင်းသွားခိုင်းတော့မှ ဒေါ်စိုးက လှည့်ထွက်သွားသည်။ ဒါတောင် နောက်ကြောင်း မဖြောင့်သလို လှည့်တကြည့်ကြည့်။

မဒီက ဒေါ်စိုးပုံကို ရယ်ချင်လျက်နှင့် ကို့ကို လှမ်းကြည့်ကာ ...

"ကို ... ခုန နင်းဆီပန်းတွေ၊ ပန်းသီးတွေက ဘာလုပ်ဖို့လဲ"

"နောက်တော့ သိမှာပေါ့ မဒီရယ်"

သူ မပြောချင်တာမို့ မဒီက ဆက်မမေးချင်တော့။

သူက အဝတ်ဗီရိုကိုဖွင့်ကာ အဝတ်တွေ ရွေးနေတာမို့ မဒီက သူ့အနားကပ်သွားကာ ...

"ကို ... မဒီ ကို့အတွက် ဘာလုပ်ပေးရမလဲဟင်"





"ရပါတယ်ကွာ၊ လုပ်မပေးပါနဲ့၊ မဒီ လုပ်မပေးလည်း ကိုယ် အဆင်ပြေနေသားပဲ၊ ရှုတင်သွားကာနီးကျ ကိုယ် မန်နေဂျာလည်း ရောက်လာမှာပဲ"

"ဒါဆို မဒီ လုပ်ပေးနိုင်တာ ဘာရှိလဲ"

"ဒီနေ့မနက်ပိုင်း မဂ္ဂဇင်းတစ်စောင်က အင်တာဗျူး လာလုပ်ဖို့ရှိတယ် မဒီ၊ အဲဒါ ဓာတ်ပုံလည်းအရိုက်ခံရမှာ"

"မဒီပါလား"

"ဟုတ်တယ်လေ၊ စုံတွဲဗျူးမှာ၊ မဒီ လှလှပပလေး ပြင်ထားဦး၊ ဗျူးတဲ့အခါကျလည်း ကိုယ်ဖြေတာကိုကြည့်ပြီး အလိုက်သင့်ဖြေ"

သူက ပြောပြီး ရေချိုးခန်းထဲ ဝင်သွားသည်။ မဒီ အဖြင့် ရေတောင်မချိုးချင်တော့။ အင်တာဗျူးဖြေတဲ့အခါ၊ ဓာတ်ပုံ ရိုက်ခံတဲ့အခါ ဝတ်ဖို့ အဝတ်အစားတွေကို စိတ်မပါလက်မပါဖြင့် ဗီရိုထဲက တွေ့ရာမြင်ရာ ဆွဲထုတ်ယူလိုက်သည်။ သူနဲ့အတူတွဲကာ အဗျူးခံရတာ၊ ဓာတ်ပုံအရိုက်ခံရတာတွေလည်း မောလှပြီလေ။ ကြာတော့ စိတ်မပါချင်။

အဝတ်အစားရွေးပြီးတော့ မဒီက အိပ်ရာထက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငိုင်ငိုင်လေးထိုင်ရင်း ရေချိုးခန်းထဲက သူထွက်အလာကို စောင့်နေမိသည်။

မဒီ့စိတ်ထဲမှာ ဘာလို့ မပျော်သလိုကြီးဖြစ်နေရတာပါလိမ့်။ ခုမှ လက်ထပ်ပြီးတာ သုံးလကျော်ကလေးပဲရှိသေးတဲ့ဥစ္စာ။

မဒီ ငြီးငွေ့နေတာများလား။ ငြီးငွေ့မယ်ဆိုလည်း ငြီးငွေ့စရာပဲမဟုတ်ဘူးလား။ မဒီဟာ ယောကျ်ားယူပြီး ယောကျ်ားဝေယျာဝစ္စလည်း ထမ်းရွက်စရာမရှိ၊ အပြင်အလုပ်လည်းမရှိ။ ဒီမှာ ဘာတာဝန်မှမရှိသလိုမို့ နေရထိုင်ရတာ အဓိပ္ပာယ်မရှိသလိုပေါ့တော့တော့ ဟာတာတာကြီးဖြစ်နေသည်။

မဒီက သူများတကာ မိန်းမတွေလို ဘာမှလုပ်မပေးရတာ ပိုတောင်ကောင်းသေးဟု မတွေးနိုင်ပါ။ သူလည်း ရှုတင်သွား၊ ကိုယ်လည်း သွားလာလည်ပတ် ဝယ်ခြမ်းပြီး ပျော်ချင်သူလည်းမဟုတ်ပါ။ မဒီ မျှော်လင့်တဲ့ အိမ်ရှင်မဘဝဆိုတာ ယောကျ်ားရဲ့မေတ္တာအကြင်နာနဲ့ စောင့်ရှောက်မှုအောက်မှာ ယောကျ်ားရဲ့ဝေယျာဝစ္စလေးတွေ ကူညီပံ့ပိုးပေးရင်း အေးချမ်းစွာနေလိုသောဘဝဖြစ်သည်။ ပြီးတော့ မဒီ ဝါသနာပါသည့် ဂီတဘက်မှာလည်း





အောင်မြင်ချင်သည်။ အဲဒါကတော့ မဒီ့ရဲ့ သီးသန့်မျှော်လင့်ချက်တစ်ခုပေါ့။

ခုတော့ … မဒီ ဖြတ်သန်းနေထိုင်ရသည့် အိမ်ရှင်မဘဝဆိုတာ မဒီထင်သလိုမဟုတ်ဘဲ အူကြောင်ကြောင် ပေါတောတောနှင့် ဘာမှတန်ဖိုးမရှိသလိုပင်။ မဒီ့အလုပ်ဟာ အင်တာဗျူးခံရတဲ့အခါ၊ ပွဲတက်ရတဲ့အခါ သူ့နောက်ကနေ ဝေလေလေ လိုက်နေရုံသာ။

မဒီ ငြိမ်ထိုင်နေဆဲ … ရေချိုးခန်းတံခါး ပွင့်လာသည်။

"မဒီ … ကိုယ်ပြီးပြီ၊ သွားချိုးတော့လေ"

သူက မှန်တင်ခုံရှေ့မှာရပ်၍ ရေသုတ်နေရင်း မဒီ့ကို လှမ်းပြောသည်။

မဒီက သူ့ကိုလှမ်းကြည့်ရင်း …

"ကို … မဒီ သီချင်းပြန်ဆိုချင်တယ်"

"ဘာလုပ်မှာလဲကွာ"

သူ့အဖြေကြောင့် မဒီ ကြောင်သွားသည်။

"ဘာကို ဘာလုပ်ရမှာလဲ၊ ကို့မေးခွန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုမနေပါနဲ့တော့ မဒီရယ်၊ ဘာထူးမှာလဲ၊ အလကား အလုပ်ရှုပ်ပါတယ်၊ ကိုယ့်အနားမှာပဲ အေးအေးနေပြီး ပါရမီဖြည့်စမ်းပါ"

"ကိုက မေ့တတ်တယ်ထင်တယ်"

"မဒီ ဘာကိုပြောတာလဲ"

"ကို ပထမဦးဆုံး စင်ပေါ်တက်ပြီး ပြောခဲ့တဲ့စကားကို မေ့များသွားသလားလို့ပါ၊ အဲဒီတုန်းကတော့ မင်းသီချင်းကို ကိုယ်အရမ်းကြိုက်တယ်တဲ့၊ နူးညံ့သစ်လွင်တဲ့ အသံကလေးမို့ နှစ်သက်မိတယ်တဲ့ ...။

"ခုတော့ ကို့စကားတွေက မဒီ့အလုပ်ကို၊ မဒီ့ ဝါသနာကို အထင်သေးနေသလိုပဲ"

"မဒီကလည်းကွာ၊ မဒီ သီချင်းမဆိုလည်း မဒီ့ အသံလေးကို နေ့တိုင်းကြားနေရတာ ကိုယ့်အတွက် သီချင်းနားထောင်ရသလိုပါပဲ၊ မဒီတစ်ယောက်တည်း သီချင်းဆိုနေသံကြားရင်လည်း ကိုယ်နားထောင်နေမိတယ်၊ ကိုယ့်မိန်းမ သီချင်းသံက ကိုယ့်တစ်ယောက်တည်းအတွက်ဆို ပိုမကောင်းဘူးလား"





"ကို့အတွက် ကောင်းချင်ကောင်းမှာပေါ့၊ မဒီ့အတွက်တော့ မကောင်းဘူး၊ တစ်နေ့တစ်နေ့ အိမ်မှာတစ်ယောက်တည်း ဘာလုပ်နေရမှာလဲ၊ မဒီလည်း ကိုယ်ဝါသနာပါရာလေး လုပ်နေရရင် အဓိပ္ပာယ်ရှိတာပေါ့"

"ကိုယ့်ဇနီးမယားအဖြစ်ပဲ အဓိပ္ပာယ်ရှိရှိ နေထိုင်သွားလို့ရပါတယ် မဒီရယ်၊ သီချင်းပြန်ဆိုဖို့တော့ မစဉ်းစားပါနဲ့တော့ကွာ"

"ဒါဆို မဒီက ဘာကြီးလဲကို"

"မဒီ ဘာပြောတာလဲ"

"မဒီက ဘာကြီးလဲ၊ တစ်နေ့တစ်နေ့ အိမ်မှာပဲနေ၊ အိမ်မှုကိစ္စလည်း လုပ်စရာမရှိ ယောကျ်ားဝေယျာဝစ္စကျတော့လည်း ယောကျ်ားက စိတ်တိုင်းမကျလို့၊ မယုံကြည်လို့ မဒီ့ကို ကြိုးစားလေ့ကျင့်ခွင့်လေးတောင်မပေး၊ အလုပ်ကိစ္စတွေလည်း အရာသွင်းပြီး မတိုင်ပင်၊ အဲ့ဒီတော့ မဒီဆိုတဲ့ ကို့မိန်းမက အရုပ်တရုပ် ပေါ်တောတောနဲ့ ဘာကြီးမှန်းကို မသိတော့ဘူး၊ ဘာတန်ဖိုးမှ မရှိတော့ဘူး"

"မဒီ ... မရစ်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မဒီ ရစ်နေတာမဟုတ်ဘူး ကို၊ မဒီ လေးလေးနက်နက် ပြောနေတာ၊ ကို အဲ့ဒီအပြောမျိုးနဲ့ ပေါ့တော့တော့ ဖွယ်တယ်တယ်ဖြစ်အောင် မလုပ်နဲ့"

"နားပူလာပြီကွာ၊ ကိုယ် စိတ်ရှုပ်ရင် အလုပ်မှာထိခိုက်လိမ့်မယ်၊ ကိုယ့်အလုပ်ကို မကူညီရင်နေပါ မနှောင့်ယှက်ပါနဲ့"

"ကူညီခွင့်ရော၊ နှောင့်ယှက်ခွင့်ရော မဒီ ရမထားဘူး ကို ..."

မဒီက ပြောရင်း ဒေါသလည်းထွက်၊ ဝမ်းလည်းနည်းလာကာ ငိုရှိုက်လိုက်သည်။

"ဟာ ... ဟော့ ... ဒုက္ခပါပဲကွာ၊ တိတ်တော့ တိတ်တော့၊ ခဏနေ အင်တာဗျူး လုပ်မယ့်သူ ရောက်လာတော့မှာ၊ မင်းမျက်နှာ မသာမယာဖြစ်နေရင် ပြောစရာဖြစ်မယ်၊ ကောလာဟလတွေ ထွက်ကုန်လိမ့်မယ်၊ ကိုယ့်အိမ်ထောင်ရေး မသာယာဘူးလို့ အသံထွက်လာရင် ကိုယ်လည်း မကောင်းဘူး၊ တိတ်ပါကွာ၊ ရေသွားချိုးပြီး အလှပြင်ပါတော့"





သူ အတင်းတွန်းလွှတ်တာမို့ မဒီ ရေချိုးခန်းထဲ ဝင်လာခဲ့ရသည်။

မဒီ ရေမိုးချိုး ပြင်ဆင်ပြီးတော့ ဒေါ်စိုး ပြင်ထားပေးသည့် ထမင်းဝိုင်းမှာ သူနဲ့အတူ မနက်စာ စားရသည်။ မဒီကတော့ သူ့လို ဝိတ်လျှော့စာတွေ မစားနိုင်သူမို့ ဒေါ်စိုး ဝယ်ပေးထားသည့် မုန့်ဟင်းခါးပဲ စားရသည်။

"တီး ... တောင် ..."

"ဟော ... ဧည့်သည်လာပြီ"

"မဂ္ဂဇင်းက လာပြီထင်တယ်၊ ဒေါ်စိုး သွားဖွင့်ပေးလိုက်ပါ"

ဘဲလ်မြည်လာတာမို့ ဒေါ်စိုးက သွားဖွင့်ပေးလိုက်သည်။ သူက စားရင်းတန်းလန်းပဲ အင်တာဗျူးဆရာနှင့် ဓာတ်ပုံဆရာကို လက်လှမ်းပြရင်း ...

"ညီလေးတို့ ခဏလေးနော် ..."

"ရပါတယ် အစ်ကို၊ စားစား ... ၊ အေးအေးဆေးဆေး လုပ်ပါ"

ဧည့်ခန်းနှင့် ထမင်းစားခန်းက လှမ်းမြင်နေရတာမို့



www.burmeseclassic.com

www.burmeseclassic.com



သူက လှမ်းပြောလိုက်ခြင်းပင်။ ဧည့်သည်တွေကလည်း သူ့ကို ပြုံးပြကာ ပြန်ပြောပြီး ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။ ထိုအချိန်မှာပဲ သူက အသားဖတ်ကလေးတစ်ဖတ်ကို တူဖြင့်ညှပ်ကာ မဒီ ပါးစပ်နားသို့ ကပ်ပေးလိုက်ရင်း...

"မဒီ... ဒါလေး စားကြည့်၊ နူးညံ့တယ်၊ တော်တော် ကောင်းတယ်၊ ပါးစပ်ဟလေ... မဒီရဲ့"

ဟု ပြောလိုက်တာမို့ မဒီ ကြောင်သွားသည်။ ဧည့်ခန်းမှာ ထိုင်နေသူတွေက မဒီတို့နှင့် မျက်နှာချင်းဆိုင်ကျနေတာမို့ တစေ့တစောင်းလေး အကဲခတ်နေကြသည်။ အဲဒါ သူရိယ လိုချင်တဲ့အကွက်ပေါ့။

"မင်းသား သူရိယက သူ့မိန်းမကို သိပ်ကြင်နာတာပဲ" ဆိုတာမျိုးဖြစ်ဖြစ် သတင်းထွက်စေချင်မှာပေါ့။

မဒီသည် သူ့အကြံကို ရိပ်မိလိုက်တာမို့ ရင်ထဲ အသည်းထဲမှာ ခါးသွားသည်။ သို့သော်... ကလန်ကဆန်လုပ်ရင် ရုပ်ပျက်မှာမို့ ပါးစပ်ဟကာ စားပြလိုက်ရသည်။

သူကလည်း ပြုံးပြုံးလေးနှင့် ခဏခဏ ခွံ့ကျွေး နေသည်။ တတ်နိုင်ပုံများတော့... (မျက်နှာပြောင်ပုံများတော့)





စားပြီးသွားတော့မှ သူက ထုံးစံအတိုင်း မဒီ့လက်ကလေးကို ယုယညင်သာ တွဲဆုပ်လျက် ဧည့်ခန်းသို့ လျှောက်လာခဲ့သည်။

စောင့်နေသော အင်တာဗျူးဆရာက စားပွဲပေါ်ရှိ ပန်းအိုးထဲမှ ပန်းတွေကို ကြည့်နေရာမှ မဒီတို့စုံတွဲကို လှမ်းကြည့်လျက်...

"ပန်းတွေက အများကြီးပဲနော်၊ လှလိုက်တာ၊ အစ်ကိုတို့ နှစ်ယောက်လုံး နှင်းဆီပန်းပဲ ကြိုက်တယ်ထင်တယ်"

ဟု ပြောလိုက်ရာ သူက ပြုံးလျက် ဝင်ထိုင်ရင်း...

"ဒီနှင်းဆီပန်းက ၉၄ ပွင့်ရှိတယ်လေ၊ ကိုယ်တို့လက်ထပ်ခဲ့တာလည်း ဒီနေ့ဆို ၉၄ ရက်ရှိပြီ၊ ကိုယ့်ဇနီးက နှင်းဆီလည်းကြိုက်တော့ သူ့ကို ကိုယ်သိပ်ချစ်ကြောင်း သူ အမြဲသတိရနေအောင် နှင်းဆီတွေထိုးပေးထားတာ"

ဘုရားရေ... သူ့အကြံက ဒီလိုလား။ မိန်းမကို သိပ်ဂရုစိုက်ပြီး သိပ်ချစ်တဲ့အကြောင်း နာမည်ကြီးဦးတော့မှာပဲ။ တတ်လည်း တတ်နိုင်ပါပေတယ် သူရိယရယ်။

"ဒါဆို အစ်ကိုက တစ်ရက်တိုးတိုင်း တစ်ပွင့်ထပ်ထိုးနေမယ့် သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"ဘယ်လောက်အထိ တိုးနေဦးမှာလဲ"

"ရက်တစ်ရာ ပြည့်တဲ့အထိ နေ့တိုင်း တစ်ပွင့်စီ တိုးသွားမှာပေါ့"

သူက ခပ်ပြုံးပြုံးဖြေရင်း စားပွဲပေါ်က ပန်းသီးနှင့်ဓားကို လှမ်းယူသည်။ ပန်းသီးကိုအခွံနွှာ အစိတ်လေးတွေ စိတ်လျက် မဒီလက်ထဲ တစ်စိတ်ပြီးတစ်စိတ် ထည့်ပေးရင်း အင်တာဗျူးဆရာမေးသမျှကို ဖြေနေသည်။ ဓာတ်ပုံဆရာကလည်း မလွတ်တမ်း မှတ်တမ်းတင်သည်။ ဒါလည်း သူ့ရဲ့ထွင်လုံးတစ်ခုပဲဆိုတာ ခုမှ သဘောပေါက်သွားရသည်။

မဒီသည် လူရှေ့ ရုပ်မပျက်ချင်တာမို့ သူကမ်းပေးသမျှ ပန်းသီးစိတ်တွေကို စားပြရရင်း ဆို့တို့တို့ နင်တင်တင်ဖြစ်လာသည်။

အင်တာဗျူးဆရာကတော့ သူ့ကို ကျကျနန မေးနေဆဲ၊ သူကလည်း လှလှပပ ဖြေဆဲပင်။

"အစ်ကို့အနေနဲ့ အိမ်ထောင်တစ်ခု သာယာပျော်ရွှင်ဖို့ ဘာအရေးကြီးဆုံးလို့ ထင်ပါသလဲ"





"သူများတွေတော့ မသိဘူး၊ ကျွန်တော်တို့အတွက်ကတော့ အချစ်ကပဲ အရေးကြီးဆုံးလို့ ထင်တယ်လေ"

"အပြန်အလှန် တာဝန်ယူမှုကရော အရေးမကြီးဘူးလား"

"ချစ်ရင်တော့ ကိုယ်ချစ်တဲ့သူအပေါ် ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် တာဝန်ယူချင်တဲ့စိတ် ဖြစ်လာမှာပဲ၊ ကျွန်တော်တို့ လင်မယားလည်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် တာဝန်ကျေပွန်မှုလေးတွေ ရှိကြတယ်လေ၊ ကျွန်တော်ကလည်း သူ ဘာလိုအပ်မလဲ၊ အမြဲစဉ်းစားဖြည့်ဆည်းတယ်၊ သူကလည်း ကျွန်တော် စားဖို့သောက်ဖို့၊ အဝတ်အစား ဝတ်ဖို့၊ ကျွန်တော့်အလုပ်ကိစ္စ အားလုံးကို တာဝန်ကျေကျေ လုပ်ပေးတယ်၊ ကျွန်တော်က ကိုယ့်မိန်းမလုပ်ပေးတာပဲ စိတ်တိုင်းကျတယ်လေ၊ တစ်ခါတလေ သူ မလုပ်တတ်မကိုင်တတ် အမှားအယွင်းဖြစ်ရင်တောင် ချစ်စိတ်နဲ့ သည်းခံရတာပဲ"

အမလေးဟယ်... ဗလောင်းဗလဲ။

"အကယ်၍ တစ်ခုခုကို သဘောထားကွဲလွဲ ငြင်းခုန်ကြရင် ဘယ်သူ့ဆန္ဒကို ပိုပြီးဦးစားပေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆန္ဒပဲပေါ့ ... ခုနဲ့ဆန္ဒပဲပေါ့ ...၊ ကိုယ့်ကိုယ်ကိုထက် သူ့ကိုပိုချစ်ရတာဆိုတော့ သူ့ဆန္ဒကိုပဲ အမြဲဦးစားပေး တာပေါ့"

မှသားတွေစီပြီး နောက်ဘဝကျ သွားမည်ဖြစ်ပေ သူ။ 'ညာဝါးဖြီးဖြန်းသမားကြီး'ဟု မဒီက စိတ်ထဲက ရေရွ လိုက်သည်။ အမှန်တွေ ထပြောပစ်လိုက်ချင်တာမှ အသည်းထဲ ယားကျိကျိဖြစ်လာသည်။

စကေ့ပါပြီဆိုကတည်းက တစ်ဖက်သတ် သဘော စကားတွေလွှင့်တာလည်း သူ့သဘော၊ လက်ထပ်ခွင့်တောင်း မင်္ဂလာပွဲစီစဉ်တာ၊ ဟန်းနီးမွန်းထွက်တာတွေလည်း သူ့သဘော အိမ်မှာ နေတာထိုင်တာ၊ စားတာသောက်တာကအစ အရော သူ့သဘောချည်း လုပ်ဆောင်နေသူကြီးရဲ့ အဖြေစကားတွေ လုပလွန်းတာမို့ ကြားရသူအပေါင်း ကြွေလောက်ပါပေသည်

"ကိုယ်က ကိုယ့်မိသားစုဘဝကို လုံးဝအပြစ်ပြောစေ စင်းလုံးချောဖြစ်စေချင်တယ်လေ၊ စင်းလုံးချောဖြစ်စေ လည်း ကြိုးစားတယ်"

အဲ့ဒီစကား ခဏခဏသုံးလွန်းလို့ သူ့ကို ခေါ





...ယ်ရာမှာ 'စင်းလုံးချော မင်းသား'လို့ အမည်တပ်ထားတာ ... ..."

သူက တစ်ချက်ကလေးမှ မလုံမလဲမဖြစ်။ အနားက ...မကိုလည်း တစ်ချက်မှ မျက်နှာမပျက်ဘဲ ဖြေသွားနိုင်သည်။ ...နေ ရင်းက မဒီလက်ကလေးကို ကိုင်ထားတာမျိုး၊ မဒီမျက်နှာ ... ရွှန်းရွှန်းစားစား ကြည့်ပြတာမျိုး၊ မဒီပခုံးလေးကို လှမ်းဖက် ...တာမျိုး၊ မဒီဆံပင်လေးတွေ သပ်တင်ပေးတာမျိုးတွေလည်း ...သည်။

အဲ့ဒီနောက်တော့ ဇာတ်ဆရာလေးက မဒီဘက်သို့ ...ည့်လာပါသည်။

"မဟန်မဒီမေကရော ... အိမ်ထောင်တစ်ခုမှာ ဘာအရေး ကြီးဆုံးလို့ထင်လဲ"

"တစ်ကိုယ်ကောင်းမဆန်ဖို့ အရေးကြီးတယ် ထင်တယ်"

"အပြန်အလှန် တာဝန်ယူမှုကရော"

"တာဝန်ယူချင်တဲ့သူက ယူချင်ပေမယ့် တာဝန်ပေးတတ် တဲ့သူလည်း ရှိဦးမှကိုး"

သူ့မျက်နှာကြီး ပြုံးရုံညိုမည်းလာတာ သိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဒီက မသိချင်ယောင်ဆောင်ကာ မျက်နှာကို တအား ပြုးထားလိုက်သည်။

"မဟာန်မဒီမေကရော ... တစ်ခုခုကို သဘောထားကွဲ ငြင်းခုံကြရင် ဘယ်သူ့ဆန္ဒကို ဦးစားပေးလဲ"

"သူ့ဆန္ဒကိုပဲ ဦးစားပေးပြီးသားပါ"

"အဟင်း ... ကိုယ်တို့နှစ်ယောက်က ဒီလိုပဲကွ၊ တစ် ဆို တစ်ယောက်ကိုတစ်ယောက်က အပြိုင်အဆိုင် ဦး ပေးနေကြတာလေ"

သူက ရယ်မောကာ ဝင်ပြောလိုက်ရင်း သူဆုပ် ထားသော မဒီလက်ကို တအားဆုပ်ပစ်လိုက်သည်။

"အား ..."

မဒီက လွှတ်ခနဲအော်မိတော့ သူက အကယ် ရှော့ဖြင့် ...

"မဒီ ဗိုက်အောင့်ပြန်ပြီထင်တယ်၊ ဆောရီးဗျာ၊ ခုတလော အစာအိမ်နာနေတာ၊ tention များရင် အောင့်လာတတ်လို့"

"ရပါပြီ အစ်ကို၊ ကျွန်တော်တို့လည်း ပြီးပါပြီ"





ဗျူးဆရာတို့ ပြန်သွားကြတော့မှ သူက သူကိုင်ထား သော မဒီလက်ကို ဆောင့်လွှတ်ပစ်လိုက်ပြီး အခန်းထဲ ဝုန်းဒိုင်းကျဲ သွားလေသည်။

မဒီသည် သူ့ဖြစ်အင်ကို ရီသဲ့သို့ ရယ်ပစ်ချင်လာ အခို့ အခန်းထဲ လိုက်ဝင်လာခဲ့သည်။ သူက မဒီကို ကျောခိုင်း စီရီကိုဖွင့်ထားပြီး သူလိုအပ်သည့်ပစ္စည်းတွေရှာနေသည်။

မဒီက ခနိုးခနဲ့ ရယ်သွမ်းသွေးရင်း ...

"ခုနတုန်းကတော့ ရှင်မဟုတ်သလိုဘဲနော်"

ဟုရီသဲ့သဲ့ပြောရာ သူက မဒီ့ထံ ဒေါသဖြင့်လျှောက် လာရင်း ...

"မင်းဖြေတာကရော အချိုးပြေလို့လား"

"အမှန်အတိုင်း ... ကိုယ် ခံစားမိတဲ့အတိုင်း ဖြေတာပဲ လေ ..."

"မင်းအဖြေကို လူတွေက အထအနကောက်ပြီး သို့လော သို့လော လျှောက်တွေးရင် ငါပဲ သိက္ခာကျရမှာကွ၊ မင်း ကိုယ့်ယောကျာ်းဂုဏ်သိက္ခာကို ထည့်မတွက်ဘူးလား"

"ရှင်ကရော ကိုယ့်မိန်းမစိတ်ဆန္ဒကို ထည့်တွက်လို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကျွန်မက လျှော့ပေါ့ဖြေထားတာ၊ နောက်တစ်
လာမေးရင်တော့ ရှင့်အကြောင်းတွေ အမှန်အတိုင်း
အိတ်သွန်ဖာမှောက် ပြောပြလိုက်တော့မယ်လေ”

သူက ငြိမ်သက်သွားကာ မဒီ့ကိုစိုက်ကြည့်နေသည်
ပြီးတော့ မဒီ့ရှေ့ တစ်လှမ်းထပ်တိုးလာကာ မဒီ့ပခုံးနှစ်ဖက်
ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်ရင်း ...

“ဒီမှာ မဒီ၊ မင်း ကိုယ်ပြောတာ သေသေချာချာ နားထော
ပါ၊ ကိုယ်က ကိုယ့်ဘဝကို လုံးဝ အပြစ်ပြောစရာမရှိ
စင်းလုံးချောပဲ ဖြစ်စေချင်တယ်”

လာပြန်ပြီ ... ဒီစင်းလုံးချော။

“ကိုယ့်ဘဝဟာ အများတကာဝိုင်းပြီး အားကျရမယ့်
မျိုးပဲ ဖြစ်ရမယ်၊ ကိုယ့်အချစ်ရေး၊ အိမ်ထောင်ရေး
အရာရာ အားလုံးဟာ အစွန်းအထင်းမရှိ အကောင်း
ဆိုတာမျိုးပဲ ပရိသတ် သိရမယ်”

“ပရိသတ်ကိုတော့ အပေါ်ယံရှေ့မှုန်ကြဲပြပြီး အထဲမှာ
လှိုက်စားနေမယ်ပေါ့”

“တော်တော့ မဒီ၊ မင်း ကိုယ့်ကို ဒီလိုမပြောနဲ့၊ မင်း





ကိုယ် ဘယ်နခါ နှိပ်စက်ဖူးသလဲ ပြော”

“လူကိုတော့ သိပ်မနှိပ်စက်ပါဘူး၊ စိတ်ကိုပဲ ဖြိုဖြိုချနေ
တာ”

“မင်း ငါ့အချစ်ကို နားမလည်ပါဘူးကွာ”

“ရှင်က ချစ်ပြနေတာပါ၊ စတွေ့ကတည်းက ချစ်ပြနေခဲ့
တာ၊ တကယ်ချစ်ဖို့ကျ ရှင်မေ့နေတာ”

“မင်း ... တော်ကွာ”

သူက မဒီ ပခုံးကို လွှတ်လိုက်ပြီး ရှုတင်အတွက်
လိုအပ်သော ပစ္စည်းတွေကို ယူကာ အခန်းထဲမှ ထွက်သွားသည်။

မဒီက ငိုင်လျက် ထိုင်နေမိဆဲ၊ ဒေါ်စိုး ဝင်လာ
တာ ...

“ဘယ့်နှယ်လဲ၊ စင်းလုံးချောမင်းသား သွားပြီလား”

သူ သွားမှပဲ ဒေါ်စိုးလည်း နားရပါတော့တယ်ဟု
သက်ပြင်းကြီးချကာ ပြောလေသည်။ မဒီသည် ဒေါ်စိုးကို မျက်
တောင်းထိုးကြည့်မိကာ ...

“ဒေါ်စိုးပဲ အရင်တုန်းကတော့ မင်းသားလေးမှ မင်းသား
လေး၊ သဘောတွေ ကျနေတာလေ၊ ခုမှ လာညည်းမနေ
ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ဟာယ် ... သူ ဒီလောက် အတွက်ကြီး စီဇာများ ပြီး ဝွကျမယ်မှန်းမှ မသိခဲ့တာကိုး၊ ခုတော့ ဒေါ်စိုးလည်း သူ ဖွတ်ဖွတ်ညက်ညက်ကြေအောင် နိုင်းတတ်လွန်းလို့ ဖတ်ဖတ်မောနေပါပြီကွယ်"

အင်းလေ ... ဒေါ်စိုး မောမယ်ဆိုလည်း မောလောက်စရာပါပဲ။ မဒီတောင်မှ သူ တစ်ကိုယ်ကောင်းသိုပ်ဆန်မှန်း သိရတဲ့အချိန်မှာ ရင်ထဲတနုံ့နုံ့နဲ့ မောပန်းနေခဲ့ရတာ။

* * *





* * *

ညက နက်သထက်နက်လာသော်လည်း သူက ပြန်ရောက်မလာသေးချေ။

မျှော်ရတဲ့ညတွေအတွက် မဒီ မောလှပြီ။

သူ အလုပ်သွားလုပ်နေတာပဲလေဟု ဖြေသိမ့်သော်လည်း ဘယ်တော့မှ ဖြောင့်ဖြောင့်အိပ်နှင့်ဖို့ စိတ်မအေးချေ။ ဒီလိုမှန်းသိရင် ...

မနက် ၉နာရီ ရုံးသွားပြီး ညနေ ၅နာရီ ဒင်ခနဲဆို အိမ်ပြန်ရောက်လာတတ်သော၊ စနေ–တနင်္ဂနွေဆို အိမ်မြဲတတ်သော၊ ကာရာအိုကေဆိုင်သွားဖို့ ပိုက်ဆံမရှိ၊ ညစာစားပွဲတွေ တက်ရလောက်အောင် အပေါင်းအသင်းမခန့်သော ခပ်တုံးတုံးယောကျ်ားမျိုးကို ယူခဲ့ရ အကောင်းသားဟု မဒီက တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း … ဒါပေမယ့် ခုမှ ဒါမျိုးတွေးလည်း ဘာထူး မလဲ။ တွေးတဲ့အတိုင်း လုပ်ချင်ခဲ့တာမှ မဟုတ်ဘဲ၊ သူ့အောင် မြင်မှုအရှိန်အဝါကြီးအောက်မှာ ယစ်မူးခဲ့ဖူးတာတော့ ဝန်ခံရမည်။

သူ့ရဲ့ ချစ်ပြမှုတွေအပေါ်မှာလည်း သာယာခဲ့ဖူး လေသည်။

ခုမှသာ ခါးမှန်းသိပေမယ့် အရင်တုန်းကတော့ ချို သားပင်။

မဒီသည် ညအပြန် သူ့ဘာသာ တံခါးတွေဖွင့်ဝင် လာမည့် ခြေသံကိုနားစွင့်ရင်း အိပ်မပျော်ဘဲ အိပ်ရာထဲမှာ ငေါင် ထိုင်နေသည်။

မျှော်ရှိန်တန်လို့သာ မျှော်ရပေမယ့် မဒီ့စိတ်သည် သူ့အပေါ် ရယ်မောချိုသာ ကြိုဆိုရလောက်အောင်တော့ မကြည် လင်သေး။ ခုချိန်မှာ သူနဲ့ ဖက်လှဲတကင်းနေလိုက်ဖို့လည်း စိတ် မပါ။ ခပ်စိမ်းစိမ်းသာ နေလိုက်ချင်သေးသည်။

ဟော … တံခါးဖွင့်သံကြားရပြီ။

ပြီးတော့ မဒီ မှတ်မိနေသော သူ့ခြေသံ။

သူ ပြန်လာပြီ။





မဒီသည် အိပ်ရာဆီ အမြန်ပြေးသွား၊ ဖြန်းခနဲလှဲချ ပြီး မျက်စိမှိတ်' ငြိမ်သက်နေလိုက်သည်။

နေ့လယ်က စကားများထားတာမို့ စိတ်မကြည်လင် တုန်း သူနဲ့ စကားမပြောချင်။ စိတ်ပူပင်သောကကြောင့် မဒီက မောလျှန်းနေ့ကာ ဘာကိုမှ စိတ်ပါလက်ပါမရှိချင်ပေ။

သူ ရောက်ပြီဆိုရင်တော့ မဒီ စိတ်အေးကာ အိပ် နိုင်ပြီ။

မဒီသည် အိပ်ချင်ယောင်ဆောင်ထားရင်း ခြေသံကို နားစွင့်ထားသည်။

မျက်စိကိုမသိမသာလေးဖွင့်ကာ ကြည့်တော့ အခန်း ထဲ လျှောက်ဝင်လာသော သူ့ကို တွေ့ရသည်။ သူက ဗီရိုဘက် လျှောက်သွားကာ အဝတ်အစားလဲနေသည်။ ပြီးတော့ မဒီ့ဆီ လျှောက်လာကာ …

"မဒီ … အိပ်ပြီလား"

ဟု မေးရင်း မဒီ့မျက်နှာနားသို့ သူ့မျက်နှာက ရှိုက်ခနဲ ကပ်လာသည်။ မဒီက ပိပိရိရိ အိပ်ချင်ယောင်ဆောင်နေ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒီ ... လုပ်မနေပါနဲ့ကွာ၊ မင်း မအိပ်သေးပါဘူး ကိုယ်သိပါတယ်"

သူ့ကိုယ်ရနံ့က မဒီနားသို့ တိုးကပ်လာသည်။ သူ့လက်တွေက မဒီ့ခန္ဓာကိုယ်ကို သိုင်းယှက်လာသည်။ မဒီသည် သက်ပြင်းချကာ မျက်လုံးဖွင့်ကြည့်ရလျက် ...

"မဒီ အိပ်တော့မလို့ဘဲ"

ဟု ပြောကာ သူ့ခန္ဓာကိုယ်ကို မသိမသာ တွန်းဖယ်လိုက်သည်။

သူ မဒီ့ကို ချော့ချင်တာလား။ ဒီလိုဆိုလည်း မဒီ့ပါးကလေးကို ဖွဖွမွှေးပြီး မဒီ့ကို ဖွဖွထွေးပွေ့ကာ နွေးထွေးစွာ အိပ်စက်စေမလား။ ဒါကိုတော့ မဒီ မျှော်လင့်သည်။

သူ့ထံက နူးညံ့မှုတွေတော့ မဒီ ရချင်သေးသည်။

သို့သော် မဒီ မျှော်လင့်သလို ဖြစ်မလာခဲ့။

"မဒီ ... မဒီ"

သူက မဒီ့ကို ခပ်ကြမ်းကြမ်းပင် တိုး၍ဖက်တွယ်လာခဲ့သည်။ သူ့မျက်နှာသည် မဒီမျက်နှာနား ပိုတိုးကပ်လာသည်။ သူ့အနမ်းကြမ်းကြမ်းက မဒီ့ပါးပြင်တွေကို ပွန်းပဲ့စေတော့မလားဟု ထင်ရသည်။ ပြီးတော့ ...





မဒီသည် ရင်ထဲကနေ မုန်းတယ်၊ မုန်းတယ် ... ဟု အော်ညည်းနေမိသည်။ မဒီ့အချစ်ကို အမုန်းဖြစ်အောင် သူ့အတွက လုပ်ခဲ့တာပဲ။

မဒီသည် မိန်းမောခဲ့ဖူးသော သူ့ကိုယ်ရနံ့ကို ခါးသီးသွားသည်။

တစ်ခါတစ်ခါ ဒီလိုညမျိုးတွေကို မဒီ အရမ်းမုန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"... ကျွန်တော်ပြောတဲ့ မင်းသမီးနဲ့ပဲ ရိုက်လိုက်ပါဗျာ၊ ဘယ်လို ... ဓာတ်လမ်းနဲ့ မလိုက်ဘူး၊ ဩော် ... ဒါလေးများ ဒါရိုက်တာကြီးရယ်၊ မလိုက်လည်း လိုက်အောင် ခင်ဗျားရိုက်တတ်ပါတယ်၊ ဟာ ... အဲ့ဒီ မင်းသမီးနဲ့ ဆိုရင်တော့ ကျွန်တော် မရိုက်ဘူးဗျာ"

မဒီသည် သူဖုန်းပြောနေတာကို အခန်းထောင့်ချိုးကွယ်လေးမှာရပ်လျက် နားထောင်ရင်း စိတ်ဆင်းရဲရပါသည်။

ခုတလောမှ အဲ့ဒီမင်းသမီးကို သူ အသည်းစွဲဖြစ်နေတာကို မဒီ ရိပ်မိနေတာကြာပြီ။ ရိုးရိုးသားသားပဲ ရိုက်ချင်ရိုက်ချင်၊ မရိုးမသားဘဲ ရိုက်ချင်ရိုက်ချင် အဲဒီလို တစ်ဖက်ပရိဂျူဆာ





တွေ၊ ဒါရိုက်တာတွေကို အကြပ်ကိုင်သလိုကြီး ဖြစ်နေတာတော့ မကောင်းဘူးဟု ထင်သည်။ ပြီးတော့ ကောလာဟလတွေ ထွက်လာနိုင်သည်။

မဒီသည် အခန်းထောင့်မှ သူ့ထံ လျှောက်ထွက်လာဆဲ သူက ဖုန်းပြောပြီးသွားကာ မဒီ့ကို လှမ်းကြည့်သည်။ မဒီက သူ့ရှေ့မှာဝင်ထိုင်ရင်း ...

"ကို ... အဲဒီလိုတော့ မကောင်းဘူးထင်တယ်"

"ဘာလို့လဲ မဒီ"

"ကိုပြောနေတာတွေ မဒီ ကြားကြားနေတာ ကြာပြီ၊ ကို ပြောတဲ့သဘောက ကို့ဆီက ရိုက်ရက်ရချင်ရင် အဲ့ဒီ မင်းသမီးနဲ့ရိုက်မှ၊ ဓာတ်နဲ့လိုက်လိုက် မလိုက်လိုက် ရိုက်ခိုင်းနေသလိုပဲ၊ ကို့ကိုလိုချင်ရင် သူ့ကိုလည်း ယူရမယ်၊ ကိုနဲ့ အဲ့ဒီမင်းသမီးက တွဲထုတ်ပစ္စည်းလိုလိုဖြစ်နေပြီ"

"အဲ့ဒီတော့ ..."

"အဲဒီတော့ မကောင်းဘူးပေါ့ ကိုရယ်၊ သို့လောသို့လော အယင်ခံရနိုင်တာပေါ့၊ ကောလာဟလတွေ ထွက်လာနိုင်တာပေါ့၊ ကိုပဲပြောပြောနေတာ၊ ကို့ဘဝကို ဘာမှအပြစ်ပြောစရာမရှိတဲ့ စင်းလုံးချောပဲ ဖြစ်စေချင်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားပဲ၊ ကောလာဟလဆိုတာ မဆန်းပါဘူး၊ ဒါ ... အမည်းစက်လည်းမဟုတ်ဘူး၊ ဒါမျိုး ကိုယ်ဂရုမစိုက်ဘူး"

မဒီသည် သူ့မထိတရိဖြေပုံကို အသည်းယားလာကာ သူ့မျက်နှာကို သံသယဖြင့် စိုက်ကြည့်လိုက်ရင်း ...

"နေစမ်းပါဦး၊ ရှင် ဒီလောက်တောင် ရဲရဲတောက်ဖြစ်နေတာ ရှင် အဲဒီမင်းသမီးကိုများ ကြိုက်နေသလားဟင်"

"ကြိုက်တယ် ..."

"ဟင် ... ရှင် ..."

"ကြိုက်တယ်လေ၊ သူ့သရုပ်ဆောင်မှုကို ကိုယ်ကြိုက်တယ် သူနဲ့ အလုပ်လုပ်လို့ အဆင်ပြေတယ်"

"ဒါပဲလား၊ ဒီလောက်ပဲလား ..."

"ဒီလောက်ပဲ၊ မင်းက ဘယ်လောက်ထင်လို့လဲ"

"ဒါ့မှုမကဘူးထင်တယ်၊ ရှင်းလား ..."

"မင်း ဘယ်လောက် သဘောထားသေးသိမ်တယ်ဆိုတာ ရှင်းသွားတာပဲ"

"ရှင့်ဇနီးတစ်ယောက်အနေနဲ့ ဒီလောက်တောင် ပြောခွင့် မရှိဘူးလား၊ လင်မယားဆိုတာ နှစ်ကိုယ့်တစ်စိတ်လို့တော့





ကြားဖူးတယ်၊ တကယ်တမ်းကျတော့ ရှင့်ကိုယ်နဲ့ ရှင့်စိတ်ချည်းပဲ"

"တော်ပြီကွာ၊ အာရုံနှောက်တယ်၊ ကိုယ့်ကို စိတ်ရှုပ်အောင် လာမလုပ်နဲ့၊ မင်း ဒီလိုလုပ်နေရင် ကိုယ့်အလုပ်မှာ ထိခိုက်တယ်"

သူက ပြောပြီး အပြင်ထွက်ဖို့ပြင်သည်။

"ဒါ ဘယ်သွားမလို့လဲ"

"ရှူတင်သွားရမယ်"

"မဒီလည်း လိုက်မယ်"

"ဘာလိုက်လုပ်မှာလဲ"

"အိမ်မှာနေရတာ ပျင်းလို့"

"ရစ်စရာမရှိ ကြံဖန်မရစ်စမ်းပါနဲ့ မဒီရာ၊ မင်းလိုက်တော့ ကိုယ် သရုပ်ဆောင်ရတာ မလွတ်လပ်ဘူး၊ တခြားသူတွေလည်း စိတ်ကျဉ်းကြပ်တယ်၊ အိမ်မှာပဲ အေးအေးဆေးဆေး ကာရာအိုကေ ဆိုနေစမ်းပါ"

"ဘာ ..."

"ကာရာအိုကေဆိုဖို့ ပြောတာလေ၊ မင်းပဲ သီချင်းဆိုချင်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မစော်ကားနဲ့"

"ဘာစော်ကားလို့လဲ"

"မဒီအဆင့်က အိမ်ထဲအောင်းပြီး ကာရာအိုကေဆိုနေ
မယ့် အဆင့် မဟုတ်ဘူး"

"ဟောဗျာ၊ ဒါဆို ဘာအဆင့်လဲ၊ စင်ပေါ်တက်ဖို့
ကြောက်ဒူးတုန်နေပြီးတော့"

"ရှင် မဒီကို မနာလိုဖြစ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟား ... ဟား ... ရယ်စရာကြီး၊ ကိုယ်က မင်းကို မနာ
ဖြစ်ရမယ်၊ ဟုတ်လား"

"ဖြစ်နိုင်တာပဲလေ၊ ရှင်က မဒီ အောင်မြင်သွားပြီး ရှင့်
ရင်ပေါ်တန်းလာမှာ ကြောက်တာ၊ အမြဲတမ်း ရှင့်နော
လိုက် ခပ်ညံ့ညံ့မလေးဖြစ်အောင်၊ ရှင့်ကို အမြဲမှီခို
အောင် မဒီတက်လမ်းတွေကို ပိတ်ဆို့ထားတာ မဟု
လား"

"မဟုတ်ပါဘူးကွာ၊ မင်း ရင်းနှီးရမယ့် ပိုက်ဆံတွေ
သွားမှာစိုးလို့ပါ၊ နိုးကူးခွေတွေ ဒီလောက်များတဲ့ခေ
ငြိမ်ငြိမ်သာ နေစမ်းပါ"





"ဩော် ... ရှင်က မဒီ မအောင်မြင်နိုင်ပါဘူးလို့ ကြိုတွက်
ထားပြီးသားပေါ့"

"ထင်ချင်သလို ထင်တော့ကွာ၊ ကိုယ်သွားပြီ ..."

သူ ထွက်သွားသောအခါ မဒီသည် ဒေါသဖြင့်
ဆတ်ဆတ်တုန်ကာ ကျန်ရစ်ရလေသည်။

ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စလေးတွေဟာ စုဖွဲ့
လာကာ ထုထည်ကြီးမားလာခဲ့ပြီ။

မဒီအတွက်တော့ ငရဲခန်းတွေ ဖြစ်ဖြစ်လာပြီ။

ညနေကျတော့ သူက ဘာမှမဖြစ်သလို ပုံစံမျိုးဖြင့်
မဒီ့ထံ ဖုန်းဆက်လာသည်။

"မဒီ ... ကိုယ် ပြောဖို့မေ့နေတယ်၊ ဒီညနေ ကိုယ်တို့
ပွဲတစ်ပွဲ တက်ဖို့ရှိတယ်၊ ကိုယ် ကြော်ငြာရိုက်ပေးတဲ့ကုမ္ပဏီ
ကလုပ်တဲ့ပွဲပဲ၊ စုံတွဲတက်ဖို့ ဖိတ်ထားတာ၊ နောက်နာရီဝက်
ကြာရင် ကိုယ်ပြန်လာခေါ်မယ်၊ အဆင်သင့်ပြင်ထား"

မဒီမှာ နာရီဝက်အတွင်း ပြီးစီးအောင် ဖုတ်ပူမီးတိုက်
ပြင်ဆင်ရလေသည်။

မဒီ ပြင်ဆင်ပြီးတော့ သူရောက်လာသည်။ မဒီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခြေဆုံးခေါင်းဆုံး ကြည့်ရှုအကဲဖြတ်ပြီး ကျေနပ်တော့မှ ကာ
တံခါးကို ဖွင့်ပေးသည်။

ပွဲအလယ်သို့ရောက်သောအခါ သူက ဇနီးကိုအလွှ
ချစ်ခင်သူတစ်ယောက်နေရာမှာ ပီပြင်စွာ သရုပ်ဆောင်တော့သည်

အေးစက်စက်နှင့် သူ့ဖို့သာသီသော မူရင်းပုံစံကာ
နွေးနွေးထွေးထွေးနှင့် ဇနီးမယားကိုဦးစားပေးတတ်သော အသွ
သို့ လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားသည်။

သူက ကင်မရာရှေ့မှာသာ သရုပ်ဆောင်တတ်တာ
မဟုတ်၊ လူတွေရှေ့မှာလည်း လိုသလို သရုပ်ဆောင်သွားနိုင်သည်

သူ ဘယ်လိုပြုမူလျှင် ပရိသတ်က သူ့ကို ချစ်မည်
ဆိုတာ သူ ကောင်းကောင်း နားလည်သည်။

မဒီ့ရဲ့လက်ကလေးကို တွဲဆုပ်ကာ ခန်းမတွင်း
လျှောက်ဝင်လာသော သူ့ပုံစံက သွက်လက်ပေါ့ပါးလှသည်။
တွေနှင့်တွေ့တော့ မဒီ့ပခုံးလေးကို ဖက်ထားလိုက်ပြီး ရယ်စ
ပြောနေသည်။

မဒီသည် ခေါသကိုထိန်းရလွန်းတာမို့ ရင်ထဲ တ
လုပ် တုန်ယင်ကာ မိုက်ခနဲဖြစ်သွားတော့ သူက ဖေးမထိန်း
ကာ ပျာပျာသလဲဖြင့် ...





"မဒီ ... မဒီ ... ဘာဖြစ်လို့လဲ၊ မူးလို့လား၊ လာ ...
လာ ... ဒီမှာခဏလေးထိုင်၊ ကိုယ့်ပခုံးကို မှီထားနော်၊
ဆောရီးဗျာ၊ ဒီမှာ ကျွန်တော့်မိန်းမ သိပ်နေမကောင်းလို့"

သူက သူနဲ့စကားပြောနေသူတွေရှေ့မှာ တအား
ပြလိုက်ချေသေးသည်။

ထိုလူတွေထွက်သွားတော့မှ မဒီ့နား ကပ်ကာ ...
"ဘာလုပ်တာလဲကွာ၊ ရယ်ပျက်လိုက်တာ"

ဟု ခပ်ကြိတ်ကြိတ် ကြိမ်းသောအခါ မဒီ့မျက်စိထဲ
သဖြင့် ပြာဝေသွားသည်။

မဒီသည် ရုတ်တရက် ဒေါသတွန်းအားဖြင့်ပင် သူ့
ကို ဆောင့်နင်းချလိုက်သည်။ သူ့မျက်နှာက ဖြန်းခနဲ
ကာ မျက်လုံးထဲမှာ ဒေါသမီးထတောက်သွားသည်။ သို့သော်
ရိပ်မိမှာစိုးတာမို့ အပြုံးတော့မပျက် ... ။

သူ အဲဒီလို ဟန်ဆောင်နိုင်လွန်းတာ စိတ်ထဲက
အပြင်ကတစ်မျိုး လုပ်တတ်တာတွေများလာတော့ မဒီက
ရွံ့ကြောက်ကြီး ဖြစ်လာသည်။

ပြီးတော့ သူ့စိတ်ဟာ တော်ကြာတစ်မျိုး၊ ခုလ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပင်။ မဒီဘက်က ဘာကလေးမှ အမှားအယွင်းမရှိလိုက်နှင့် သူက မကြိုက်ချင်။ သူ့ဘက်ကျတော့ မှားချင်သလောက် မှားမယ်၊ မဒီဘက်က ဘာမှမပြောနဲ့ဆိုတဲ့ အချိုးမျိုး။ တော်တော်တော့ တရားမျှတတာပင်။

မဒီကို သူ့ဇနီးအဖြစ်သာ ထင်ပေါ်စေလိုပြီး အဆိုတော်တစ်ယောက်အဖြစ် မထင်ပေါ်စေလိုသော သူ့သဘောကိုလည်း မဒီက တစ်နေ့ထက်တစ်နေ့ ပိုရိပ်မိလာသည်။

ထိုပွဲမှပြန်လာတာနှင့် သူ့မျက်နှာပေါ်က 'လုပ်ပြုံး' က ဖြုန်းခနဲ ပျောက်သွားကာ မဒီကို ကြိမ်းပါသည်။

"မင်း လူတွေရှေ့မှာ ဒီလိုလုပ်တာ ဒါ နောက်ဆုံးဖြစ်ပါစေ၊ ဒါ့ထက်ပိုလာရင် ငါ သည်းမခံတော့ဘူး"

မဒီကလည်း ပြန်ကြိမ်းလိုက်ပါသည်။

"ရှင်လည်း လူတွေရှေ့မှာတစ်မျိုး၊ နောက်ကွယ်မှာတစ်မျိုး လုပ်တာတ်တာ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ ဒါ့ထက် ပိုရင် မဒီလည်း သည်းမခံနိုင်တော့ဘူး"





သူရိယဟာ မဒီကို ရိုက်ပုတ် နှိပ်စက်တတ်သူ ဟုတ်ပါ။

ငွေရှာမပေးနိုင်သူလည်း မဟုတ်ပါ။

မဒီကို လူ့ပုံအလယ်မှာ တင့်တယ်စေသော ဂုဏ် ပုဒ်ကို ပေးနိုင်သူလည်း ဖြစ်ပါသည်။

သို့သော် ကြီးကြီးမားမားထောက်ပြစရာအဖြစ်မျိုး သိမ်မရှိလှဘဲ သူ့ရဲ့ဥပေက္ခာပြုနိုင်စွမ်းများ၊ တစ်ဖက်သားအတွက် ရှည်မတွေးဘဲ သူ့စိတ် သူ့ကိုယ် ထင်ရာစိုင်းခြင်းများက မဒီ စိတ်နှလုံးကို တရိရိ အတွင်းကြေနေစေပါသည်။

တစ်နေ့တော့ သူက ခရီးဆောင်သေတ္တာကြီးတဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများ ထည့်သိုနေသောအခါ မဒီက သူ့အနားလျှောက်သွားပြီး ...

"ဒါ ... ဘာလုပ်ဖို့လဲ ကို ..."

"ခရီးသွားမလို့လေ ... ကိုယ် နယ်ရှူတင်ရှိတယ် မဒီ"

"ဘယ်လောက်တောင် ကြာမှာလဲ"

"ဟိုမှာ သုံးကားလောက် ဆက်ရိုက်မှာဆိုတော့ နှစ်လလောက်တော့ ကြာမယ်"

"ဟင် ... အကြာကြီးပဲ"

မဒီက သူ့ကို မုန်းချင်ချင်ရှိသော်လည်း ချစ်စိတ်ငွေ့ငွေ့ကလေးတော့ ကျန်သေးသည်ဖြစ်ရာ သူ အဲဒီလောက် အကြာကြီးသွားမှာကိုတော့ မကြိုက်ချင်။

"ဘယ်ကို သွားမှာလဲ"

"ပုဂံကို"

"မဒီလည်း လိုက်ချင်တယ်"

"ဘာလုပ်ဖို့လဲ"

"ကိုယ့်ယောကျ်ား ရုပ်ရှင်ရိုက်တဲ့နေရာ ကိုယ်လိုက်တာ အကြောင်းပြချက်လိုလို့လား၊ ဟိုရောက်ရင် ကို့ရှူတင်တွေ





ကိုလည်း မဒီ မလိုက်ပါဘူး၊ မဒီဘာသာ ဘုရားတွေ လျှောက်ဖူး၊ လျှောက်လည်နေမှာပေါ့"

"ဒီညနေပဲ သွားတော့မှာ၊ မဒီပါမယ်လို့လည်း ပရိုဂျူဆာကို ကိုယ်ကြိုပြောမထားဘူး၊ ကိုယ့်မန်နေဂျာပဲလိုက်မယ်ဆိုတာ စီစဉ်ပြီးသားဖြစ်နေပြီ"

အဲဒီတော့ မဒီ ဘာပြောနိုင်ဦးမလဲ။ ရှင့်ကို လွမ်းနေရမှာစိုးလို့ လိုက်ချင်တာပါဟု ခုချိန်မှာပြောလိုက်လျှင် မဒီသာ ပေါလုံးလုံးဖြစ်သွားနိုင်သည်။ သူတောင်မှ မလွမ်းသေးတာဟု တွေးကာ မဒီက စိတ်ကိုပြန်တင်းထားလိုက်သည်။

ဒီလိုနဲ့ပဲ သူထွက်သွားသောအခါ မဒီသည် တစ်ယောက်တည်း အထီးကျန်ကျန် ကျန်ရစ်ရသည်။

အရင်တုန်းကမှ မဒီမှာ ဂီတနှင့် ပတ်သက်သည့် အသိအကျွမ်းမိတ်ဆွေတွေ အများကြီးရှိသေးသည်။ ခုတော့ သူတို့နှင့်အဆက်ပြတ်တာလည်း ကြာနေပြီ။ ပြီးတော့ မဒီက သီချင်းဆိုခွင့်မရ၊ အောင်လည်း မအောင်မြင်သော ကိုယ့်အဖြစ်ကို အင့်စိတ်အတွေးဖြင့် သိမ်ငယ်ကာ ထိုအပေါင်းအသင်းတွေကို ရှောင်နေမိသဖြင့် ခုတော့ ပိုအထီးကျန်ဆန်လာသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်တွေအတွင်းမှာ မဒီသည် စိတ်ညစ်ညစ်နှင့် အစားတွေပဲ ဖိဖိစားနေတာမို့ ဝဝလာသည်။

မဒီသည် ပျင်းရိငြီးငွေ့ စိတ်ညှိုးငယ်လာတိုင်း ရှုဇီနှင့်ချိန်းကာ အပြင်ထွက်စား၊ Shopping သွားဖြင့် ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင် ထားရသည်။

ရှုဇီက ပြောသည်မှာ ...

"တကယ်တော့ အစကတည်းက နင်ကမှ အမှန်ကို မမြင်နိုင်ခဲ့တာ၊ သေသေချာချာ စဉ်းစားကြည့်ရင် သူ့ကြောင့် နင်ဂုဏ်တက် ရတာထက် နင့်ကြောင့် သူဂုဏ်တက်ရတာက ပိုတယ် ...၊

"စဉ်းစားကြည့်လေ၊ နင်က ရုပ်ချောတဲ့အပြင် ပညာလည်း တတ်သေးတယ်၊ အကျင့်စာရိတ္တကလည်း ဘာမှ အပြစ်ပြောစရာမရှိဘူး၊ မိဘကလည်း ချမ်းသာသေးတယ်၊ အဲဒီလို မိန်းကလေးမျိုးကို ဇနီးအဖြစ် ရွေးချယ်လိုက်တဲ့အတွက် သူဂုဏ်တက်ရတာပဲ ...၊

"ပြီးတော့ နင်က အရမ်း Simple ဖြစ်လွန်းတော့ သူပုံသွင်းတဲ့အတိုင်း ထားရာနေ စေရာသွား နေနိုင်လိမ့်မယ်





လို့ သူထင်ခဲ့တာပေါ့၊ နင်လို မိန်းကလေးက သူ့ဂုဏ်သိက္ခာအတွက် အသုံးချဖို့ အသင့်တော်ဆုံးပဲလေ"

ဒီတစ်ခါတော့ ရှုဇီ့စကားတွေကို 'မှန်တယ်'ဟု မဒီက ထောက်ခံမိနေသည်။

'နင့်ကို ငါ စောစောကပြောခဲ့သားပဲ မဒီ၊ သူရိယက နင့်ကို ချစ်တာထက် ချစ်ပြနေတာက များတယ်ဆိုတာလေ၊ ကိုယ့်ဇနီးမယားကို ချစ်ခင်ဂရုစိုက် အလေးထားခြင်းဟာလည်း ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာပဲ မဟုတ်လား"

မဒီ ငိုင်သွားသည်။ လူရှေ့မှာဆို မဒီ့ကို ရှေ့တန်းတင်၊ ကွယ်ရာမှာဆို သူ့စိတ်သူ့သဘော တစ်ကိုယ်ကောင်းဆန်လှသော အဖြစ်အပျက်တွေကို ပြန်တွေးတိုင်း နာကျင်သည်။ သူ့အလုပ်ကပဲ ကြီးမြတ်ပြီး မဒီ့အလုပ်က သေးနုတ်သယောင် ပြောတာကို မခံချင်။

ဒီလိုနဲ့ပဲ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာပြီး မဒီ့ဝိတ်တွေလည်း တစ်ရစ်ပြီးတစ်ရစ် တိုးတိုးလာပြီး နောက် ... သူရိယ ပြန်လာမည့်နေ့သို့ နီးကပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

"ဟယ် ... ကို ပြန်ရောက်လာပြီ"

"ဟင် ... ဒါ ဘယ်လိုဖြစ်တာလဲ"

သူ ပြန်လာသောနေ့မှာ မဒီက ဝမ်းသာအားရ အကြို၊ သူက အံ့သြတကြီးအမေး၊ စကားလုံးတွေချင်း ခလုတ်တိုက်မိသွားပါသည်။

"ကို ... ဘာကိုမေးတာလဲ"

သူက မဒီပြန်မေးတာကို ချက်ချင်း ပြန်မဖြေနိုင်သေးဘဲ မဒီတစ်ကိုယ်လုံးကို စားတော့ဝါးတော့မလိုကြည့်ကာ ...

"ဘာဖြစ်လို့ ဒီလောက်တောင် ဝလာတာလဲ၊ ကြည့်စမ်း ... မျက်နှာကလည်း ဖောင်းကားနေတာပဲ၊ မေးတောင် နှစ်ထပ်ထွက်တော့မယ်"





"ဟင် ... မပိုပါနဲ့၊ ရှင်ပြောသလောက်လည်း မဆိုးသေးပါဘူး၊ နည်းနည်းပြည့်လာရုံပါ"

"ဘာပြည့်တာလဲ၊ ဝတာ ... ဝတာ၊ ဖက်တီးမကြီးဖြစ်လာတာ"

"ရှင် စကားကို အဲ့ဒီလောက် ရင့်ရင့်သီးသီး ပြောစရာမလိုဘူးနော်"

"မှန်တာပြောတာပဲ၊ ကြည့်ပါလား ... ပုံပျက်နေလိုက်တာ ဘယ်လောက်တောင် မဆင်မခြင် နင်းကန်စားပြီး အင... မရှိတိုင်း အိပ်နေသလဲမှ မသိတာ" သူ့...

မဒီသည် ဆတ်ဆတ်ခါသွားရကာ ...

"ဟုတ်တယ်၊ မဒီ့မှာ အလုပ်မရှိပူးလေ၊ မဒီက အသုံးမကျလို့ ယောကျ်ားကိုပဲမှီခိုသက်သာကျိုးနေတာ၊ အဲဒါကြောင့် စည်းစိမ်ယစ်ပြီး ဝလာတာ"

"ဒီပုံနဲ့ ဘယ်လိုပွဲတိုးမလဲ၊ ကိုယ်နဲ့ ဘယ်လို လိုက်ဖက်ညီမလဲ၊ သူ့ရိယမိန်းမက ဝတုတ်မကြီးဖြစ်ပြီး ပုံပျက်နေပါပြီကွာလို့ အပြောခံရမှာတော့ ငါ တကယ် ရှက်တယ်၊ ဒီလိုပုံနဲ့ တွဲသွားရမှာလည်း ခပ်ရှက်ရှက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ်ရင် တွဲမသွားနဲ့ပေါ့၊ မဒီအဖို့တော့ ပိုတောင်ကောင်းသေးတယ်၊ ရှင်ရဲ့ ကွယ်ရာတစ်မျိုး လူရှေ့တစ်မျိုး ဆက်ဆံရေးကြီးကို စိတ်ကုန်နေတာနဲ့ အတော်ပဲ"

မဒီက လှမ်းယူထားသော သူ့အိတ်ကို လွှတ်ချပစ်ခဲ့ပြီး လှည့်ဝင်လာခဲ့သည်။ သူကလည်း မဒီနောက်မှ လိုက်ဝင်လာသည်။ ပြီးတော့ မဒီရဲ့ ဝခြင်းကိစ္စကို သူ အဝတ်လဲရင်း၊ ထမင်းစားရင်း၊ တီဗီကြည့်ရင်း မပြီးနိုင်မစီးနိုင် ပြော၍နေလေသည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို အဝခံတာ အံ့ဩပါရဲ့ကွာ အခု ပုံအပျက်ကလေး ပျက်နေရာကနေ မကြာခင် ပုံအပျက်ကြီး ပျက်တော့မှာ မြင်ယောင်သေးတယ်၊ သူရိယာမိန်းမဖြစ်ပြီး သူရိယနဲ့လိုက်ဖက်ညီညီ အမြင့်တင့်တယ်အောင်နေမယ် စိတ်မကူးဘူး၊ စည်းကမ်းမရှိ လိုမ့်ပိမ့်စားနေတော့ မဝ ခံနိုင်မလား၊ ဒေါ်စိုး ... ခင်ဗျားကလည်း ကြည့်နေတာပဲလား၊ မပြောဘူးလား"

"သူ ... သူက အပြင်မှာ သွားသွားစားတာ"

"သြော် ... သြော် ... ထင်သလိုနေ ထင်သလိုစားနေတယ်





ဆိုပါတော့၊ ကြည့်စမ်း ... ကုပ်ပိုးတွေတောင် တက်စမြူနေပြီ၊ မကြာခင် တံတောင်ဆစ်ပေါ်ကို လက်မောင်းသားတွေ အိကျလာမှာ မြင်ယောင်သေးတယ်၊ ဗိုက်ကလည်း အဆီတွေနဲ့ ဖောင်းနေပြီ"

"တော်ပါတော့၊ ရှင့် အိုဗာအပြောတွေကို ရပ်ပါတော့"

မဒီသည် နားငြီးလွန်းတာမို့ ထမင်းဝိုင်းက ထလာခဲ့ရသည်။

အဲဒီနောက် သူနဲ့အတူ ထမင်းမစားရဲ၊ မျက်နှာချင်း ကြာကြာမဆိုင်ရဲ၊ ကြာကြာကျောပေးမနေရဲ။ မဒီများ သူ့ကို ကြာကြာကျောခိုင်းနေမိလျှင် သူက နောက်မှနေ၍ မဒီ့ခန္ဓာကိုယ်ကို တစိမ့်စိမ့်ကြည့်ကာ ...

"အံမယ်လေး ... ကျောပြင်ကြီးတောင် ဖောင်းလာသလိုပဲ၊ နောက်ဆို ကောက်ညှင်းထုပ်လို တစ်ရစ်စီဖြစ်တော့မှာ"

ဟု ဆိုတာမို့ မဒီမှာ ကျောပေးနေမိတိုင်း နောက်ကျောမလုံ ဖြစ်ရ၏။

သူက ထိုသို့ မဒီ့ကိုဖိနှိပ်ပြောလေ မဒီက ပိုစိတ်ဖိစီးကာ ပိုစားလေ၊ ပိုဝလေ ... သူက ပိုပြောလေဖြင့် အခြေအနေက တင်းမာလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သူက မဒီ့ရှေ့သို့ ဖိတ်စာတစ်စောင် ချပြကာ ...

"လာမယ့် ဆန်းဒေးမှာ အဲဒီပွဲသွားရမယ်၊ မင်း ... ဝိတ်ချ တော့"

ဟု ဆိုလေသည်။ မဒီက ဖိတ်စာကိုကောက်ဖတ် လိုက်တော့ ပွဲက နောက်သုံးရက်အကြာမှာ ဖြစ်နေသည်။ မဒီက ဖိတ်စာကို ပြန်လွှတ်ချလိုက်ပြီး ...

"သုံးရက်တည်းနဲ့ ဘယ်လိုဝိတ်ချမလဲ၊ ဒီပုံအတိုင်းပဲသွား မယ်၊ ဒီပုံနဲ့ တွဲမသွားချင်ဘူးဆိုလည်း မလိုက်ရုံပဲ ..."

"မလိုက်လို့ မရဘူး၊ ကိုယ်က ဘယ်ပွဲမဆို စုံတွဲသွားနေ ကျပဲ၊ မင်းလိုက်ရမယ်၊ ဒါပေမယ့် ဒီပုံနဲ့တော့ မဟုတ်ဘူး ဝိတ်ချရမယ်"

"ဝိတ်ချတော့ရော သုံးရက်တည်းနဲ့ ဘာထူးမှာလဲ"

"သုံးရက်လည်း သုံးရက်ဆို ဆိုသလောက် ဆင်ခြင်ရင် ဝိတ်ကျတာပဲ၊ အထူးသဖြင့် အစားဆင်ခြင်ရင် သိသာ တယ်၊ ထမင်းနှစ်နပ်စားမယ့်နေရာမှာ တစ်နပ်ပဲစားလိုက် ရင် ..."





"ဘာ ... အံမလေး ... မရပါဘူး၊ အစာအိမ်တောင် ပေါက် သေသွားဦးမယ်၊ ထမင်းတစ်နပ်ပဲစားပြီး ဘယ်လိုနေနိုင် မှာလဲ"

မဒီက ငြင်းဆန်သော်လည်း မရပေ။ ထိုရက်တွေက သူ ရှုတင်နားသောရက်တွေ ဖြစ်တာမို့ သူက မဒီ့ကို အစာဖြတ် ရေဖြတ်လုပ်ဖို့ စောင့်ကြပ်လေသည်။

မဒီသည် အချိုရည်ကလေးတောင် သောက်ခွင့်မရ။ သူနှင့်အတူ ထမင်းထိုင်စားလျှင် သူက အသားဟင်းခွက်တွေကို သူ့ဘက်ဆွဲ အပိုင်စီးထားကာ မဒီ့အတွက်တော့ ထမင်းလေး တစ်ဇွန်းစာရယ်၊ အရွက်ပြုတ်တစ်ပန်းကန်ရယ်သာ ကျွေး၏။ ညနေစာ အချိန်မတိုင်မီ မဒီ တစ်ခုခုစားဖို့ ကိုင်လိုက်တိုင်း လက်ကိုပုတ်ချ ခြင်း၊ အကြမ်းပတမ်း လုယူခြင်းခံရ၏။ ညနေရောက်တော့လည်း သံပရာရည်တစ်ခွက်ပဲ တိုက်ကာ ဘာမှ မကျွေးတော့ချေ။

ထိုလုပ်ရပ်ကြောင့် မဒီသည် တစ်ရက်တည်းနှင့်ပင် ချုံးချုံးကျသွားကာ ဟောဟဲဆိုက်အောင် မောပန်းနုံးခွေသွားလေ သည်။

မဒီ့အဖြစ်ကို မကြည့်ရက်နိုင်သော ဒေါ်စိုးက သူ့ အလစ်မှာ ဟန်ဘာဂါတစ်လုံး ဝှက်ယူလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ရော့ ... မဒီ၊ ဆာရင် မြန်မြန်စားလိုက်၊ ဘယ် နယ်ကွယ်၊ စင်းလုံးချောတို့နှိပ်စက်တာ လွန်လွန်းတယ်။ မဒီလေးခမျာ စကားတောင် မာမာချာချာ မပြောနိုင်တော့ ဘူး၊ ယဲ့ယဲ့လေးပဲ ကျန်တော့တယ်၊ ဒီပုံတိုင်းဆို ပွဲမတာ ရခင် အသက်ထွက်သွားမှာစိုးရတယ်"

"ကျေး ... ကျေးဇူး"

မဒီက အသံလေးပိစိညှောက်တောက်နှင့် ပါး လှုပ်ရုံပြောရင်း ဟန်ဘာဂါကို လှမ်းယူလိုက်ချိန်တွင် လမ်းမှဖြတ် လုယက်ခြင်း ခံလိုက်ရလေသည်။

"ဒေါ်စိုး ... ဒါဘာလုပ်တာလဲ၊ ခင်ဗျားလုပ်ပုံနဲ့တော့ စည်းကမ်းပျက်တော့မှာပဲ"

သူက ဒေါ်စိုးကို မာန်မဲလိုက်ပြီး သူလုယူထားသော ဟန်ဘာဂါကို ကြည့်လိုက်၏။ မဒီကလည်း ထိုဟန်ဘာဂါ တော်တော်နှင့် ငေးဆဲမှာ သူက ဟန်ဘာဂါကို အားပါးတရ ကိုက် စားလိုက်၏။ မဒီသည် ထိုမြင်ကွင်းကြောင့် လူသတ်ချင်လော အောင် စိတ်တိုသွားရ၏။ သူ့ကို ခုန်အုပ် ရန်ပြုပစ်လိုက်ချင်သော် လည်း လူက အားမရှိဘဲ နွမ်းယွဲ့၍နေလေသည်။





ဒီလိုနဲ့ပဲ ညှော်ခံပွဲသွားရမည့်နေ့သို့ ရောက်ရှိလာရ ၏။ ထိုနေ့တွင် မဒီသည် မျက်နှာချောင်ကျကာ မောန်းနေရုံမှ တစ်ပါး မဆိုစလောက်ကလေးသာပိန်မှုန်း ကိုယ့်ဘာသာ သိ၏။

မဒီ ဝတ်လိုက်သော ဂါဝန်ဆွဲသာ ကလေးက မဒီ ကိုယ်ပေါ်မှာ တစ်တစ်ရစ်ရစ်ဖြစ်နေ၏။

သူက မဒီကို လှည့်ပတ်ကြည့်ကာ ...

"ဟာကွာ ... တော်တော်အဖြစ်ဆိုးတာပဲ၊ ချိုင် သားတွေ လည်း တစ်လို့၊ ဗိုက်ကလည်းပူ၊ တင်ပါးကလည်း ရယ် စရာကြီး၊ ချွတ် ... ချွတ် ... အဲဒီအကျႌမဝတ်နဲ့၊ အတွင်းခံ ကော့ဆက်တွေ ဘာတွေ သေသေချာချာ ဝတ်လေကွာ"

မဒီသည် ထိုဂါဝန်ကိုပြန်ချွတ်ကာ နောက်တစ်ထည် ထဲရပြန်၏။ ထိုဂါဝန်ကတော့ ပေါ့ပေါ့ပါးပါးဝတ်ရအောင် ချောင် ချောင်ချိချိကလေး ချုပ်ထားတာမို့ အဆင်ပြေသည်။ သို့သော် သူက အကြိုက်မတွေ့နိုင်သေးဘဲ ...

"ပွတတနဲ့ မီးပုံးပျံကြီးကျနေတာပဲ၊ ဒါမျိုးကြီးတော့ မဝတ် ပါနဲ့ကွာ၊ သူရိယမိန်းမက ဘာပုံကြီးလဲဆိုပြီး အကဲ့ရဲ့ ခံနေရပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ရပြန်၏။ စွပ်ရပြန်၏။ နောက်တစ်ထည်ထ
တော့ အနက်ရောင်မို့ တစ်ရစ်တာတွေ သိပ်မသိသာဘဲ အသာ
ရှသာ နာနာအောင့်ထားလျှင် ပိန်သယောင်ထင်ရလေသည်။

ထိုဝတ်စုံနှင့် အဆင်ပြေတော့မှ မဒီက သူနှင့်အ
ထိုပွဲသို့ လိုက်ပါလာခဲ့ရပါသည်။





"အား ... အသက်ရှုကြပ်လာပြီ"

မဒီသည် ဘူဖေးစနစ် ပြင်ဆင်ထားသည့် ဟင်းပွဲ
တွေကို သုံးကြိမ်မြောက် ခပ်ယူကာ ပန်းကန်ပြားထဲ ထည့်နေ
ချိန်မှာ ဗိုက်လေးနှင့်ကြပ်သော်ခံစားမှုကို ခံစားလာရသည်။

သူကတော့ ဟိုဘက်အစွန်မှာ သူ့ မိတ်ဆွေတွေနှင့်
စကားရပ်ပြောနေသည်။ မဒီ မဆန့်မပြဲစားနေတာကို လှည့်လှည့်
ကြည့်နေပေမယ့် စကားစမပြတ်သေး၍ မဒီဆီ လာလို့မရသေး။
မဒီကလည်း ဒါကိုပဲ အခွင့်ကောင်းယူကာ စားချင်တာကို စားချင်
သလောက် ထည့်ထည့်စားနေသည်။

အတွင်းခံကြပ်ကြပ် ဝတ်လာခဲ့တာမို့ စားနေရင်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်နားဆီက တင်းသထက်တင်းကာ တစ်ကိုယ်လုံး တုပ်စည်းသလိုဖြစ်လာပြီး အသက်ရှူမဝဘဲ ဆို့ကြပ်ကြပ်ဖြစ်လျက် ချွေးစေးတွေပျံလာသည်။ ခေါင်းနပန်းကြီးလာသည်။ ရင်ထဲတလှပ်လှပ်နှင့် ခေါင်းတွေမူး ချာလည်လာပါသည်။

ထိုအခိုက်မှာ သူက မဒီ့ထံ ခြေလှမ်းကျဲဖြင့် လှမ်းလာနေတာကို မြင်ရသည်။ သူ မဒီ့နားရောက်ချိန်မှာ အသိတစ်ယောက်က မဒီ့ရှေ့ရောက်လာလျက် ...

"ဟယ် ... မဒီ၊ အရမ်းဝလာတယ်နော်"

ဟု အလန့်တကြား အံ့ဩတကြီး ပြောလိုက်သေးသည်။ မဒီကဖြင့် မျက်နှာမပျက်သော်လည်း သူက မျက်နှာပျက်သွား၏။

"ဝိတ်ချဦးနော် မဒီ၊ သူ့ရိုယက အရမ်း အလှကြိုက်တာ မိန်းမတွေ ဝရင် သူ အရမ်းကဲ့ရဲ့တတ်တာ"

ထိုမိတ်ဆွေအစ်မက သူ့ကိုကြည့်ရင်း မဒီ့ကို ပြောလိုက်သည်။ သူက မဒီ့ပခုံးကို ဖက်လျက် ပြုံးလိုက်ရင်း ...

"သူများတကာကို ကဲ့ရဲ့ပေမယ့် ကျွန်တော့်မိန်းမကိုတော့ မကဲ့ရဲ့ရက်ပါဘူးဗျာ၊ သူ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်မျက်စိထဲတော့ အမြဲလှနေတာပါပဲ"





ဟု ပိပိရိရိလေး ပြောလိုက်လေသည်။ မဒီ့မှာတော့ 'အစ်မ လုံးဝမယုံနဲ့' ဟု စိတ်ထဲကနေ ပြန်အော်ပြောနေမိသည်။

ထိုအမျိုးသမီး နောက်ခိုင်းတာနှင့် သူက မဒီ့ကို သရော်သလို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ရင်း ...

"မင်း ... အဲ့ဒီလောက် စားနေပုံမျိုးနဲ့ ပိုပြီးတော့ ပိန်ဦးတော့မှာပဲ ..."

မဒီသည် သူ့ကို ပြန်ရန်မတွေ့နိုင်တော့ဘဲ နှင့်အစ် အသက်ရှူကြပ်နေကာ ...

"မဒီ မရတော့ဘူး၊ အရမ်း အသက်ရှူကြပ်နေပြီ၊ ပြန်မှဖြစ်မယ်"

"ကျွတ် ... စိတ်ပျက်စရာကြီးကွာ ...၊ ကဲ ... လာ ... လာ ..."

သူက မဒီ့ကိုလက်ကို ဖျစ်ညှစ် ဆောင့်ဆွဲခေါ်လာသည်။ အဲ့ဒီနောက်တော့ အေးစက်စက်နှင့် စကားတစ်ခွန်းမှ မပြောတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

အဲ့ဒီနောက်တော့ သူရိယသည် မဒီကို ဝိတ်လျှော့ဖို့လည်း မပြောတော့... တခြား ဘာစကားမှလည်း မပြောတော့ဘဲ ဥပေက္ခာ ပြုရှု၍နေလေသည်။

သို့သော်... သူက မဒီကိုသာ စကားဟဟမပြောပေမယ့် ဖုန်းကိုတော့ မနားတမ်း ပြောလေသည်။

ညညဆို... ဝရန်တာထွက်ကာ တိုးတိုး တိုးတိုး ပြောလိုက် ရယ်မောလိုက်ဖြင့် မပြီးနိုင် မစီးနိုင် ပြောနေသော သူ့ကို တွေ့နိုင်သည်။ သူ့မျက်နှာသည် ကြည်နူးပီတိအရောင်မျိုး လျှံလက်နေသည်။ တစ်ရံတစ်ယောက်သော မိန်းမထံပါးမှာ အသံဖြင့် ဖြစ်စေ... သာယာနေသော ယောကျ်ား တစ်ယောက်ရဲ့ မျက်နှာမျိုးပေါ့...။





ဒေါ်စိုးကပင် သူ့ကို ကြည့်မရဖြစ်ကာ မဒီကို လာပြောသည်မှာ...

"မဒီရေ... ညည်း ယောကျ်ား ကြည့်ရတာ အကဲမရဘူးကွယ်၊ ညည်းလည်း ဝိတ်လေး ဘာလေး လျှော့၊ သူ့ရှေ့မှာ လှအောင်နေ၊ ညည်းလည်း သိတဲ့အတိုင်း ညည်းယောကျ်ားက အလုကြိုက်မဟုတ်လား၊ သူ ဖုန်းပြောပြောနေတာ ဒေါ်စိုး တစ်ခွန်းတစ်စ ကြားဖူးတယ်၊ မင်းသမီးသစ်လေးနဲ့ အီနေတာလား မသိဘူးအေ..."

ဒေါ်စိုးက အဲဒီလို ပြောလေ မဒီ ရင်ပူရလေပင်။

သို့သော်... မဒီ ဘာမျှလည်း မပြောချင်တော့ပါ။

မဒီသည် သူ့ရဲ့ ရက်ပေါင်းများစွာ ဂရုမစိုက် ပစ်ထားခံရမှုကြောင့် တပြည်းပြည်း ဝမ်းနည်းတုန်လှုပ်လာခဲ့ရသည်။ ...န်းပြင်ထွက်ကာ ဖုန်းပြောပြီး ညဉ့်နက်သန်းခေါင်မှ ပြန်ဝင်...တာ မဒီကို ကျောခိုင်းပြီး အိပ်မောကျသွားတတ်သော သူ့...နှာကို မီးလင်းခါနီးထိ အိပ်မပျော်နိုင်သော မဒီက ဝေလီ...ောင်းကြီးမှာ ထကြည့်နေမိတတ်သည်။

မဒီသည် အမြဲတမ်းပဲ ဝမ်းနည်းဆာလောင်နေကာ



www.burmeseclassic.com

www.burmeseclassic.com



တရေးနိုး ထမင်းထစားသည့်အကျင့်ပါ ရလာတော့တာမို့ ဝသထက် ဝလာသည်။ အိပ်မပျော်လျှင်လည်း မဒီက အစားမပျက်ဘဲ ပိုစားချင်နေသည်။

တစ်ညတော့ သူ ဖုန်းပြောပြီး အိပ်ခန်းထဲ ပြန်ဝင်လာချိန်မှာ အိပ်မပျော်သေးသော မဒီက သူ့ကို မျက်လုံးမသိမသာ ဖွင့်လျက် ခိုးကြည့်လိုက်မိရင်း အကြံထုတ်ရသည်။

မဒီကပဲ သူ့ကို စခေါ်လိုက်ရင် ကောင်းမလား။ ဒီလိုနေရတာ မဒီ အထီးကျန်လှပြီ။ မဒီ့ဘက်က နည်းနည်းတော့ လျှော့မှပဲ ဟု တွေးမိ၏။

သူမဒီ့ဘေးမှာ ဝင်အိပ်လိုက်တာကို သိလိုက်၏။ မဒီသည် အိပ်ချင်ယောင်ဆောင်ကာ မှိတ်ထားသော မျက်စိကို ဖျတ်ခနဲ ဖွင့်ကြည့်တော့ သူ့ကျောပြင်ကို မြင်ရ၏။ သူ မဒီ့ကို ကျောခိုင်းအိပ်တတ်ခဲ့တာ ကြာပြီ။

မဒီသည် အရဲကိုးကာ သူ့လက်မောင်းပေါ်သို့ မဒီ လက်ဖဝါးလေးကို ဖွဖွလေး တင်ကြည့်လိုက်လေသည်။

မဒီ မျှော်လင့်တာကတော့ သူက မဒီ့လက်ကို ပြန်ဆုပ်ကိုင်လိုက်ပြီး မဒီ့ဘက်သို့ ညင်သာစွာ လှည့်လာလေမလား ဟုပင် ...။





သို့သော် သူက မဒီ့ နှလုံးသားကို အပိုင်းပိုင်း ပြတ်စေသော လုပ်ရပ်ကို လုပ်ခဲ့လေသည်။

သူက မဒီ့ လက်ကို ခပ်ကြမ်းကြမ်း ဖြုတ်ပယ်ချလိုက်၏။ ပြီးတော့ ဖျတ်ခနဲ ထထိုင်လိုက်ပြီး ...

"မဒီ ... ဟိုဘက်တိုးစမ်းပါကွာ၊ မင်းကိုယ်လုံးကြီးနဲ့ အိုက်လွန်းလို့ ဝေးဝေးမှာ နေစမ်းပါ"

ဟု ပြောလည်းပြော မဒီ့ခန္ဓာကိုယ်ကို လှိမ့်တွန်းပစ်လိုက်လေသည်။

"အမလေး ... သေပါပြီ"

မဒီသည် အရှိန်ဖြင့် လိမ့်ကာ ခုတင်အောက်သို့ ဒုန်းခနဲ ပြုတ်ကျသွားတာမို့ လူရော စိတ်ပါ အသည်းခိုက်အောင် နာကျင်သွားရလေသည်။

မဒီသည် သူ့ကို ရန်တွေ့ဖို့တောင် စိတ်ကုန်သွား၏။ နည်းနည်းချင်းစီ စုဝေးလာသည့် မကျေနပ်ချက် မှန်သမျှဟာ ဒီခုတင်အောက်မှာပင် ရုပ်ပြပေါက်ကွဲသွားလေပြီဟု ထင်လိုက်၏။

မဒီက နာနေသော ခါးကို လက်ဖြင့် ထောက်ကာ ပြန်ထလာ၏။ ပြီးတော့ သူ့မျက်နှာကို အေးခဲ စူးရှစွာ စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အဲဒီနောက်တော့ အခန်းထဲမှ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။





မဒီသည် သူရိယ အိစိကလီ စကားတွေ ရပ်ရပ်ပြောတတ်သော ဝရန်တာ လက်ရန်းကလေးရှေ့တွင် ရပ်လိုက်လေသည်။

ဆောင်းလေသည် အေးစိမ့်စိမ့်လေး တိုက်ခတ်နေတာမို့ မဒီ ညအိပ်ဝတ်အင်္ကျီရှည်သည် တဖျပ်ဖျပ် လှုပ်ခတ်နေ၏။

မဒီသည် နာနေသော ခါးကို လက်တစ်ဖက်ဖြင့်ထောက်ကာ ရပ်တန့်လျက် ကြယ်ကလေးတွေ လှဲနေသောကောင်းကင်ဆီ မော့ကြည့်ကာ အသက်ဝဝရှူရင်း ဆုံးဖြတ်ချက်ကို ချလိုက်၏။

သူရိယက သူ့ကြမ္မာသူ မသိနိုင်ဘဲ အိပ်မောကျနေချိန်တွင် မဒီသည် ...



www.burmeseclassic.com

www.burmeseclassic.com



*(ဒီလောက်ဆိုလျှင် မဒီ ဝရန်တာပေါ်က ခုန်ချတော့မလားဟု ထင်ကြမည်လား မသိပါ။ သို့သော် မထင်ပါနှင့်။ မဒီက ကိုယ့်အသက်ကိုတော့ နှမြောသူဖြစ်၏။ ဒီလောက်လေးနှင့် တော့ ကိုယ့်အသက်ကို မစွန့်လွှတ်နိုင်သေးချေ ... ။)*

မဒီသည် ...

မဒီသည် ကျွန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသော ဖုန်းကို ရှေ့ထုတ်ကာ ဂျာနယ်တစ်စောင်က မဒီတို့ကို ဗျူးနေကျ ဂျာနယ်လစ်ဖ်ရဲ့ ဖုန်းနံပါတ်တွေကို နှိပ်ချလိုက်ပြီး ...

"ကျွန်မ သူရိယရဲ့ အမျိုးသမီး ဟန်မဒီမေပါ၊ ကျွန်မ ရှင့်ကို သတင်းထူး ပေးစရာရှိလို့ မနက်ဖြန် မနက် ၁၀ နာရီ လောက် (... ...) မှာ လာစောင့်နေပါ"





ဂျာနယ်လစ်ဖ်ရဲ့ မျက်လုံးအစုံသည် သတင်းလောဘဖြင့် တဖြည်းဖြည်း တောက်ပြောင်ပြူးလက်လာသည်။ မဒီ ပြောသမျှကို တစ်လုံးမှ လက်လွှတ်မခံနိုင်တာမို့ သူ့လက်ထဲက အသံဖမ်းစက်ကို မဒီဘက်သို့ တိုးသယက် တိုးရွှေ့လာသည်။

မဒီသည် ပြောလက်စ စကားကို ဖြတ်ကာ စားပွဲပေါ်က လိမ္မော်ရည်ခွက်ကို ကောက်ယူမော့သောက်လိုက်ပြီးမှ စကားဆက်လိုက်၏။

"ရှင်တို့လည်း သိတာပဲလေ ... သူ ဘယ်လောက် ကျွန်မကို ချစ်ပြခဲ့တယ်ဆိုတာ သိကြတယ် မဟုတ်လား ...၊

"တကယ်တော့ သူပြောသမျှဟာ မုသားတွေချည်းပဲရှင့် ...၊ သူလုပ်သမျှဟာလည်း တလွဲတွေချည်းပဲရှင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်မကို လူရှေ့မှာဆို သိပ်ယုယပြတယ်လေ၊ အဲ့ဒီတော့ ရှင်တို့အားလုံးကရော ပရိသတ်တွေကရော သူဟာ သူ့မိန်းမကို အရမ်းချစ်ခင်ဂရုစိုက်တတ်တဲ့ သူလို့ ထင်နေကြမှာပေါ့နော်၊ အဲ့ဒါ မျက်နှာဖုံးသက်သက်လို့ ဘယ်ထင်ကြပါ့မလဲ ...၊

"တကယ်တမ်း သူ့စရိုက်က ရှင်တို့ထင်တာနဲ့ တခြားစီပဲ ...၊ သူက သူ့ဖို့ပဲ သူသိတယ်၊ ကျွန်မဘက်ကို တွေးမပေးဘူး၊ သူလုပ်ချင်ရာ လုပ်တယ်၊ ကျွန်မ ဖြစ်ချင်တာကို ဂရုမစိုက်ဘူး၊ ကျွန်မကို မထီမဲ့မြင် ပြုတယ် ...၊

"ကြည့်စမ်း ... ရှင်တောင် အံ့သြနေပြီ မဟုတ်လား၊ အံ့သြမယ်ဆိုလည်း အံ့သြစရာပဲလေ ...၊ ကျွန်မ ပြောတဲ့ အကြောင်းအရာတွေကို ရှင်တို့ ဂျာနယ်ထဲမှာ ထည့်လိုက်ရင်လည်း ဂျာနယ် အရမ်းရောင်းကောင်းမှာ သေချာပါတယ် ...၊

"ဪ ... တစ်ခု ကျန်သေးတယ်၊ ကျွန်မ သူနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီရှင့် ..."

ကက်ဆက်ခလုတ်က ချောက်ခနဲ ပိတ်သွား၏။

နိုး နိုး တာ ပေ



မဒီက အသက်ဝဝရှိုက်၍ ရှူလိုက်လေသည်။ ခုမှ အသက်ရှူဝလာသည်ဟု ခံစားရလို့ပင်။

နိုး နိုး တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ မနက်က မဒီသည် မြက်ခင်းစိမ်းပေါ်က ခုံဖြူကလေးပေါ်တွင် နေရောင်ကို ကျောပေးထိုင်ကာ စာဖတ်နေ သော သူ့ရိုယကို နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် အားပါးတရ စိုက် ကြည့်နေမိလေသည်။

သူ့မျက်နှာပေါ်က အစိတ်အပိုင်းတွေထဲမှာ အဖူး ကလေးတွေ မသိမသာ ကော့နေတဲ့ နှုတ်ခမ်းအစုံက အလှဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံးပါပဲ။

အဲဒီနှုတ်ခမ်းလေးတွေ လှုပ်ရှားလာတဲ့အခါ သံစဉ် ချိုချိုလေးတွေလည်း ထွက်ကျလာဖူးသည်။ တိမ်းမူးသာယာစွာ တစ်ဖက်သားကို ညွတ်ကျသွားစေမည့် စကားသံလေးတွေလည်း ချွေချပေးခဲ့ဖူးသည်။





ခုတော့လည်း အဲဒီ နှုတ်ခမ်းမှာ အဆိပ်တွေ လူး ထားမှန်း မဒီ သိပါပြီ။

ချိုလွန်းတယ်ရယ်လို့ သောက်ခဲ့ဖူးတဲ့ အရာဟာ အဆိပ်တွေမှန်း သိတဲ့အခါ မဒီ ဘာလုပ်ရမလဲ ...။

ကိုယ့်အတွက် အဆိပ်အတောက် မဖြစ်အောင် ပြန် ၍ထုတ်ပစ်လိုက်ရုံပဲပေါ့။ အဆိပ်တွေ တစ်ကိုယ်လုံး မပျံ့နှံ့မီ အမြန်ထုတ်ရလိမ့်မည်။

မဒီသည် သူ့ထံ လျှောက်သွားလျက် သူ့ရှေ့မှာ ရပ်လိုက်၏။ နောက်ပစ်ထားသော မဒီ့လက်ထဲမှာတော့ ကျိုးကြေ အောင် ဆုပ်ကိုင်ထားသော ဒီနေ့ထုတ် ဂျာနယ်တစ်စောင် ရှိနေ သည်။

"ကို ..."

မဒီ ခေါ်တော့ သူက မဒီ့ကို မျက်လွှာပင့်ကြည့်လိုက် သည်။

"ကျွန်မတို့ အချစ်ကိစ္စနဲ့ ပတ်သက်လာရင် ကိုနဲ့ ကျွန်မ စတွေ့တဲ့ အချိန်ကတည်းက ကို အမြဲ လူသိရှင်ကြားတွေ လုပ်ခဲ့တယ်နော်၊ ကိုက မဒီ့ကို သိပ်ချစ် သိပ်ဂရုစိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လူတွေသိအောင် အမြဲ အသိပေးချင်ခဲ့တယ် မဟုတ်လား ...၊

"ခုတော့ ... မဒီလည်း ကိုလမ်းစဉ်ကို ကျင့်သုံးလိုက်ပြီ၊ ဒီတစ်ကြိမ်ပါပဲ၊ ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် ကိုနည်းလမ်းကို အတုယူကြည့်လိုက်တာပါ၊ မဒီလည်း ကိုလိုပဲ အချစ်ကိစ္စကို လူသိရှင်ကြား လုပ်ကြည့်လိုက်ပြီလေ ..."

"ဘာတွေ လာပြောနေတာလဲ ..."

သူမေးပေမယ့် မဒီက မဖြေဘဲ ယူလာသော ဂျာနယ်ကို သူ့ရှေ့ စားပွဲပေါ် ချပေးလိုက်သည်။

သူက ဆတ်ခနဲ ကောက်ယူပြီး ဖြန့်ဖတ်လိုက်သည်။

မဒီတို့ နာမည်တွေ မပါသော်လည်း မဒီတို့ကို ရည်ညွှန်းမှန်းသိသာစေသော အရေးအသားမျိုးဖြင့် ရေးသားထားသော သတင်းကို မျက်နှာဖုံး သတင်းအဖြစ် မြင်လိုက်ရတော့ သူက ဒေါသမီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် မဒီကို စိုက်ကြည့်လိုက်ရင်း ဂျာနယ်ကို ဆုပ်ချေပစ်လိုက်သည်။

သူ့မျက်လုံးတွေကို မဒီက ခပ်အေးအေးပင် ရင်ဆိုင်လိုက်နိုင်သည်။





ထိုနေ့မှာပင် မဒီနဲ့ သူရိယတို့ လမ်းခွဲခဲ့ကြ၏။

တစ်ချိန်က ချစ်ခဲ့ဖူးသော်လည်း လူ့ရှေ့မှာ ဓနီးယားကို ချစ်ခင်ပုံပြကာ ချစ်ကြင်နာတတ်သည့် ယောကျ်ားပီသသူကြီးအဖြစ် သူ့ဂုဏ်သိက္ခာကို တည်ဆောက်လိုသော ထိုယောကျ်ားကို မဒီ မလွမ်းမိအောင် ကြိုးစားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



"နင့်ပုံက တော်တော် စိတ်ပျက်စရာ ကောင်းနေပြီ..."

စူဇီ စကားကို သဲ့သဲ့မျှ ကြားမိလိုက်သော်လည်း ဒေါ်က ဂရုမစိုက်မိပေ။ မဒီ မျက်လုံးအစုံသည် တီဗီပေါ်မှာသာ အာရုံစိုက်လျက်သား။ မဒီရဲ့ ညာလက်ချောင်းကလေးများသည် ရှမ်းတစ်ချောင်းနှင့် ကော်ကပ်ထားသလို စွဲမြဲနေကာ ထိုလက်သည် သက်ဖက်ပန်းကန်နှင့် ပါးစပ်ကို အခေါက်ခေါက် ကူးချည်သန်းချည် ပြုနေကြရသည်။

လက်ဖက်ပန်းကန်သည် ဆီနစ် အိစိုနေကာ နှစ်ပြန် ကြော်ကလည်း ဆီတဝင်းဝင်း...။ ပိုပိုသာသာလေး ထည့်ထားသော မြေပဲဆော်ကြီးများကလည်း ကျွတ်ရွလှပေသည်။ ပါးစပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကြိတ်ဝါးလိုက်တိုင်း ဆီများက ပါးစပ်တခိုမှာ စိမ့်စိုလာကြသည်။

"ဟဲ့ ... မဒီ နင် လက်ဖက်တွေ စားတာ သိပ်များနေပြီ၊ ဖွန်းကို ချယောင်မချတော့ဘူး၊ ဘယ်လိုဖြစ်တာလဲဟင်၊ အရင်တုန်းကဆို နင်ပဲ အသံပျက်မှာစိုးလို့ အဆီအဆိမ့်တွေ လုံးဝမစားဘူးဆို၊ တော်ပြီဟယ် ... တော်တော့ ..."

စုဇီက မဒီ လက်ကို ဖမ်းဆွဲချုပ်ကာ ဖွန်းကိုလုယူပြီး လက်ဖက်ကန်းပန်ကိုပါ သိမ်းပစ်လိုက်သည်။

ထိုအခါ မဒီက တီဗီက မျက်လုံးမခွာလျက်နဲ့ပဲ လက်နှစ်ဖက်ကို ထိုင်နေသည့်နေရာ ပတ်ပတ်လည်သို့ ဝှေ့ယမ်းရှာဖွေ လိုက်ရာ ပတ်လည်မှာ ပလုံစီကာ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ရှိနေကြသော ဝက်ခေါက်ကင်ထုပ်များ၊ အားလူးကြော်ထုပ်များ ချော့ကလက်များ၊ မြေပဲကြော်ထုပ်များ၊ ငါးမုန့်ကြော်ထုပ်များကို စမ်းမိလေသည်။

မဒီက အလွန်ကြီးမားသော အာလူးကြော်ထုပ်ကြီးကို ယူကာ ဖောက်ဆဲ စုဇီက ပြန်လုယူကာ ...

"ဘယ်လိုဖြစ်နေတာလဲ မဒီ၊ တော်တော့ဟာ ... အစား





မသောင်းကျန်းနဲ့တော့၊ ကိုယ့်ပုံလည်း ကိုယ်ပြန်ကြည့်ဦး၊ မဖြီးမလိမ်း မပြင်မဆင် ဖြစ်သလိုနေ ဖြစ်သလိုစားနေတဲ့ နင့် ပုံစံကြီးကို ပြင်ပါတော့ ..."

မဒီက တီဗီကို ရီမုနှင့် ခဏရပ်ထားလိုက်ပြီး စုဇီဘက် လှည့်လာကာ ...

"ငါ့ဘာသာ ပျော်သလိုနေတာ ဘာဖြစ်လဲ၊ ဘာအတွက် ပြုပြင်စရာလိုလို့လဲ"

"အေး ... နင့်မေးခွန်းကို ဖြေမယ် ... ဖြေမယ်၊ ခဏစောင့်"

စုဇီက ဆောင့်အောင့်ထသွားကာ မှန်ကြီးကြီးတစ်ချပ် ယူလာပြီး မဒီ့ရှေ့မှာ ထောင်ပြလိုက်သည်။

"ကဲ ... ကြည့် ... နင့်ပုံနင် သေသေချာချာကြည့်၊ နင့်ပုံက နင် သိချင်တဲ့ အဖြေပဲ"

မဒီက မျက်လုံးကလေး ဝဲ့စွေကာ မှန်ထဲသို့ ကြည့်လိုက်ရာ မသပ်မရပ် ဝတ်စားဆင်ယင်ထားသော ခပ်ဝဝ မိန်းမ တစ်ယောက်က မဒီ့ကို ကြည့်လျက်ရှိ၏။ အဲဒီ မိန်းမဟာ မဒီဆိုတာ မယုံနိုင်စရာပဲဖြစ်သည်။ အမြဲလုပကျော့ရှင်းသပ်ရပ်ကာ ဝညာတတ်ပုံစံမျိုးလေး သန့်ပြန့်ထွက်နေသော ဟန်မဒီမဆိုသည့်

www.burmeseclassic.com



မိန်းမငယ်လေးက ဘယ်ဆီရောက်သွားသည်မသိ။ ဘာမှ လိမ်းခြယ်မထား၊ Skin care လုပ်မထားသည့် အဆီတပြောင်ပြောင် မျက်နှာက ပြည့်အစ်လျက်၊ ပုံစံမကျတော့ပြီဖြစ်သော ဆံပင်တွန့်ဖွာဖွာတွေကို ကလစ်ကြီးကြီးဖြင့် ဖြစ်သလိုကြီး ပင်ညှပ်ထားကာ အိမ်နေဝတ် ဂါဝန်ပွပွဖားဖားကြီးကို အနေချောင်ချိုပြီးရော ဝတ်ဆင်ထားသော ခပ်ဝဝ မိန်းမတစ်ယောက်ကိုသာ တွေ့ရလေသည်။ ထိုမိန်းမ၏ မျက်နှာထားနှင့် မျက်ဝန်းများသည် လောကကြီးကို စိတ်ကုန်ငြီးငွေ့ကာ အရွဲ့တိုက်ပစ်လိုက်ချင်သော ပုံစံမျိုးလည်း ရှိ၏။

"တွေ့ပြီမဟုတ်လား မဒီ၊ အဖြေကို တွေ့ပြီမဟုတ်လား၊ အဲဒီပုံကိုမှ မပြုပြင်ရင် ဘယ်ပုံကို သွားပြုပြင်ရဦးမှာလဲ"

မဒီက ဖောက်လက်စ အာလူးကြော်ထုပ်ကို ခဏပြန်ချကာ ဖောက်ပြီးသား ငါးမုန့်ခြောက်ကြော်တွေကို တဂျွမ်းဂျွမ်းကိုက်စားလိုက်ရင်း ...

"မပြုပြင်ချင်ပါဘူး၊ ကိုယ့်ဘာသာ ကိုယ့်စိတ် ကိုယ့်သဘော နေနေရတာ ဘယ်လောက်ကောင်းလဲ၊ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး၊ ဘယ်သူ့အလိုကျမှ ရုပ်ပြ လှအောင်၊





လူအထင်ကြီးအောင် နေစဉ်နဲ့အမျှ ကြိုးစားအားထုတ်နေစရာလည်း မလိုတော့ဘူး၊ ကောင်းလိုက်တာ၊ လွတ်လပ်လိုက်တာ၊ အေးချမ်းလိုက်တာ ..."

"ဂရုစိုက်စရာ ယောကျ်ားမရှိတော့ပေမယ့် ပတ်ဝန်းကျင်က ရှိသေးတယ်လေ ...၊ ပတ်ဝန်းကျင်အမြင် တင့်တယ်အောင် ထိန်းထိန်းသိမ်းသိမ်းလေး နေရဦးမှာပေါ့၊ ခုလို စိတ်ကျနေပုံကြီးနဲ့ နေနေလို့ဖြစ်မလား"

"ဘယ်မှာ စိတ်ကျလို့လဲ၊ စိတ်က တက်တောင်နေသေးတယ်၊ စားကောင်း သောက်ကောင်း၊ အေးဆေးပဲ ..."

"နင် အဲလိုပြောနေတာကိုက ပုံမှန်မဟုတ်တာ ...၊ နင် စိတ်ဓာတ်ကျနေလို့သာ ဝတ်စားပြင်ဆင်ချင်စိတ် မရှိတာ၊ လူတောမတိုးချင်တာ၊ အစားတွေကို မဆင်မခြင် စွတ်စားချင်နေတာ ..."

"နားငြီးတယ်ဟာ ..."

"နင် ဒီလို မနေနဲ့လေဟာ ... မိန်းကလေးတစ်ယောက် အနေနဲ့ ဒီလို အခြေအနေမျိုးကို ရင်ဆိုင်ရရင် စိတ်အခြေအနေ ပရမ်းပတာတော့ ဖြစ်မှာပဲဆိုတာ ငါနားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် နင့်မှာ အနာဂတ်တွေ အများကြီး ရှိသေးတယ်၊ နင် ဝါသနာပါတာကို ဆက်လုပ်ရင်းနဲ့ တစ်နေ့မှာ အချစ်သစ်ကို တွေ့နိုင်သေးတယ်"

"အချစ်ဆိုရင် သစ်သစ်ဟောင်းဟောင်း ဘာကိုမှမတွေ့ချင်တော့ဘူး၊ ယောကျ်ားဆိုရင် ကြောက်ပါပြီပဲ ..."

"အစပိုင်းတော့ ဒီလိုပဲ ပြောတတ်ကြတာပဲ၊ ခံစားချက်တွေ အနည်ထိုင်သွားတော့လည်း နှလုံးသားက ပြန်လတ်ဆတ်သွားတာပဲ၊ နင် မချစ်ချင်လည်း နင့်ကိုချစ်တဲ့သူတော့ ပေါ်လာဦးမှာပဲ၊ နင့်အသက်က ငယ်ငယ်လေး ရှိသေးတာ၊ တစ်နေ့နေ့ကျ တစ်ယောက်ယောက်နဲ့တော့ ထပ်တွေ့ဦးမှာပဲ၊ နင့် ဒီလိုပုံစံကြီးဖြစ်နေရင်တော့ ကောင်းကောင်းကန်းကန်းထဲက တွေ့မှာမဟုတ်ဘူး ..."

"ဘယ်လိုလူနဲ့မှ မတွေ့ချင်တော့ပါဘူးဟယ်၊ အိမ်ထောင်ရေးဆိုတာ ကြောက်စရာကြီးပဲ၊ ငါနဲ့ သူရိယဆို ကြည့်လေ စချစ်တုန်းကလည်း ထူးထူးခြားခြား၊ လက်ထပ်တော့လည်း ခမ်းခမ်းနားနား၊ ဟန်းနီးမွန်း ထွက်တော့လည်း ဆန်းဆန်းပြားပြား၊ လူတိုင်းက အားကျလောက်တယ်၊ တကယ်တမ်း





ဒိမ်တွင်းရေးကျတော့ ဘာမှအနှစ်မပါ ဟာလာဟင်းလင်းကြီး ... ၊

"အဲ့ဒီတော့ အပေါ်ယံကိစ္စတွေကို ငါ လုံးဝ စိတ်မဝင်စားတော့ဘူး၊ ငါဖြစ်သလိုကြီးနေလို့ ဘယ်ယောကျ်ားမှ ငါ့ကို သဘောမကျလေ ပိုကောင်းလေပဲ၊ ဒီပုံကိုမှ ချစ်ပါတယ်ဆိုလာရင်တော့ စိတ်ဝင်စားစရာပေါ့၊ အရေးကြီးတာက ချစ်ပြတတ်တဲ့ ယောကျ်ားမျိုးနဲ့ နောက်တစ်ကြိမ် မတွေ့ရဖို့ပဲ"

မဒီက စူဇီကိုပြောပြီး တီဗီကိုသာ သဲသဲမဲမဲ ဆက်ကြည့်နေလိုက်လေသည်။

တကယ်တမ်းမှာ မဒီဟာ စူဇီပြောသလိုပဲ စိတ်ဓာတ်တွေ ကျဆင်းပြိုယိုင်နေခဲ့တာပင် ...။

သူရိယနဲ့ ကွာရှင်းခဲ့တာ ခြောက်လရှိပြီဆိုပေမယ့် ခုထိ ပုံမှန်စိတ် အခြေအနေကို မရောက်သေးပါ ...။ ဝါသနာပါရာကို ဆက်လုပ်ဖို့လည်း စိတ်မပါ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း မရှိတော့တာပါ။

"မိန်းကလေးဆိုတာ စိတ်ညစ်ရင် အလှပိုပြင်ရတယ် မဒီရဲ့၊ ဒါမှ ရုပ်အပေါ်မှီပြီး စိတ်ကပါ ကြည်လာမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု စုစီက ပြောသော်လည်း မဒီက မလိုက်မှာ ...။

သို့သော် မဒီပုံစံ ဘယ်လိုပဲဖြစ်ဖြစ် မဒီအသံလေးကတော့ သာယာဆဲ ...။

"မဒီ နင် သီချင်းပြန်ဆိုပါလားဟာ ..."

ဟု စုစီက တိုက်တွန်းသော်လည်း မဒီက လူကြားထဲ ပြန်တိုးမဝင်ချင်သေးတာမို့ ရှောင်လွှဲနေခဲ့သည်။

မဒီသည် ဘယ်သူ အာပြောပြော ဂရုမစိုက်တော့ဘဲ တစ်ယောက်တည်း စားကောင်း သောက်ကောင်း အိပ်ကောင်းဖြင့် လပေါင်းများစွာ ဖြစ်ကတတ်ဆန်း နေနေခဲ့လေသည်။





တစ်နေ့တော့ မဒီ အပြင်ထွက်ချင်စိတ် ပေါ်လာခဲ့သည်။ အဲဒီနေ့က မဒီ့စိတ်ထဲမှာ သီချင်းဆိုချင်စိတ်က ပိတ်ဆို့နေအောင် ရှန်းကန်နေခဲ့တာဖြစ်သည်။

မဒီသည် ကိုယ့်အိမ်မှာတော့ ကာရာအိုကေ မဆိုချင်ပေ။ အဆိုတော်မို့ တီးဝိုင်းအစုံနှင့်ပင် ဆိုလိုက်ချင်သည်။ သို့သော် လောလောဆယ်တော့ အခြေအနေမပေး။ အိမ်မှာဆိုလျှင် အိမ်က ဒေါ်စိုး အပါအဝင် အိမ်ဖော် ကောင်မလေးတွေကအစ ထူးအဆန်း စူးစမ်းသည့် အကြည့်မျိုးတွေနှင့် ကြည့်နိုင်သေးထားမို့ မုန့်စားရင်း ကာရာအိုကေ ဆိုနိုင်သည့် M 3 Food Center ဆီသို့ ကားမောင်းထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်လျှင် မဒီက အခန်းကျယ် တစ်ခုကို တ ယောက်တည်း ယူကာ စားစရာတွေ စိတ်တိုင်းကျမှာယူလိုက်၏

အဲဒီရောက်တော့ မဒီသည် အစားကို နင့်အီ အောင် စားပြီး သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုရင်း မျက်ရ တွေလည်း ကျလာလေသည်။ အို ... မဒီ အသံလေးကထ သာယာနေဆဲပါလား။

မဒီသည် ကိုယ့်အောင်မြင်မှုကို ကိုယ်မထူထော သူများအောင်မြင်မှုအပေါ် မှီခိုယစ်မူးခဲ့မိသည့် ကိုယ့်အဖြ နောင်တရမိတာ တစိမ့်စိမ့် ဝမ်းနည်းလာလေသည်။

မဒီက အသံပြာအက် တိမ်ဝင်မောဟိုက်သွားသ အထိ သီချင်းဆိုပြီးမှ စိတ်လွတ်လက်လွတ် အသံကျယ်ကြီး အားရပါးရ ငိုရှိုက်လိုက်မိတော့သည်။

အသံလုံခန်းမို့ ဘယ်သူမှလည်း မကြားနိုင်။ တစ်ယောက်တည်းမို့ ခံစားရသမျှ ပေါက်ကွဲဖွင့်ထုတ်ဝံ့ သည်။

မဒီစိတ်တွေ ပေါ့ပါးသွားတော့မှ ငွေရှင်း အခန်းထဲမှ ထွက်လာခဲ့သည်။





မဒီက သီချင်းမဆိုတာလည်း ကြာ၊ သူ့ရိယနဲ့ အတူ စာမျက်နှာတွေပေါ်မှာ မတွေ့တာလည်းကြာ၊ ပြီးတော့ မဒီပုံစံက လုံးဝမပြင်မဆင် ဖြစ်သလို အနေအထားနှင့်မို့ မဒီကို တွေ့လည်း ဒါဟာ၊ သူ့ရိယ ဇနီးဟောင်း အဆိုတော် ဟန်မဒီမေရယ်လို့ ဘယ်သူမှ မသိကြတော့ပါ။ အိုကေ ... မသိလေ ကောင်းလေပေါ့။

မဒီက ကာရာအိုကေခန်းများရှေ့ စင်္ကြံလမ်းအတိုင်း လျှောက်ထွက်လာရင်း အခန်းတစ်ခန်းရှေ့မှ ဖြတ်အလျှောက်မှာ ရယ်စရာ ကောင်းလှစွာသော ဂျိုးဂရောင် ယောကျ်ားအသံ တစ်သံကို ကြားလိုက်ရလေသည်။

အခန်းတံခါးမှာ ခပ်ဟဟပွင့်နေ၏။ ဝိတ်တာလေး က စားစရာဝင်ပို့ပြီး ပြန်အထွက်မှာ တံခါးကို သေချာမပိတ်ခဲ့မိ တာ ဖြစ်မည်။

တစ်ခုထူးဆန်းသည်မှာ ထိုအသံက ကာရာအိုအေ ဆိုနေသော အသံမဟုတ်။ စက်ကိုလည်း ဖွင့်ထားပုံမရ။ ဂစ်တာသံ တစ်သံသာ ကြားရလျက် ထိုယောကျ်ားသံက ဂစ်တာသံနှင့်သာ ညှဉ်တွဲထွက်ပေါ်နေသည်။

ဂစ်တာက အသံသာပါလျက် လူသံက ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုးနေရပါလိမ့်ဟု တွေးကာ မဒီက တစ်ချက်ရယ်ရင်း ဟနေသော အခန်းတံခါးမှတစ်ဆင့် အတွင်းသို့ လှမ်းကြည့်လိုက်မိသည်။

အတွင်းမှာတော့ တစ်ယောက်တည်း ဂစ်တာတီး သီချင်းဆိုနေသော ယောကျ်ားတစ်ယောက်။ အသံက မကောင်းပေမယ့် ဆိုနေပုံကတော့ mood အပြည့်ပင် ...။

မဒီက ဆက်မသွားသေးဘဲ သီချင်းစာသားတွေကို နားစိုက်ထောင်မိတော့ မဒီ တစ်ခါမှ မကြားဖူးသော စာသားမျိုး။ စကားလုံး ရွေးချယ်ထားတာလေးတွေက အသံနှင့်မလိုက်ဖက်အောင် ကောင်းလွန်းနေသည်။ မဒီ ကြိုက်တတ်သော စာသားမျိုးမို့ အသေအချာ နားစိုက်ထောင်ပြီးချိန်မှာ နှစ်သက် သဘောကျသွားမိတော့သည်။

မဒီ ကြည့်နေဆဲမှာ ထိုသူက အခန်းဝဆီ လှမ်းကြည့်လာသည်။ မျက်လုံးတွေ စူးရှကာ နှုတ်ခမ်းတွေက ဆွဲဆောင်မှု ရှိသော်လည်း အဝတ်အစားက မှိန်ဖျော့လွန်းသော ယောကျ်ားတစ်ယောက်ပင်။

မဒီက် နောက်သို့ ကိုယ်ကိုယို့ကာ ကွယ်လိုက်သော်လည်း မမီတော့။





သူက မဒီထံ ထလာနေပြီ။

"ဘာကိစ္စလဲ ..."

အသံက ခပ်ဆတ်ဆတ်။ အကြည့်က ခပ်စူးစူး။ မျက်ခုံးထူထူနက်နက်က ခပ်ကျုံ့ကျုံ့။

မဒီကလည်း ရင်ဆိုင်ရဲပဲ ရှိတော့တာမို့ ...

"သီချင်းဆိုနေတဲ့ အသံက ထူးဆန်းလို့ ရပ်နားထောင်နေမိတာပါရှင်"

"ဒါ ... ကျုပ်ကိုလှောင်တာလား"

"မလှောင်ရပါလားရှင်"

"ကျုပ်ကို အားနာပြီး ညာပြောမနေပါနဲ့၊ ကျုပ်အသံက ရယ်စရာ ကောင်းမှန်း ကျုပ်သိပါတယ်"

"မညာစေချင်ရင်လည်း အမှန်အတိုင်းပဲ ပြောတော့မယ်၊ အသံကတော့ မကောင်းပါဘူး၊ ဒါပေမယ့် သီချင်းစာသားလေးတွေကတော့ ကောင်းတယ်၊ တစ်ခါမှ မကြားဖူးဘူး"

"မကြားဖူးဆို ဘယ် အဆိုတော်ကမှ မဆိုဖူးသေးဘူးလေ၊ ဒါ ကျုပ်ဘာသာ စပ်ထားတဲ့ သီချင်း ..."

"ရှင်က သီချင်းရေးဆရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ သီချင်းမရောင်းဖူးသေးတဲ့ သီချင်းရေးဆရာပဲဆိုပါတော့၊ ဒါနဲ့ ခင်ဗျား အသံကတော့ တော်တော်ကောင်းတယ်နော်၊ ဒါလည်း ကုသိုလ်တစ်မျိုးထူးတယ်၊ အသံကောင်းပြီး သီချင်းဆိုတတ်တဲ့သူတွေဆို ကျွန်တော်တကယ်အားကျတယ်၊ ကျွန်တော့်မှာတော့ ကိုယ်စပ်ထားတဲ့သီချင်းကို ပြန်ဆိုပြဖို့တောင် ခပ်ခက်ခက်ပဲ၊ အသံ Tone က အနိမ့်အမြင့် ဆွဲလို့သိပ်မရဘူး၊ ခုန ခင်ဗျားကြားတဲ့အတိုင်းပဲ၊ သီချင်းဆိုလိုက်ရင် သံသေးသံကြောင်ဖြစ်ရော"

"စကားပြောတဲ့ အသံကတော့ သိပ်မဆိုးလှပါဘူး"

"ဟုတ်တယ် ... သီချင်းဆိုလိုက်မှ အခြေအနေ ဆိုးသွားတာ ..."

"တချို့ အဆိုတော်တွေကျတော့ သီချင်းဆိုလိုက်မှ ကောင်းတာ၊ စကားပြောရင် အသံကမကောင်းဘူး၊ ရှင့် ကျတော့ ပြောင်းပြန်ပဲ"

"ဟုတ်ပါရဲ့ဗျာ ..."

"ရှင့်သီချင်းတွေက ကိုယ်ပိုင်သံစဉ်တွေလား ..."

"ဟုတ်တယ် ... ကျွန်တော် ကော်ပီမရေးဘူး"





"ကောင်းလိုက်တာ ... မဒီလည်း ကိုယ်ပိုင်သံစဉ်သီချင်းတွေ ရေးတတ်တဲ့သူဆို သိပ်အားကျတာပဲ၊ ခုခေတ်က ရယ်ဒီမိတ်ခေတ်ဆိုတော့ ကိုယ့်ဘာသာ ချက်ပြုတ်စားချင်တဲ့ သူက ရှားတယ်လေ ..."

ဂီတမှာ နစ်ဝင်ကြသူချင်းမို့ တစ်ဦးနဲ့တစ်ဦး ဆွဲဆောင်ဖွဲ့တွယ်ကာ စကားစက မပြတ်တော့ချေ။

မဒီသည် ကိုယ်ဟာ မဖြစ်တဖြစ် အဆိုတော်လေးဘဝကို ဖြတ်သန်းခဲ့ဖူးသည်ဆိုတာကိုတော့ ထုတ်မပြောဘဲ သူ့ကိုသာ အကဲခတ်နေလိုက်သည်။

စကားပြောကြည့်တော့မှ သူ့ပုံစံဟာ ခပ်ရိုးရိုးနှင့်အေးချမ်းသောအသွင် ရှိကာ အဲ့ရုံစူးရှထက်မြက်သူဟု အကဲခတ်မိလာသည်။ စူးရှသော မျက်လုံးတွေက တစ်ဖက်သားရဲ့ စိတ်အစုံကို ဖောက်ရှုနားလည်နေပုံမျိုး ...။ အသားက ဖြူပြီး ပန်းရောင်သွေးတောင် စွက်နေသည်။ အရပ်က သိပ်အမြင့်ကြီး မဟုတ်၊ ခန္ဓာကိုယ်ကတော့ မပိန်မဝမို့ ကြည့်ကောင်းသည့်အထဲပါသည်။ ကျင်းဘောင်းဘီ ပွပွ အရောင်ဖျော့ဖျော့တစ်ထည်နှင့် country ရှပ် အနီကွက်ကို ဘောင်းဘီအပြင်ဘက် ထုတ်ဝတ်ထားပုံကတော့ သူငယ်ဆန်ကာ တစ်မျိုးဆွဲဆောင်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ တစ်ခုလောက် မေးလို့ရမလားမသိဘူး"

မဒီက အခန်းထဲက ဂစ်တာကို လှမ်းကြည့်ရင်း ပြောတော့ သူက 'မေးလေ' ဟု ပြောသည်။

"စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ အင်းလေ ... ညာမပြောကြေးဆိုရင် စပ်စုတာတော့ စပ်စုတာပါပဲ၊ ရှင်က ကာရာအိုကေ ခန်းထဲ လာထိုင်ပြီး ဘာလို့ ဂစ်တာတီးနေတာလဲ၊ ရှင့်အိမ်မှာ တီးလို့မရဘူးလား"

"ဟုတ်တယ် ... တီးလို့ မရဘူး၊ ကျွန်တော် ငှားနေတဲ့ အိမ်လေးက နှစ်ခန်းတွဲ သစ်သားအိမ်လေး၊ အသံမလုံဘူး၊ ကျွန်တော့် အသံက သူများကို အနှောင့်အယှက်ဖြစ်တယ်၊ ပြီးတော့ ကျွန်တော့် အသံ သူများကြားမှာလည်း ရှက်လို့ ဒီမှာ တစ်နာရီစာပိုက်ဆံပေးပြီး လာတီးနေရတာ၊ ရပ်ကွက်ထဲမှာဆို ကျွန်တော့် အသံကြားရင် ခွေးတွေတောင် အူတယ်လေ ..."

ပွင့်ပွင့်လင်းလင်း ပြောပုံကြောင့် မဒီက ရယ်ချင်သွားသော်လည်း အားနာစိတ်ဖြင့် အောင့်ကာနေသည်။ သူမက မဒီကို စိုက်ကြည့်ရင်း ...





"ခင်ဗျား ရယ်ချင်နေတယ် မဟုတ်လား၊ ဟန်ဆောင်မနေပါနဲ့ဗျာ၊ ရယ်ချင်လည်း ရယ်ချလိုက်ပေါ့၊ ကျွန်တော် စိတ်မဆိုးပါဘူး ..."

မဒီ တကယ်ပဲ ရယ်ချလိုက်မိတော့ သူကလည်း ရယ်သည်။ ထိုခဏလေးမှာ မဒီတို့ ရင်းနှီးလာကြသည်။

မဒီသည် သူ့သီချင်းစာသားတွေကို သဘောကျလှသော်လည်း ကိုယ်ဟာ မအောင်မြင်သော အဆိုတော် ဖြစ်ခဲ့ဖူးတဲ့အကြောင်း ပြောမပြချင် ...။ သူ့သီချင်းကို လိုချင်ပေမယ့် ဘယ်သို့နည်းနဲ့ ဘယ်လိုစကားမျိုးနဲ့ ဝယ်ရင်ကောင်းမလဲဆိုတာ စဉ်းစားရနိုင်သေး။ ပြီးတော့ ... သူ့သီချင်း သံစဉ်ဟာ ဘယ်လိုမျိုးလဲဆိုတာ မဒီ မမှန်းဆနိုင်။ သူ့ဆိုပုံက သံစဉ်မှ မပီပဲလေ ...။

"ခင်ဗျားနဲ့ ကျွန်တော် စကားရပ်ပြောရင်း ခင်ဗျားကို အကူအညီတစ်ခု တောင်းချင်စိတ် ပေါက်လာတယ်ဗျာ"

မဒီက ဘာဆက်လုပ်ရင်ကောင်းမလဲဟု တွေတွေဆိုင်းဆဲမှာ သူက စကားစလိုက်သည်။

"ဘာများလဲဟင် ..."

"ခင်ဗျားက တော်တော် အသံကောင်းတာပဲ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကို ခင်ဗျား ဆိုပေးရင် အဆင်ပြေမလား မသိဘူး၊ ဒီလိုဗျာ ... ကျွန်တော်က ကျွန်တော် ရေးထားတဲ့ သီချင်းတွေကို အခွေကြမ်းလေးသွင်းပြီး ပရိုဂျူဆာ တစ်ယောက်ဆီ သွားပေးထားမလို့ပါ၊ သီချင်းကတော့ မိန်းကလေးရော ယောကျ်ားလေးရော ဆိုလို့ရတဲ့ သီချင်းပဲ၊ ခွေကြမ်းသွင်းဖို့ တောင် ကျွန်တော့်အသံက အဆင်မပြေလို့ ခင်ဗျား အသံသွင်းပေးရင် ပိုအဆင်ပြေမလား တွေးမိလို့ပါ"

သူ့တောင်းဆိုမှုက မဒီ ဖြစ်ချင်တာနဲ့ တစ်ထပ်တည်းကျတာမို့ မဒီက အလွယ်တကူ ခေါင်းညိတ်လိုက်ပါသည်။

"ကောင်းပြီလေ ... ကျွန်မ ကူညီပါမယ်၊ ကျွန်မ ကူညီတဲ့အတွက် ရှင့်ဘက်က အဖိုးအခ တစ်ခုခုတော့ ပေးရလိမ့်မယ်နော် ..."

"သိပ်အများကြီးတော့ မပေးနိုင်ဘူးဗျာ၊ ကျွန်တော်တောင်မှ ဒီသီချင်းတွေ ရောင်းစွံမှ ပိုက်ဆံအဆင်ပြေမှာ ..."

သူ့စကားကြောင့် မဒီက ပြုံးမိတော့ သူက ရှင် ထိတ်နေပုံဖြင့် ...

"ခင်ဗျားပြောတာ ကြားရတာ ရင်တွေတောင်တုန်တယ်





ပြောဗျာ ... ပြော၊ သီချင်းဆိုပေးခ ဘယ်လောက်ပေးရမှာလဲ၊ ကျွန်တော် မတတ်နိုင်တဲ့ ပမာဏဆိုရင်တော့ ဆိုမပေးပါနဲ့တော့ ..."

"စိတ်မပူပါနဲ့၊ ရှင်တတ်နိုင်သလောက်ပဲ တောင်းမှာပါ"

မဒီက ပဟေဠိဖွက်သလိုလေး ပြောလိုက်ရင်း သူ့မျက်ဝန်းတွေနှင့် တည့်တည့် ရင်ဆိုင်ကြည့်လျက် ပြုံးလိုက်မိလေသည်။

မဒီတို့ရဲ့ တွေ့ဆုံမှုက ခမ်းနားခြင်းတွေ မပါသော်လည်း စိတ်ဝင်စားစရာတော့ ကောင်းခဲ့ပါသည်။

အထူးသဖြင့် မဒီ အကျေနပ်ရဆုံးမှာ သူ့မျက်ဝန်းတွေက တစ်ဆင့် သူ့ရင်ထဲက ဂီတအပေါ် တန်ဖိုးထားခြင်းကို တွေ့မြင်နိုင်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ...

မဒီတို့ သီချင်းသွင်းရမည့် နေရာလေးမှာ ရေစပ်နှင့် သိပ်မဝေးသော မြွှန့်ပြူးသည့် မြက်ခင်းစိမ်းပေါ်မှာ ဖြစ်သည်။

မလှမ်းမကမ်းမှာ ပစ်ကနစ် ထွက်လာပုံရသော မိသားစု တချို့ကို တွေ့ရသော်လည်း မဒီတို့ အနီးအနားမှာတော့ လူသူ ရှင်းလင်းနေသည်။ လူရှင်းပြီး ဆိတ်ကွယ်ရာမဟုတ်သော မြကျွန်းသာထဲက မြက်ခင်းပြင်ကို မဒီတို့ တိုင်ပင်ရွေးချယ်ခဲ့ကြတာ ဖြစ်သည်။ မဒီတို့ နှစ်ယောက်ကို ဘယ်ကလှမ်းကြည့်ကြည့် မြင်နိုင်သည်။ သို့သော် အနီးမှာ လူရှုပ်မနေ၊ အသံကလည်း ဆူညံခြင်း မရှိသဖြင့် အေးအေးဆေးဆေး အသံသွင်း၍ ရနိုင်မည်။





သူက မဒီကို သူ့အိမ်ခေါ်ရမှာလည်း အားနာ၊ ကာရာအိုကေခန်းထဲလည်း သွားဆိုလို့မဖြစ်တာမို့ ဒီနေရာကိုပဲ ရွေးခဲ့ရပါသည်။

မဒီတို့နားမှာ ဂစ်တာတစ်လက်၊ အသံသွင်းမည့် ကက်ဆက်လေး တစ်လုံး၊ ရေသန့်တစ်ဘူး၊ ဆင်း၁ဝစ် ထည့်လာသည့် ဘူးလေးတစ်ဘူးသာရှိသည်။ သူက အသံမသွင်းမီ ဆင်း၁ဝစ် ဘူးလေးကို ဖွင့်လိုက်ရင်း ...

"လောလောဆယ် အဖိုးအခကတော့ ဆင်း၁ဝစ်ပဲပေါ့ဗျာ၊ ခင်ဗျားစားဖို့ ကျွန်တော်ကိုယ်တိုင် လုပ်လာတာပါ"

"အံမယ် ... ရှင်ကိုယ်တိုင် လုပ်တယ် !"

"ဗျာတ်တယ်လေ ... ကိုယ်တိုင်လုပ်တော့ အကုန်အကျ သက်သာတာပေါ့၊ ရန်ကုန်မှာ ကျွန်တော် တစ်ယောက်တည်း လာနေကတည်းက ဒီလိုပဲ ကိုယ်စားဖို့ ကိုယ့်ဘာသာ လုပ်ရတာ ..."

"ရှင်က ရန်ကုန် ဇာတိ မဟုတ်ဘူးလား"

"မဟုတ်ဘူး ...၊ ကျွန်တော်က တောင်ကြီးက ..."

"သြော် ... ဒါကြောင့်ထင်တယ်၊ ရှင့်ပုံစံက အသားဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တောင်ပေါ်သား ပုံစံမျိုး ဖြစ်နေတာ၊ ဟယ် ... ကြည့်စမ်း ခုမှ သတိရတယ်၊ ခုထိ ကျွန်မတို့ နာမည်တွေ မသိကြ သေးဘူးနော်"

"ကျွန်တော့် နာမည် ခွန်မင်းပါ၊ ခင်ဗျားကရော ..."

"ကျွန်မနာမည်က ဟန် ...၊ အင်း ... မဒီပါ"

မဒီက မဒီ့နာမည် အပြည့်အစုံကို မပြောဘဲ နေလိုက်မိသည်။ ဟန်မဒီမေ ဆိုသော အမည်ကိုတော့ သူကြားဖူး နိုင်သည်ဟု ထင်လို့ပင်။

"အသံမသွင်းခင် ဗိုက်ပြည့်သွားအောင် ဒါလေး စားလိုက် ပါဦး"

သူက ဘူးထဲမှ ဆင်းဒဝစ် တစ်ခု ထုတ်ယူ ကမ်း ပေးလိုက်သည်။ မဒီ စားကြည့်တော့ အရသာ တော်တော်လေး ကောင်းသည်။ မဒီက မျက်ခုံးပင့်လျက် ...

"ကောင်းလိုက်တာ ... ယောကျ်ားလေးလုပ်တာလို့တောင် မထင်ရဘူး"

ဟုပြောမိတော့ သူက ပြုံးသည်။ ပြီးတော့ ဓာ လက်သုတ်ဖို့ တစ်ရှူးစလေး လှမ်းပေးသည်။ ရေသန့်ဘူး အသင့်





ကိုင်ကာ စောင့်နေသည်။ သူ့ကြည့်ရတာ. တော်တော် အောက် သက်ကျေကျေ အလိုက်သိသိ ပုံစံမျိုးပင်။

မဒီ စားပြီးတော့ သူက ကက်ဆက်ကို မဒီ့ရှေ့မှာ ချပေးပြီး ဂစ်တာကို ကောက်ကိုင်လိုက်သည်။

အဲ့ဒီနောက်တော့ သူက မဒီ ဆိုတတ်အောင် သင်ပြ ပေးသည်။

"အဲ့ဒီအဆုံးနားကျ နည်းနည်းလေး ဆွဲလိုက်နော် မဒီ၊ ကျွန်တော့် အသံက အဆွဲအငင် နည်းနည်းမှမရလို့ ဆိုတော့ မပြတတ်ဘူး၊ ပြောပဲပြောပြတတ်တယ်"

သူသင်ပေးသမျှကို သေချာမှတ်ပြီးတော့မှ မဒီက အစွမ်းပြလေသည်။

မဒီသည် ဘာဖိစီးမှုမှမရှိ အေးအေးဆေးဆေး ပေါ့ ပေါ့ပါးပါး ပုံစံမျိုးလေးဖြင့်ပင် အမှားအယွင်းမရှိ တစ်ပုဒ်ပြီး တစ်ပုဒ် သီဆိုသွားသည်။

ခွန်မင်းသည် ပါးစပ်အဟောင်းသားဖြစ်ရလျက် မဒီ့ ကို တအံ့တဩ ငေးကြည့်နေလိုက်ရသည်။ သူ့မျက်လုံးတွေက နှစ်သက်ကျေနပ်ခြင်းဖြင့် ရှန်းစိုလက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒီရယ် … တော်လိုက်တာ၊ နားထောင်လို့ ကောင်းလိုက်တာ၊ တကယ် အဆိုတော်စစ်စစ်အတိုင်းပဲ၊ မဒီသာ အဆိုတော် လုပ်ရင် အရမ်းအောင်မြင်မှာ …"

"ရှင့်ဆီက အဖိုးအခရမှ ကျွန်မက အောင်မြင်အောင် လုပ်နိုင်မှာပေါ့"

မဒီက ပြုံးစစဖြင့် သူ့ကိုကြည့်ပြီး ပြောတော့ သူက အကြံအိုက်သွားပုံဖြင့် သူ့ဆံပင်တွေကို ဖွပစ်လိုက်ရင်း …

"ဟိုလေ … ကျွန်တော် ပေးနိုင်တဲ့ အဖိုးအခကတော့ မဒီ စီးရီး ထုတ်လောက်အောင်တော့ များမယ်မထင်ဘူး …"

"ကျွန်မ စီးရီးထုတ်လောက်အောင် ရှင်ပေးနိုင်မှာပါ …"

"ဟာ … အဲဒီလောက်ကြီးတော့ ဘယ်တတ်နိုင်ပါ့မလဲ မဒီရယ်"

"ရှင် တတ်နိုင်ပါတယ်"

"ကျွန်တော် တကယ်မတတ်နိုင်လို့ပါ"

"တတ်နိုင်ပါတယ်ရှင်၊ ရှင့်သီချင်းတွေကို ကျွန်မကို ရောင်းလိုက်ရင် ပြီးတာပဲ၊ ကျွန်မ အောင်မြင်တဲ့အထိ ရှင် တာဝန်





ယူပြီး သီချင်းတွေ ရေးပေးရမယ်၊ အဲဒါ ရှင့်ဆီက ကျွန်မ လိုချင်တဲ့ အဖိုးအခပဲ"

သူက မဒီ့ကိုကြည့်ရင်း အံ့ဩစွာ တိတ်ဆိတ်သွားသည်။ ပြီးတော့ ဇဝေဇဝါ ပုံစံမျိုးဖြင့် …

"နေဦး … ကျွန်တော် ခင်ဗျားကို မြင်ဖူးသလိုပဲဗျ၊ ဘယ်နေရာမှာ မြင်ဖူးတာလဲတော့ မမှတ်မိတော့ဘူး၊ မြင်ဖူးတာတော့ သေချာတယ်"

ဟု ပြောလေသည်။

မဒီသည် ဆက်လက် ဖုံးကွယ်ဖို့ စိတ်ကူးမရှိတော့တာမို့ ခေါင်းညိတ်လိုက်ရင်း …

"ရှင် မြင်ဖူးခဲ့မှာပါ၊ ကျွန်မက သူရိယရဲ့ ဇနီးအဖြစ် ကျော်ကြားခဲ့ဖူးတဲ့ မအောင်မြင်ခဲ့တဲ့ အဆိုတော် ဟန်မဒီမေပါ"

မဒီ့ကို ကြည့်နေခဲ့သော သူ့ မျက်လုံးတွေထဲမှာ ကရုဏာရောင် လွှမ်းသွားခဲ့သည်။

သူက ခဏ တိတ်ဆိတ်သွားပြီးမှ စောစောကထက်ပို ပျော့ပြောင်းလာကာ …



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဂျာနယ်တွေထဲမှာ ဖတ်ခဲ့ဖူးပါတယ်၊ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးဗျာ ..."

"ရပါတယ် ... စိတ်အနှောင့်အယှက် မဖြစ်ပါဘူး၊ အားလုံးပြီးသွားပြီပဲ ..."

သူ စကားမဆက်တတ်တော့ဘဲ ခေါင်းငုံ့လျက် တိတ်ဆိတ်သွားသည်။

မဒီလည်း ခေါင်းငုံ့ တိတ်ဆိတ်နေသည်။

အဲဒီနောက် နှစ်ယောက်စလုံး ပြိုင်တူခေါင်းမော့လာကာ ...

"ကျွန်မ အောင်မြင်ချင်တယ်"

"ခင်ဗျား အောင်မြင်ရမယ်"

ဟူသော အသံနှစ်သံ ပြိုင်တူ ထွက်လာသည်။ ပြီးတော့ နှစ်ယောက် ပြိုင်တူပြုံးမိကြသည်။ သူက မဒီ မျက်ဝန်းတွေထဲ စူးရှရှ စိုက်ကြည့်လိုက်ရင်း ...

"ခင်ဗျားကို ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျား အောင်မြင်အောင် ကျွန်တော် အတတ်နိုင်ဆုံး ကူညီမယ်"

ဟု တည်ကြည် သိမ်မွေ့စွာ ပြောသောအခါ မဒီက





ရင်ထဲတုန်ခါကာ မျက်ရည်ဝဲလာသည်။ အားအင်တစ်မျိုးက မဒီ့နှလုံးကိုယ်ထဲ စီးဝင်သွားသလိုလည်း ခံစားလိုက်ရသည်။ ပြီးတော့ အပြန်အလှန် ယုံကြည်ခြင်းကို မဒီတို့ရဲ့ မျက်ဝန်းတွေမှတစ်ဆင့် အသီးသီး မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ … အဆိုတော် အဖြစ် အောင်မြင်ချင်
ဟာ ခွန်မင်းလား … ဟန်မဒီမေလားတောင် မသိတော့ချေ

သူက မဒီ့ထက်တောင် ပိုပြီး တက်ကြွထက်
နေချေသေးသည်။

သူအသစ်ထပ်ရေးပေးသော သီချင်းတွေဟာ တ
ထက် တစ်ပုဒ် ပိုပြီး ပြောင်မြောက်လာသည်။ သူက မ
တွေ့တိုင်း …

"မဒီ အောင်မြင်ရမယ်ကွ၊ သိလား … အဲ့ဒါ လုံးဝ
တယ်"

ဟု ရှေ့ဖြစ်ကို အပ်ချမတ်ချ သိနေသလိုမျိုး





ပြောတတ်သည်။ ထိုစကားမျိုး ပြောသည့်အခါတိုင်း သူ့မျက်လုံး
များက တောက်ပထက်သန်လွန်းတာမို့ မဒီ အမြဲ စိတ်အားတက်
ကြွရသည်။

မဒီ့ စိတ်အခြေအနေကို အောက်ဆုံးကနေ အထက်
သို့ ပြန်ရောက်လာအောင် သူက တဖြည်းဖြည်းချင်း ဆွဲတင်နေ
သည်။

"မဒီက အစကတည်းက အရည်အချင်း ရှိပြီးသားပါ၊
ကံတွေ စန်းတွေ၊ ကြောင်းကျိုးတိုက်ဆိုင်မှုတွေ မရှိသေး
လို့သာ အောင်မြင်ဖို့ အချိန်မရောက်ခဲ့တာ၊ မအောင်မြင်တာ
အရည်အချင်းမရှိလို့ ဆိုတာမျိုး ဘယ်တော့မှ မတွေးနဲ့ …"

သူက ထိုစကားမျိုး မကြာခဏ ပြောတတ်သည်။

မဒီသည် သူနှင့် သီချင်းကိုက်ရင်း စကားပြောရင်း
ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိလာသည်။

ဒေါ်စိုးကပင် မဒီ့ရဲ့ ပြောင်းလဲမှုကိုသတိထားမိကာ
"မဒီလေး ကြည့်ရတာ ခုတလောမှ ကြည်လင် လန်းဆန်း
လာသလိုပဲကွယ်၊ အဲဒီလိုလေး သွက်လက်ရွှင်လန်းနေတတ်
တာ မဒီ့ အရင်ပုံစံပဲ၊ အဲဒီ ပုံစံကို ဆက်ထိန်းထားကွယ့်
မပျောက်စေနဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းမြောက်ဝမ်းသာဆိုသည်။

"စူဇီကတော့ ခနဲ့တဲ့တဲ့ ပြုံးကာ ...

"ရှင် ရှင်လန်းတာ ကျုပ်သိပါတယ် မယ်မဒီ၊ အဟမ်း ... ဝါသနာပါတာလေး လုပ်နေရတာလည်း တစ်ကြောင်း သီချင်းရေး ဆရာလေးရဲ့ အားပေးဖေးမမှုကို ခံယူရရှိတာ ကလည်း တစ်ကြောင်း ... ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ လေ ..."

မဒီက စူဇီနှင့် ပခုံးချင်းတိုက်ကာ တွန်းလိုက် ရင်း ...

"မဟုတ်တာတွေ လာပြောမနေနဲ့ ...."

"ဟုတ်တာတွေ ပြောနေတာပါ၊ ကျုပ် ပြောတာ မှန်တယ် မဟုတ်လား၊ ဝန်ခံစမ်းပါ"

"မှန်သင့်သလောက်တော့ မှန်ပါတယ်"

"နင်တို့ အခြေအနေက ဘယ်လိုလဲ"

"တစ်ယောက်ကို တစ်ယောက် နားလည်ကြတဲ့ မိတ်ဆွေ ရင်းချာတွေပေါ့၊ သူက ငါ့အပေါ် စေတနာလည်း ထား တယ်လေ"





"စေတနာ ရိုးရိုးလား"

"ရိုးရိုးပဲ နေမှာပါ၊ ငါ အိမ်ထောင်ကျခဲ့ဖူးတာလည်း သူ သိသွားပဲ၊ ပြီးတော့ ... ခုချိန်မှာ ငါက လှလှပပလေးလည်း မဟုတ်တော့ဘူးလေ၊ ဖြစ်သလို နေနေတဲ့ ပုံကြီးနဲ့ပဲ စတွေ့ ခဲ့တာ ..."

"နင် ပြောခဲ့ဖူးသလို ဒီပုံကိုမှ ချစ်ပါတယ်လို့ ဆိုလာရင် ကော ..."

"တော်ပါဟယ် ... ငါ ဒါတွေ မစဉ်းစားချင်တော့ပါဘူး"

"ဒါပေမယ့် အချစ်ကြောင့်ရတဲ့ ဝေဒနာကို ကုစားနိုင်တာ လည်း အချစ်ပဲတဲ့ မဒီရဲ့ ...၊ ခုပဲကြည့်လေ နင် သူနဲ့ တွေ့မှ ပုံမှန်ပြန်ဖြစ်လာတာ အသိသာကြီး ..."

စူဇီကတော့ မဒီတို့ နှစ်ယောက်မှာ စိတ်ချင်း ဆက် သွယ်လွှမ်းမိုးမှု ရှိသည်ဟု ယူဆထားလေသည်။

စူဇီ ပြန်သွားသောအခါ မဒီက ပြုံးငိုင်ငိုင်လေး ငြိမ်သက်ကျန်ရစ်ခဲ့ရပါသည်။

ခဏကြာတော့မှ မဒီသည် ထိုင်ရာမှထကာ မှန်ရှေ့ သို့ တရွေ့ရွေ့ လျှောက်သွားလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို... ဟုတ်ပါ့ရဲ့... မဒီ့ မျက်နှာလေးက တကယ်ပဲ ကြည်လင်လန်းဆန်းနေလိုက်တာ...။

ဖြူလျော်နေသော ပါးကလေးတွေပင် သွေးရောင်ရဲလာခဲ့ပြီ...။ မှိန်ဖျော့ဖျော့ မျက်ဝန်းလေးတွေလည်း အရောင်တောက်လာခဲ့သည်။

ဒါဟာ ဘာကြောင့်များလဲဟု မဒီ ကိုယ့်ကိုယ်ကို ပြန်မေးရမှာတော့ ရှက်သေးသည်။

ခုတလောမှ မဒီ့ရဲ့ စိတ်ဖိစီးမှုတွေကို ထိန်းချုပ်နိုင်လာတာမို့ အစားတွေလည်း လွန်လွန်ကျူးကျူး မစားမိတော့ပြီးတော့ မဒီ ပိန်ချင်လာသည်။

မဒီသည် မှန်တင်ခုံရှေ့မှာ ညင်သာစွာ ဝင်ထိုင်လိုက်၏။ အတွန့်ပြေ ရှည်ကျနေသော ဆံပင်တွေကို ဖြန့်ချကာ ဖြစ်သလို မဖြီးတော့ဘဲ အနုစိပ် ညင်သာ သိမ်မွေ့စွာ ဖြီးနေမိသည်။

အဲ့ဒီနောက်တော့ မဒီရဲ့ လက်ချောင်းကလေးတွေသည် မထိမကိုင်တာ ကြာပြီဖြစ်သော မိတ်ကပ်ဘူးများ၊ နှုတ်ခမ်းနီ ဘူးများကို ထိတွေ့ကိုင်တွယ်လိုက်သည်။





မကြာခင်မှာပင် မဒီ့ လက်ချောင်းကလေးများက မဒီ့ မျက်နှာပေါ်မှာ ဖွဖွလေး တို့ထိရွေ့လျားလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လအနည်းငယ်အတွင်းမှာပင် မဒီပုံစံက ပုံမှန်အနေ အထားသို့ ပြန်လည်ရောက်ရှိလာလေသည်။

အစားလည်း ထိန်းချုပ်၊ အားကစားလည်း လုပ်တာ မို့ မဒီ ခန္ဓာကိုယ်က သွယ်လျလှပလာသည်။ မျက်နှာတစ်ပိုက်အ အဆီပိုတွေလည်း ကျကာ ဘဲဥပုံ မျက်နှာဝန်းဝန်းလေး ပြန်ပေါ် လာသည်။ ဆံပင် တွန့်တွန့်တွေကို စတက်ပုံ ဖွာဖွာတိုတိုလေး ညှပ်ပစ်လိုက်တာမို့ မဒီ ပုံစံက ပိုနုသွားသည်။

ခွန်မင်းကတော့ သူ့မျက်စိရှေ့မှာပင် နေ့ချင်း ညချင်း လှလာသလိုဖြစ်နေသော မဒီကို အံ့ဩကာ တစ်ခုခု ပြောချင်နေပုံပင် ...။





တစ်နေ့တော့ သူက မဒီရှေ့မှာ ရပ်ကာ သက်ပြင်း တစ်ချက်ချလိုက်ရင်း ...

"မဒီ ... မဒီကို ကျွန်တော် တစ်ခုလောက် ပြောပြချင် တယ်"

"ပြောလေ ... ခွန်မင်း"

"ဟို ... ဟို ... မဒီက အခု အရင်လို မဟုတ်တော့ဘူးနော်"

"ဘာကိုလဲဟင် ..."

"မဒီ အရမ်းလှလာလို့ ..."

မဒီက နည်းနည်းရှက်သွားကာ ...

"သြော် ... ဒါလား၊ အဲဒါကလေ မဒီက စီးရီးထွက်တော့ မှာဆိုတော့ ကြော်ငြာရိုက်ရတာတွေ ရှိလာတော့မှာ မဟုက် လား၊ ဟန်မဒီမေက ပုံပျက်ပန်းပျက်ကြီး ဖြစ်နေပြီဆိုတာ မျိုး အပြောမခံချင်လို့ပါ"

"အဲဒါ ကျွန်တော့်အတွက်တော့ ခက်တာပဲ"

"ဘာဖြစ်လို့လဲ ..."

"ကျွန်တော် ... ကျွန်တော်ကမဒီကို ဒီလို မလှလာခင် ကတည်းက ချစ်နေခဲ့မိတာ ... ကျွန်တော်က မဒီ ခပ်



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကို ချစ်တာ၊ မဒီ့ အပေါ်ယံအလှက ကျွန်တော့် အတွက် အရေးမကြီးဘူးလေ ...၊

"ဒါပေမယ့် ခုချိန်ကျမှ ကျွန်တော့်ဘက်က ဖွင့်ပြော လိုက်ရင် မဒီက မဒီလှလာလို့ ကျွန်တော် ချစ်လာတာလို့ ထင်မှာစိုးရိမ်တယ် ..."

မဒီက ထိုစကားကြောင့် တုန်လှုပ်သွားပါသည်။ ကြည့်စမ်း ... မဒီ့နှလုံးသားဟာ အချစ်ကို လက်သင့်ခံ ခံစားနိုင် တုန်းပါပဲလား။ သို့သော် မဒီက နောက်တစ်ကြိမ် မှားမှာကိုတော့ ကြောက်ရွံ့သူပီပီ ဝန်လေး တွန့်ဆုတ်သွားမိသည်။

"ရှင် အဲဒီလောက် သဘောထား မသေးသိမ်မှန်း ကျွန်မ သိပါတယ် ခွန်မင်းရယ်၊ ရှင့်ကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မ အဲ့ဒီနယ်ပယ်ကို ခြေမချချင်တော့ဘူး၊ ကျွန်မ နောက်ထပ် ချစ်ဖို့၊ အိမ်ထောင်ပြုဖို့ ယုံကြည်ချက် မရှိဘူး"

"ကျွန်တော်ကတော့ မဒီ့ကို စိတ်ချမ်းသာအောင် ထားနိုင် လိမ့်မယ်လို့ ယုံကြည်မှုရှိတယ်"

"မဒီ့ကို မမျှော်လင့်စေချင်ဘူး"





"မျှော်လင့်ချက်မပါဘဲနဲ့လည်း ချစ်နေလို့ ရပါတယ်၊ မဒီ ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် ကျွန်တော် မဒီ့ကို ချစ်နေမှာ ပါ ..."

သူက မဒီ စိတ်ရှုပ်အောင် ဖွတ်တိုးမတောင်းဆိုခဲ့ ဘဲ သူ့အချစ်တွေကို ထိန်းချုပ်ထားကာ မဒီ အောင်မြင်ဖို့အတွက် သာ ရှေ့ရှုတွန်းအားပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် လအနည်းငယ်ကြာပြီးနောက် ဆောင်းဦးတစ်နေ့မှာ ဟာန်မဒီမေရဲ့ ဆီးရီးခွေသစ် ထွက်လာခဲ့လေသည်။

ထိုအခွေသည် ခွေဖြန့်ပြီး တစ်လအတွင်းမှာ ပေါက်သွားခဲ့သည်။

လအနည်းငယ်အတွင်းမှာ မဒီနာမည်သည် တစ်ရှိန်ထိုး ကျော်ကြားလာခဲ့သည်။

မဒီအောင်မြင်မှုကြောင့် ပျော်ရတဲ့ ခွန်မင်းရဲ့ အပျော်ဟာ မဒီထက်တောင် သာမယ်ထင်ရသည်။

ဝက်ဝက်ကွဲ အောင်မြင်သော မဒီရဲ့ ပွဲဦးထွက် စတိတ်ရှိုးအပြီးမှာ သူက မဒီကို တုန်ယင်လှိုက်လှဲစွာ ဆီးကြိုရင်





"မဒီရယ်... ကိုယ် ပျော်လိုက်တာ၊ မဒီ တကယ် အောင်မြင်ပြီ သိလား၊ အဲ့ဒါ ကိုယ့်အိပ်မက်ပဲ၊ ကိုယ်အဖြစ်ချင်ဆုံး အိပ်မက်ပဲ"

သူက မဒီ့ လက်နှစ်ဖက်လုံးကို ဆွဲယူဆုပ်ကိုင်လှုပ်ယမ်းရင်း ကတုန်ကယင် ပြောနေသည်။ သူ့မျက်ဝန်းထဲမှာတော့ ဝမ်းမြောက်ကြည်နူးခြင်း မျက်ရည်တွေ ပြည့်နေခဲ့သည်။

အဲဒီလောက်တောင် ပျော်ရသလား ခွန်မင်းရယ်...။

သူ့ရဲ့ ပျော်ရွှင်ဝမ်းမြောက်ပေးမှုက မဒီ့ စိတ်နှလုံးကို ဆွဲဆုပ်လှုပ်ခါပစ်လိုက်သည်။ ထိုအခါ အချစ်က နှလုံးသားရဲ့ အပြင်ဘက်သို့ ထွက်ကျလာသည်။

မဒီသည် ရှေ့သို့ တရွေ့ရွေ့ တိုးသွားမိကာ သူ့ရင်ခွင်မှာ မျက်နှာအပ်လိုက်မိရင်း...

"ရှင် အခု ကျွန်မကို မျှော်လင့်ချက်နဲ့ ချစ်လို့ရပြီ..."



www.burmeseclassic.com

www.burmeseclassic.com



***

'သိုသိပ်စွာ ချစ်မြတ်နိုးတတ်ခြင်း' ဆိုတာ

မောင်နဲ့ တွေ့တော့မှ ကျွန်မ သိခွင့်ရခဲ့သည်။

မောင်က ကျွန်မကို လူတွေရှေ့မှာ မဒီဟုသာ

တည်တည် ခေါ်တတ်ပြီး နှစ်ယောက်တည်း ဆိုလျှင်တော့

'ဟန်လေး' ဟု နူးညံ့စွာ ခေါ်တတ်ပါသည်။

မောင်က လူတွေရှေ့မှာ သဲသဲလှုပ် ချစ်ခင် ဂရုစိုက်

မပြတတ်ပေမယ့် နှစ်ယောက်တည်း တွေ့ဆုံချိန်တွေမှာတော့

မတူအောင် ချစ်ခင်ယုယတတ်သူ၊ အသေးစိတ်ကလေးကအ

ဂရုစိုက်တတ်သူ ဖြစ်ပါသည်။

မောင်က အဆိုတော် ဟန်မဒီမေရဲ့ ချစ်သူအဖြ





လူရှေ့မှာ ဘယ်တော့မှ ဖုံကြွားဂုဏ်လုပ်မနေတတ်၊ ကျွန်မရဲ့ အောင်မြင်မှုအတွက် တိတ်ဆိတ်စွာ ဂုဏ်ယူကျေနပ်တတ်သူ ဖြစ်ပါသည်။

ဂျင်းဘောင်းဘီနှင့် တီရှပ်ကိုသာ ဝတ်ကာ အလှအပ ဂရုမစိုက်သော မောင်နှင့်အတူ ပွဲတက်ဖို့ ကျွန်မရဲ့ အဝတ်အစား တွေကို အထူးတလည် ရွေးချယ်ခေါင်းစားနေစရာလည်း မလိုပါ။

အကယ်၍များ ကျွန်မ ဝလာခဲ့လျှင် မှိုချိုး မျှစ်ချိုး အပြောခံ၊ အနှိမ်ခံ၊ အပယ်ခံ ဖြစ်ရမှာလည်း ကြောက်စရာမလိုပါ။

မောင်က ပြောတတ်သေးသည်မှာ ...

"မောင်က တန့်လေးကို အရင်လို ပုံစံမျိုးပဲ ဖြစ်စေချင်တာ၊ အဲဒါဆို မောင် သိပ်မပူရဘူးလေ၊ ခုတော့ ဟန်လေးက လှလှလာလေ မောင့်မှာ စိတ်မချဖြစ်ရလေပဲ ..."

မောင်က အဲဒီလို လူမျိုးမို့ ကျွန်မ မလှတော့မှာကို မှုစရာမလို။

ထိုအချက်တွေကြောင့်ပဲ မောင်နဲ့ လက်ထပ်ဖို့ ကျွန်မ မှာ ယုံကြည်ချက်တွေ ရှိလာခဲ့ရပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ ကျွန်မ လက်ထပ်ကြဖို့ စီစဉ်သောအခ

မောင်က စတင် တောင်းဆိုသည်မှာ ...

"ဟန်လေး ... မောင်တို့ လက်ထပ်တဲ့ သတင်းတွေ ဓာတ်

တွေကို ဂျာနယ်တွေထဲမှာ ပလူပျံအောင် မပါချင်ဘူးနော်

မောင် အဲဒါမျိုးကို တကယ် ရှက်တယ် ..."

မဒီ စိတ်ထဲမှာ နည်းနည်းတော့ ကသိကအော

ဖြစ်သွားသည်။

မဒီက မောင့်အနား တိုးတိုးကပ်ခါ မေးမိသည်

"ဘာလို့လဲ မောင် ... ကျွန်မက ဒုတိယအကြိမ် လက်ထ

တာမို့လို့ မောင်က ရှက်တာလား"





"မဟုတ်ပါဘူး ဟန်လေးရယ်၊ မောင့်အကြောင်းလည်း ဟန်လေး သိပါတယ်၊ မောင်က ပကာသနတွေ မလုပ်ချင်တာပါ၊ မောင်တို့လက်ထပ်ပွဲကိုလည်း တတ်နိုင်သမျှ အကျဉ်းရုံးလေးပဲ လုပ်ကြမယ်၊ လက်မှတ်ထိုး လက်ထပ်ပြီးရင် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေနည်းနည်းပါးပါးပဲ ဖိတ်ပြီး ပွဲလေးတစ်ပွဲ လုပ်လိုက်ရုံပေါ့၊ အကျဉ်းချုံးလေ ကောင်းလေပဲ၊ မောင်တို့ နှစ်ယောက် အတူနေရဖို့သာ အဓိက ကျတယ်လေ ... မဟုတ်ဘူးလား"

ကျွန်မ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အကျဉ်းဆိုပေမယ့် အဲ့ဒီလောက် ကျဉ်းတာကြီးကျတော့ မကြိုက်ချင်ပြန်။

အရင်လူတုန်းကတော့ ချဲ့လွန်းလို့၊ အခုလူကျတော့လည်း အလွန်အကျွံ အကျဉ်းချုံးဖို့ ကြိုးစားနေသည်။ နှစ်ယောက်လုံးဟာ တစ်ဖက်စွန်းစီမှာပင် ...။

"ဒါဆို ကျွန်မတို့ ဟန်းနီးမွန်း ထွက်ဖို့ကျတော့ရော ..."

"ဝေးဝေးလံလံ သွားဖို့ စဉ်းစားမနေပါနဲ့ ဟန်လေးရယ်၊ ခရီးပန်းပါတယ်၊ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေအတွက်ကတော့ ဘယ်မှာပဲနေနေ အတူရှိနေေ
ရက်တိုင်းဟာ ဟန်းနီးမွန်း ရက်တွေချည်းပါပဲ"

ဩော် … ဟိုလူကတော့ အောသင်။ ဒီလူကျော
အိမ်နေချင်။

"ဟန်လေး … မောင့်ကို အထင်မလွဲနဲ့နော်၊ မောင် အကျ
ချုံး လုပ်ချင်တာက ဟန်လေးရဲ့ အတိတ်နဲ့ ဘာမှမပေ
သက်ဘူးနော် …၊ ဟန့်လေး မောင်နဲ့ ပထမဦးဆုံး အကြ
လက်ထပ်လည်း မောင်က ဒီလိုပဲ စီစဉ်မှာပဲ"

သူ့စကားကို လက်ခံချင်သလို လက်မခံချင်သလို
အင်တင်တင်လုပ်နေသော ကျွန်မကို မောင်က ချော့ချော့မော့
လေး ပြောရင်း ကျွန်မ နဖူးကို ဖွဖွလေး ငုံ့နမ်းလိုက်သည်။

နောက်ဆုံးတော့ သိုသိုသိပ်သိပ်လေး ချစ်တတ်ပြ
သိုသိုသိပ်သိပ်လေး လက်ထပ်ပေါင်းသင်းချင်သော မောင့်သဘော
ကို ကျွန်မ လိုက်လျောလိုက်ပါသည်။

ဒီလိုနဲ့ သီချင်းရေး ဆရာလေး ခွန်မင်းနဲ့ အ
တော် ဟန်မဒီမေ တို့ရဲ့ လက်ထပ်ပွဲက သိုသိပ်စွာပင် ပြီးစီးခဲ့
သည်။





အဲဒီမှာ ကျွန်မ ဟန်မဒီမေရဲ့ ပထမဘဝနှင့် အသွင်
ြားနားသော ဒုတိယဘဝတစ်ခု စတင်ခဲ့တော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



"ဟန်လေး ... ထတော့လေ ... I love you..."

ကျွန်မရဲ့ နံနက်ခင်းတိုင်းတွင် ချိုမြိန်သော ထိုစကား
စ်ခွန်းကို မပီဝိုးတဝါးကြားလျက် နဖူးပြင်ဆီက ညင်သာသော
ထိအတွေ့ကို ခံစားရင်း နိုးကြားလာရမြဲ ဖြစ်ပါသည်။

ကျွန်မက နိုးလျက်နှင့် မျက်လုံးမဖွင့်သေးဘဲ အိပ်
င်ယောင်ဆောင်နေလျှင်တော့ မောင်က ကျွန်မရဲ့ နှာခေါင်းလေး
ို လိမ်ဆွဲမည်။ ပါးနှစ်ဖက်ကို ခပ်ဖွဖွ ဖြစ်ညှစ်ရင်း ကျွန်မ
ရယ်နိုင်အောင် ကျိစားမည်။ အခေါ်အဝေါ် အမျိုးမျိုးနှင့် ကျွန်မ
ို ဖျားယောင်းလျက် ချစ်စကားတွေ ပြောကာ မြှူဆွယ်လိမ့်
ည်။

နိုး နိုး ဇာ ဓပ

www.burmeseclassic.com

www.burmeseclassic.com



"အသည်းလေး … မောင့် ပျားရည်ချိုချိုလေး၊ ချစ်ချစ်လေး၊ ပုတူတူးလေး၊ အရူးမလေး၊ အပျင်းတုံးကလေး၊ ထတော့ကွာ … အိပ်ပုပ်ရင် မောင် မချစ်တော့ဘဲ နေမှာ …"

ဒီလိုပြောလို့မှ ကျွန်မ မထသေးလျှင် မောင်က ကျွန်မရဲ့ မျက်ခွံတွေကို ဖိနမ်းမည်။ ဒါနဲ့မရသေးလျှင် ကျွန်မရဲ့ ခြေဖဝါးကို လက်ဖြင့် ကလိမည်။ ထိုအခါကျမှ ကျွန်မက တွန့်လိမ်ကာ တဟီဟီရယ်မိရင်း အိပ်ရာထရတော့သည်။

ကျွန်မက မောင့်ထံ လက်ဆန့်တန်းလိုက်တော့ မောင်က သူ့ခေါင်းကိုညွှတ်ပေးသည်။ ကျွန်မက မောင့်လည်ပင်းကို ယိုးလေးခိုကာ အိပ်ရာထရသည်။ အဲဒီနောက် ကျွန်မတို့ အပြန်အလှန် morning kiss ပေးကြသည်။ ပြီးမှ မောင်က ဘီးတစ်ချောင်း ယူကာ ကျွန်မ ဆံပင်တွေကို ဖြီးပေးရင်း …

"တစ်နေ့ကို ၈ နာရီလောက်အိပ်ရင် တော်ရောပေါ့ ချစ်ရာ၊ ၈ နာရီထက် ပိုအိပ်ရင်လည်း ခေါင်းနောက်ပြီး ထိုင်းမှိုင်းတယ်၊ ၈ နာရီ မပြည့်ပြန်ရင်လည်း မလန်းဆန်းဘူး …"

"ဒါပေမယ့် မောင် ကျွန်မကို နှိုးတာ ၈ နာရီထက် ပိုအိပ်မှာစိုးတာ တစ်ခုကြောင့် မဟုတ်ပါဘူး၊ မောင်က





ထပြီး ကျွန်မကို မထသေးရင် မောင် ပျင်းနေလို့မဟုတ်လား …"

"ဟန်လေး နိုးရင် စားဖို့ ပြင်ဆင်နေရတာနဲ့ ပျင်းချိန်တောင် မရပါဘူး"

"အိမ်ကိစ္စတွေ မောင် ဝင်လုပ်နေရတာ မပင်ပန်းဘူးလား မောင်ရယ်၊ ဒေါ်စိုးကို လုပ်ခိုင်းရင်လည်း ရသားပဲ …"

"မောင်က မောင့် မိန်းမ ဝေယျာဝစ္စကို မောင်ကိုယ်တိုင်ပဲ လုပ်ချင်တယ်၊ မောင့် ဝေယျာဝစ္စကိုလည်း မောင့်မိန်းမ လုပ်ပေးတာပဲ ကြိုက်တယ် …"

မောင်က အဲဒီလို ယောကျ်ားမျိုး ဖြစ်ပါသည်။

ဘယ်လောက်ချစ်ဖို့ကောင်းလိုက်တဲ့ ယောကျ်ားပဲ နော် …။

"ဒီနေ့ ဘာတွေပြင်ဆင်ထားလဲ၊ ပြောပါဦး မောင်"

"ဟန်လေး ဟိုတလောက ဘာစားချင်တယ် ပြောထားလဲ …"

"ဟင် … ဘာပြောမိပါလိမ့်၊ မမှတ်မိတော့ဘူး"

"ညံ့ပါကွာ … ဒါတောင် မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောထားမိလဲဟင်"

"မနက်စောစော ဆီထမင်းပူပူလေးနဲ့ ငါးရံ့ခြောက်ဖုတ်လေး စားချင်လိုက်တာဆို ..."

"ဟယ် ... ဟုတ်သားပဲ၊ မှတ်မိပြီ၊ အဲဒါကြောင့် မောင်က ဆီထမင်းသွားဝယ်ထားတယ်ပေါ့"

"မဝယ်ပါဘူး ..."

"ဒေါ်စိုးကို ဆီထမင်း ထိုးခိုင်းထားတယ်ပေါ့"

"နိုး ..."

"ဟင် ... ဒါဆို"

"မောင်ကိုယ်တိုင် ဟန်လေးစားဖို့ ဆီထမင်းထိုးထားပါတယ်ဗျာ"

"ဟယ် ... မောင်က ဆီထမင်းထိုးတယ်၊ အံ့သြစရာကြီး၊ မောင် လုပ်တတ်လို့လား"

"လုပ်တတ်တာပေါ့၊ ဘာခက်လို့လဲ ..."

"မပင်ပန်းဘူးလား မောင်ရယ်၊ ဝယ်ရင် ဝယ်၊ မဝယ်ရင် ဒေါ်စိုးကို လုပ်ခိုင်းရောပေါ့ ..."

"အပြင်က ဝယ်တော့ ဆီသန့် မသန့် စိတ်မချရဘူး၊





ဒေါ်စိုးကလည်း ဘယ်လောက်ပြောပြော ဆီသုံးကြမ်းတယ်၊ ဟန်လေးက အဆီအဆိမ့်တွေ သိပ်စားလို့ မဖြစ်ဘူးလေ၊ အဲဒါကြောင့် ဆီနည်းနည်းနဲ့ မောင်ကိုယ်တိုင် ဆီထမင်း ထိုးပေးထားတာ ..."

"ငါးခြောက်ကျတော့ရော ..."

"မောင်ကိုယ်တိုင် ဖုတ်ပေးထားပါတယ်ဗျာ"

"မောင်ကတော့လေ တကယ်ပဲ သိလား ..."

"ဘာ တကယ်ပဲလဲ ..."

"ကျွန်မ်ကို အရမ်း အသေးစိတ်ကျကျ ဂရုစိုက်တဲ့နေရာမှာ တကယ့်ကို စံပဲလို့ ပြောတာ"

"မောင် သိပ်ချစ်တဲ့ မိန်းမပဲ၊ ဂရုစိုက်ရတာပေါ့"

"ကျေးဇူးတင်ပါတယ် မောင်ရယ် ..."

"မောင်လည်း ကျေးဇူးတင်တယ်"

"ဘာအတွက်လဲ မောင်"

"မောင့်ကို ဟန်လေး နားမှာ နေခွင့်ပေးခဲ့လို့ပေါ့ ..."

"ကျွန်မက ပိုပြီး ကျေးဇူးတင်ရမှာပါ၊ ကျွန်မ အောင်မြင်လာအောင် မောင် ကူညီခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က ပိုပြီး ကျေးဇူးတင်ရမှာပါ၊ မောင်ရေးတဲ့ သီချင်းတွေကို ဟန်လေး ဆိုပေးခဲ့လို့သာ မောင်က သီချင်းရေးဆရာ ဖြစ်ရတာ"

"အို ... ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မက ကျေးဇူးပိုတင်ရမှာပဲ"

"မောင်ပဲ ကျေးဇူးပိုတင်ရမှာပါကွာ ..."

"မရပါဘူး၊ ကျွန်မက ပိုတယ်"

"မောင်က ပိုရမှာ ..."

"ဟင့်အင်း ... မရဘူး၊ ကျွန်မ ပိုတင်မှာ"

ကျွန်မတို့ အပြန်အလှန် ကျေးဇူးတင်ရင်း အပြန်အလှန် မွေးမွေးပေးကြပြန်သည်။

ထိုခဏလေးမှာ ကျွန်မက မေ့နေသောကိစ္စတစ်ခုကို သတိရသွားပါသည်။ (ထိုသတိရခြင်းက ကျွန်မတို့ ဆက်ဆံရေးကို ပြောင်းပြန်လှန်ပစ်လိုက်သည်။)

"ဟယ် ... ခုမှ သတိရတယ် မောင်၊ ကျွန်မလေ ဒီမနက် အင်တာဗျူးဆရာ တစ်ယောက်နဲ့ ချိန်းထားတယ်၊ မြန်မြန်ထပြီး ပြင်ဆင်ဦးမှ၊ မောင်လည်း သပ်သပ်ရပ်ရပ်လေး ဝတ်ထားဦး ..."





မောင်က ကျွန်မကို ပွေ့ထားရာမှ ဖြန်းခနဲ လွှတ်ချလိုက်တာမို့ ကျွန်မမှာ အိပ်ရာပေါ် အင့်ခနဲ ပြန်ပစ်ကျသွားပါသည်။

"အံမယ်လေး ... မောင်ရယ် ဘယ်လို ဖြစ်ရတာလဲ ...၊ မောင့် လုပ်ပုံနဲ့ အဆင်မသင့်ရင် ခါးမျက်သွားနိုင်တယ် သိလား"

"ဟန်လေး ... မင်း ဗျူးမယ့်ကိစ္စမှာ မောင် မပါချင်ဘူးနော်"

"ဟင် ... ဘာဖြစ်လို့လဲ၊ သူတို့က နှစ်ယောက်စလုံးကို ဗျူးချင်တာလေ"

"အဆိုတော် ယောကျ်ားအနေနဲ့ တောင်မေး မြောက်မေး မေးနေမှာတွေ မောင် မဖြေချင်ဘူး"

"မောင်လည်း သီချင်းရေး ဆရာပဲလေ၊ သီချင်းရေးဆရာ တစ်ယောက်အနေနဲ့ မေးမှာပါ ..."

"ဒါပေမဲ့ ဒီလောက်နဲ့ ဘယ်ပြီးမလဲ၊ အချစ်ရေးတွေ၊ အိမ်ထောင်ရေးတွေ တောင်မေး မြောက်မေး မေးဦးမှာ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ကွာ မောင် အဲဒီလို လူလုံးထွက်ပြရမယ့်ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ဘူး၊ မောင်က မင်းကို အရမ်းချစ်မယ်၊ ဂရုစိုက်မယ်၊ ဒါ မောင်တို့ နှစ်ယောက်တည်းရဲ့ ကိစ္စ၊ သူများသိအောင် ကြေညာနေဖို့ မလိုဘူး"

"ဒါတော့ ဒါပေါ့မောင်ရယ်၊ ကျွန်မလည်း ချစ်ပြနေတာမျိုးတွေ မကြိုက်ပါဘူး၊ ဒါပေမယ့် ကျွန်မကို ဖျူးတဲ့အချိန်မှာ ကျွန်မအနားမှာ မောင့်ကို ရှိစေချင်တာပါ၊ အနားမှာတော့ လာထိုင်နေပေးပါ မောင်ရယ်၊ ခုဏနေ လာတော့မှာ မြန်မြန်လေး အဝတ်အစားလဲလိုက်နော် ..."

ဒီလိုကိစ္စမျိုးတွေရှိတိုင်း မောင်က မကြည်လင်။ အင်္ဂတာဖျူးဆရာ ရောက်လာတော့လည်း မောင်က ကျွန်မဘေးမှာ မှုန်ကုပ်ကုပ် မျက်နှာထားဖြင့် ဝင်ထိုင်နေသည်။ သူ့ပုံစံက ကျွန်မနဲ့ ခုပဲ အကြီးအကျယ် ရန်ဖြစ်ထားသည့်ပုံစံမျိုး။ သူ့ပုံစံကို အင်္ဂတာဖျူးဆရာလေးကပင် ခပ်လန့်လန့်နှင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။ ကျွန်မကို မေးပြီးတော့မှ ကက်ဆက်ကို သူ့ဘက်သို့ မရဲတရဲ တိုးရွှေ့သွားကာ ...

"ကိုခွန်မင်း အနေနဲ့ မဟာန်မဒီမေ ခုလို အောင်မြင်ဖို့အတွက် ဘယ်လို ပံ့ပိုးပေးခဲ့ရသလဲ ခင်ဗျ"





"ဒီလိုပါပဲ ... အထူးအထွေ မပံ့ပိုးပါဘူး၊ ကြုံကြိုက်လို့ ကျွန်တော် ရေးတဲ့ သီချင်းကို သူ ဆိုဖြစ်သွားတာပါ"

သူ့ပုံစံက ကျွန်မကို အရေးမထားသော ပုံစံမျိုး။ ထိုင်နေကတည်းက ကျွန်မနံဘေးမှာ ကြင်ကြင်နာနာ ကပ်ထိုင်တာမဟုတ်။

သူ့မျက်နှာထားက တင်းလွန်းတာမို့ ဖျူးဆရာကလည်း ဆက်မမေးရဲတော့ဘဲ အင်တာဗျူးကို နိဂုံးချုပ်လိုက်ပါသည်။

ဖျူးဆရာ ပြန်သွားတော့မှ ကျွန်မ သူ့ရှေ့မှာ ခါးထောက်ရပ်မိရင်း ...

"နေစမ်းပါဦး မောင် ...၊ မောင့်ပုံက ဘယ်လိုများ ဖြစ်ရတာလဲ ..."

"ဘာဖြစ်လို့လဲ ..."

"ကိုယ့်ပုံကိုယ် မှန်ထောင်ကြည့်လိုက်ပါလား၊ ပုံစံကိုက မိန်းမတစ်ယောက်ကို မချစ်မနှစ်သက်ဘဲ ပေါင်းနေရတဲ့ ပုံမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မောင်က ဘယ်လိုနေရမှာလဲ၊ လူရှေ့မှာ ပရောပရီ လုပ်ပြနေရမှာလား"

"မလိုပါဘူး၊ အဲဒီလောက်ထိ မလိုပါဘူး၊ ဒါပေမယ့် တမင် မျက်နှာထားကြီးတင်းပြီး မင်းဘာသာ နာမည်ဘယ်လောက် ကြီးကြီး ငါဂရုမစိုက်ပါဘူးကွာဆိုတဲ့ ပုံစံမျိုးလည်း လုပ်ပြ နေစရာမလိုဘူး"

"တမင်လုပ်မပြပါဘူး၊ ...ဘာသာ ဖြစ်သွားတာ"

"ရှင့်စိတ်ထဲမှာ tention ရှိလို့သာ ဒီပုံစံမျိုး အလိုလိုဖြစ် သွားတာပေါ့၊ ကဲ ... တော်ပါပြီ၊ စောစောစီးစီး ရန်မဖြစ် ချင်တော့ဘူး၊ ညနေကျရင်သာ ဒီလို မျက်နှာထားမျိုး မဖြစ်စေနဲ့ ..."

"ညနေကျရင် ?"

"ဟုတ်တယ် ... ညနေကျရင် ကျွန်မ သူငယ်ချင်း စုစီရဲ့ မင်္ဂလာ ညစာစားပွဲ ရှိတယ်၊ ရှင်လည်း လိုက်မှဖြစ်မယ် နှစ်ယောက်လုံး လာခဲ့ဖို့ သေသေချာချာ ဖိတ်ထားတယ်"

"ငါမလိုက်ဘူး"





"မလိုက်လို့ မရဘူး"

"မင်း ဘယ်လိုဖြစ်နေတာလဲ ဟာန်လေးရာ၊ ငါ အေးအေး ဆေးဆေး နေပါရစေ ... ၊ အဲဒီလိုပွဲတွေကို မင်းနဲ့ တပူး တွဲတွဲ သွားမနေချင်ဘူး၊ ကိုယ့်အိမ်မှာ ကိုယ် လင်မယား နှစ်ယောက်တည်း အေးအေးချမ်းချမ်း နေချင်တယ်၊ မင်း လည်း အဲဒီလို နေနိုင်ဖို့ ကြိုးစားစမ်းပါ"

"ကျွန်မလည်း အိမ်မှာပဲ အေးအေးဆေးဆေး နေချင်ပါ တယ်၊ ဒါပေမယ့် လူမှုရေးဆိုတာက ရှိသေးတယ်၊ ပြီးတော့ အဲဒီလို လူမှုရေးပွဲတွေကို လင်စုံမယားဖက် တင့်တင့်တယ် တယ် သွားချင်တယ် မောင်၊ မောင် မငြင်းပါနဲ့၊ ညနေကျ ကျွန်မနဲ့ လိုက်ခဲ့ရမယ်၊ ကျွန်မကိုချစ်ရင် လိုက်ခဲ့ရမယ် ဒါပဲ ..."

မောင်က ကျွန်မနဲ့ဆက်ပြီး အငြင်းအခုံ မလုပ်တော့

"ကောင်းပြီလေ ... လိုက်ဆိုလည်း လိုက်ရတာပေါ့"

"မောင့်မျက်နှာထားကြီးကို ခုနလိုမျိုး တင်းမထားဖို့ ကြို ပြောထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက မောင့်ကို ခင်ဘင်းတင်းလေး သတိပေး ပြောကြားလိုက်ပါသည်။





သို့သော် ညနေကျတော့ ကျွန်မရဲ့ သတိပေး ပြောချက်က အလကားပဲ ဖြစ်ရလေသည်။

မောင်သည် ကျွန်မနံဘေးမှာ လိုက်ပါလာသော် ငြား နည်းနည်းလေးမှ နွေးနွေးထွေးထွေးမရှိချေ။

နှစ်ယောက်တည်းဆို ကျွန်မကို လိုလေသေးမရှိအောင် ဂရုစိုက်တတ်သော၊ ကြင်နာတတ်သော မောင်သည် လူရှေ့ရောက်တိုင်း ရုပ်တည်ကြီးနှင့် အရေးမစိုက်သလို ပုံစံမျိုး သွားသည်။

ကျွန်မက ချစ်ပြတတ်သော ယောကျာ်းတစ်ယောက်ကို နားကြည်းခဲ့ဖူးသူဖြစ်ပါသည်။ မောင့်အနေနဲ့လည်း ချစ်ပြဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုပါ။ သို့သော် ဒီလောက်ကြီးလည်း ချစ်မပြခြင်းက အိုတာ ဖြစ်နေဖို့မလိုပါ။ နွေးနွေးထွေးထွေး သက်သောင့်သက်သာလေး ရှိနေပေးရင် လုံလောက်ပါပြီ။

မောင်ဟာ ဘာကြောင့်များ လူတွေရှေ့မှာ ကျွန်မ ဂရုမစိုက်သလို နေတတ်ပါသနည်း။

ထိုမေးခွန်းရဲ့ အဖြေကို ကျွန်မ မကြာခဏ စဉ်းစား ရင်း ဦးနှောက်ခြောက်မိပါသည်။

ကျွန်မက မောင်နှင့်အတူ စားပွဲဝိုင်းတစ်ခုမှာထိုင်ကာ ငိုင်တွေစဉ်းစားနေဆဲ စူဇီက ကျွန်မတို့နား ရောက်လာကာ...

"ဒီနှစ်ယောက် မလှုပ်ရှားသေးပါလား၊ သွားလေ... ဟိုမှာ စားစရာတွေ သွားယူတော့၊ နောက်ကျရင် အရိုးအရင်းတွေ ပဲ ရနေဦးမယ်"

စူဇီက ဘူဖေးဟင်းပွဲတွေဘက် လှမ်းကြည့်ရင်း ပြောသည်။

မောင်က စားစရာ သွားယူဖို့ ထတော့ ကျွန်မ စူဇီနှင့် စကားပြောလက်စ မပြတ်သေးတာမို့...

"မောင်ရေ... ကျွန်မအတွက်ပါ တစ်ပန်းကန် ထည့်ခဲ့ ပေးနော်"





ဟု လှမ်းမှာလိုက်သည်။ သူက မျက်မှောင်ကြုတ် သွားကာ...

"ကိုယ့်ဘာသာ သွားယူပေါ့ကွာ"

ဟု ခပ်ဆတ်ဆတ်ပြောပြီး ထွက်သွားတော့သည်။ ကျွန်မက ပါးစပ်အဟောင်းသားလေး ပွင့်ကာ ကျန်ခဲ့တော့ စူဇီက မခံ့တွန့်ကာ...

"ဘယ်လိုလဲ... မဒီ နှင်တို့ အဆင်မပြေကြဘူးလား"

"ပြေပါတယ်ဟယ်၊ အိမ်မှာတော့ ပြေပါတယ်"

"နှင့်ယောကျ်ား ကြည့်ရတာ နင်ကို နိုင်ရသလိုပဲ..."

"အိမ်မှာတော့ မနိုင်ရပါဘူးဟယ်..."

"ဘာလဲဟ၊ နှင့်စကားက..."

"နောက်တော့ ပြောပြပါ့မယ်ဟယ်..."

သတို့သား ရောက်လာတာမို့ စူဇီနှင့် စကားစ မြန် မြန်ဖြတ်လိုက်ရသည်။

ရင်ထဲမှာတော့ တနုံ့နုံ့နှင့် သူ့ကို မကျေနပ်နိုင်ပါ။

သူက စားစရာ ပန်းကန်ယူကာ ကျွန်မနားမှာ ပြန် ထိုင်တော့ ကျွန်မက သူ့အနားကပ်ကာ အံကြိတ်သံဖြင့် မေးမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ အဲ့ဒီရောဂါ ရှိတယ်မဟုတ်လား"

"ဘာရောဂါလဲ ..."

"လူရှေ့ကျရင် မိန်းမကို နိုင်ရကြောင်း ကြွားချင်တဲ့ ရောဂါလေ ..."

"အဲ့ဒီရောဂါရှိမှန်းသိရင် မင်း ဘာလို့ မရအရ ခေါ်သေးလဲ ..."

"ရှင်ဟာလေ ... အိမ်မှာတုန်းကနဲ့ တခြားစီပဲ သိလား"

"အိမ်မှာနေတဲ့ စတိုင်လ်ကို ကြိုက်ရင် အိမ်မှာပဲနေပေါ့၊ အပြင်ခေါ်မထုတ်နဲ့ပေါ့"

လူတွေရှေ့မှာဆို သူ့ အလျှော့မပေးမှာ သေချာတာမို့ ကျွန်မ စိတ်လျှော့လိုက်ရပါသည်။





ထိုပွဲမှအပြန် ...

"ရှင် အဲ့ဒါ ဘာသဘောလဲ မောင်၊ ဘာသဘောလဲဆိုတာ ပြောစမ်းပါဦး၊ အိမ်မှာ ဒါမျိုးမကတွေ လုပ်ပေးနေရက်သားနဲ့ လူရှေ့မှာ ဒါလေးခိုင်းမိတာကို ဒီလိုပြန်ပြောစရာလား ..."

မဒီသည် အိမ်ထဲရောက်တာနှင့် ဖိနပ်ကို ကန်ချွတ်ခဲ့ပြီး ဖုန်းနှင့် လက်ကိုင်အိတ်ကို တစ်နေရာဆီ ပစ်ချခဲ့ကာ ...သတကြီး အဆက်မပြတ်ပြောရင်း အခန်းထဲသို့ တောက်...ောက် ဝင်သွားသည်။

သူက ခြေမကိုင်မိ လက်မကိုင်မိပုံစံမျိုးနှင့် ကျွန်မ ...တ်က လိုက်ဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လေးကလည်းကွာ ... ဒီလောက်ကလေးနဲ့ စိတ်မဆိုးပါနဲ့၊ မောင်မှားတယ်ဆိုလည်း တောင်းပန်ပါတယ်"

"ဘာဒီလောက်လေးလဲ ... ဒီလောက်လေးတွေ များလာရင် ဒီလောက်ကြီး ဖြစ်သွားတတ်တယ်ဆိုတာ ရှင်မသိဘူးလား၊ ရှင် အမြဲ ဒီလိုပဲ လူရှေ့ရောက်ရင် နောက်တစ်ယောက် ဖြစ်ဖြစ်သွားတယ်၊ အဲဒီလိုမျိုး လူရှေ့တစ်မျိုး ကွယ်ရာ တစ်မျိုး လုပ်တတ်တဲ့သူတွေကို ကျွန်မ သိပ်မုန်းတယ် သိလား၊ အရမ်းမုန်းတယ် သိလား"

ကျွန်မက ခုတင်ပေါ် ပစ်ထိုင်ချကာ အော်ငိုမိတော့ သူက ပျာယာခတ်နေသည်။

"ဟန်လေး ... အဝတ်အစားတွေ လဲလိုက်ဦးလေ၊ နေဦး မောင် ယူပေးမယ်"

သူက ဗီရိုတံခါး ပြေးဖွင့်လျက် အိမ်နေရင်းဝတ်သည့် ဂါဝန်လေး တစ်ထည် ရွေးယူလာပေးသည်။

"ရော့ ... အဝတ်လဲလိုက်ဦးနော်"

"မလဲဘူး ... မလဲဘူး၊ ရှင်ပေးတဲ့ အဝတ်ကို မဝတ်ဘူး ရှင့်ကို လုံးဝမကျေနပ်ဘူး"





"ဟန်လေး ... ဆံပင်တွေ ကောင်းမနေဘူးလား၊ ကလစ်နဲ့ ကြာကြာညှပ်ထားရင် ခေါင်းကိုက်တတ်တယ်ဆို ...၊ လာ ကိုယ် ကလစ်ဖြုတ်ပေးမယ် ..."

"မထိနဲ့ ... ကျွန်မကို လာမထိနဲ့ ..."

သူက ကျွန်မခေါင်းကို လှမ်းကိုင်တာမို့ ကျွန်မ ခေါင်းကို တအားခါယမ်းလိုက်မိသည်။

"ဟာ ... ဟော့ ... ဟော့ ... တော်ပြီ၊ ရပ်တော့ကွာ၊ မထိနဲ့ဆို မောင် မထိပါဘူး၊ ဟန်လေး ခေါင်းမူးနေပါဦးမယ်၊ ဟို တစ်ခါ ခေါင်းလှည့်လိုက်တုန်းကတောင် အကြောညှပ်သွား သေးတာ မဟုတ်လား"

သူက ကျွန်မ ဘာပြောပြော သည်းခံချော့မေ့ ပြီး အခန်းထဲမှ ထွက်သွားသည်။ ခဏကြာတော့ ဗန်းတစ်ဗန်း ဖြင့် အခန်းထဲ ပြန်ဝင်လာသည်။

"ဟန်လေး ... ဟိုမှာလည်း ဘာမှမစားခဲ့ရဘူး၊ ဒီမှာလည်း ဒေါသထွက်ရတာ မောနေရောပေါ့၊ လာ ... ဒီမှာ စားလိုက် ဦး၊ မနက်ဖြန်ကျရင်လည်း စတိတ်ရှိုး ဆိုစရာရှိတယ် မဟုတ်လား၊ ဒီည အားရှိအောင် စားပြီး အိပ်ရေးဝဝ အိပ်ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ထမင်းနဲ့ဟင်းကို ဇွန်းဖြင့်ခပ်ကာ ခွံ့ကျွေးဖို့ပြင်သည်။ ကျွန်မက သူ့လက်ကို ပုတ်ချတော့ ပေရေသွားသမျှကို သူက သိမ်းဆည်းသည်။ ပြီးတော့ ဇွဲမလျှော့ဘဲ ခွံ့ကျွေးဖို့ပြင်သည်။ ကျွန်မက ခေါင်းခါငြင်းဆန်သည်။ သူကလည်းဆက်၍ ချော့မော့သည်။ နောက်တော့ ကျွန်မ ဗိုက်ဆာလှတာမို့ သူခွံ့ကျွေးတာကို စားမိရင်း စိတ်ပြေစပြုလာသည်။

သူက ကျွန်မကို ခွံ့ကျွေးပြီးတာနှင့် ကျွန်မ ခေါင်းက ကလစ်ကလေးကို ဖြုတ်ပြီး ဆံပင်တွေကို ရှင်းပေးပြန်သည်။ ပြီးတော့ ကျွန်မ ဆံပင်လေးတွေကို ဖွဖွမွှေးလိုက်သောအခါ ကျွန်မက သူ့ရင်ခွင်ကို ဖွဖွလေး ခေါင်းမှီအပ်ထားလိုက်မိတော့သည်။

ဒီလိုနဲ့ပဲ အပြင်သွားရင် ရန်ဖြစ်လိုက်၊ အိမ်ရောက်ရင် ပြန်ချစ်လိုက်ဖြင့် သံသရာ အကြိမ်ကြိမ် လည်နေသည်။





နောက်တော့ ကျွန်မ ဘယ်သွားသွား သူ့ကိုမခေါ်တော့ပါ။ ဒီလိုနဲ့ အပြင်သွားတိုင်း ကျွန်မတစ်ယောက်တည်း အဖော်မဲ့နေခဲ့ရသည်။

အိမ်မှာတော့ ကျွန်မ ဘယ်တော့မှ အထီးမကျန်ပါ။ သူက ကျွန်မနားပဲ အမြဲကပ်နေကာ ကျွန်မ စားဖို့သောက်ဖို့ ဂရုပာစိုက် စီစဉ်ပေးခြင်း၊ ကျွန်မ ကြည့်သင့်သည့် MTV ခွေတွေ ရှာဝယ်လာကာ ဖွင့်ပြခြင်း၊ သီချင်းအတူနားထောင်ခြင်း၊ ကျွန်မ အတွက် လိုအပ်တာတွေကို အကြံပေးခြင်း စသဖြင့် သူ့လောက် ဝတ္တရား ကျေပွန်သည့် ယောကျာ်းမျိုး မရှိတော့ပါ။

သို့သော် ... ကျွန်မ အလုပ်က အိမ်မှာ အမြဲနေလို့



www.burmeseclassic.com

www.burmeseclassic.com



ရသည့် အလုပ်မျိုး မဟုတ်ပါ။ စတိတ်ရှိုးသွားဆိုရတာ၊ တစ်ခါ တစ်ခါ မင်္ဂလာဆောင်မှာဆိုပေးရတာ၊ ကြော်ငြာရိုက်ရတာ၊ လိုအပ်သည့် ပစ္စည်းတွေဝယ်ဖို့ ဈေးဝယ်ထွက်ရတာတွေလည်း ရှိပါသည်။ အဲဒီအခါမျိုးမှာ ကျွန်မ တစ်ယောက်တည်းပဲ သွားရတတ်ပါသည်။

နယ်ဘက်ကို စတိတ်ရှိုးထွက်ဖို့ရှိလျှင်တော့ ကျွန်မက သူ့ကိုခေါ်မိသည်။

"မောင် ... ကျွန်မနဲ့ အတူလိုက်ခဲ့ပါလားဟင်၊ မောင်လိုက်တော့ ကျွန်မ အားရှိတာပေါ့ ..."

"ခေါ်စိုးကို ခေါ်သွားလည်း ဖြစ်တာပဲကွာ ..."

"ဒါပေမယ့် မောင် လိုက်တော့ ပိုကောင်းတာပေါ့၊ ဒီတစ်ခါ သွားရမှာက မန္တလေးဆိုတော့ ရှိုးပြီးရင် နောက်နေ့ကျ ကျွန်မတို့ ပြင်ဦးလွင်ဘက် တက်ကြမယ်လေ၊ မောင်နဲ့ ကျွန်မ လက်ထပ်ပြီးကတည်းက တစ်ခါမှ အတူခရီးမသွားသေးဖူးဘူးလေ"

"မင်းနဲ့ ခရီးအတူမသွားချင်ပါဘူးကွာ၊ လူကြည့်ခံရမယ့် ကိစ္စတွေ စိတ်မဝင်စားပါဘူး"

မောင် ဒီလိုပြောတော့ ကျွန်မ မတတ်နိုင်ပေ။ ရှ[illegible] မဖြစ်ချင်လျှင် ပါးစပ်ပိတ်နေရုံပဲပေါ့။





ကျွန်မ တစ်ယောက်တည်းလည်း သွားတတ်လာတတ်မို့ ကိစ္စမရှိပေမယ့် တစ်ခါတစ်ခါတော့ အကာအကွယ်မဲ့သလို ခံစားရတတ်ပါသည်။

အဲဒီလောက်အထိကတော့ ကျွန်မ သည်းခံနိုင်ခဲ့ပါသေးသည်။

သို့သော် ကျွန်မနဲ့ ပတ်သက်သည့် ကောလာဟလတွေကို ပြန်ကြားသိရချိန်မှာတော့ ကျွန်မ ထိန်းချုပ်ထားခဲ့ရသမျှတွေ ပေါက်ကွဲပွင့်ထွက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ထုံးစံအတိုင်း ကျွန်မ တစ်ယောက်တည်း ညှော်ခံပွဲတစ်ခုကို တက်ခဲ့ရသည်။

အမြဲတမ်း တစ်ယောက်တည်းပဲ တွေ့နေကျမို့ ဘယ်သူကမှ 'အမျိုးသား မပါဘူးလား' ဟု မမေးကြတော့ပါ။ တချို့ဆို ကျွန်မမှာ ယောကျ်ားရှိတယ်ဆိုတာတောင် မသိကြတော့ဘူး ထင်ပါရဲ့ . . . ။

သူများတကာ စုံတွဲတွေကတော့ အတွဲညီညီ ပြောဆိုရယ်မောနေတာမို့ ကျွန်မ တစ်ယောက်တည်း လူကြားထဲမှာ ထိုင်နေရတာ ပျင်းခြောက်ခြောက် ငေါင်စင်းစင်း နိုင်လှပါသည်။

စိတ်ထဲ ကျဉ်းကြပ်လာတာမို့ ကျွန်မက ဟိုတယ် သန့်စင်ခန်းဘက် ထွက်လာခဲ့သည်။





သန့်စင်ခန်းထဲ ကျွန်မ ဝင်နေဆဲမှာ အပြင်ဘက်မှ စကားသံတွေကို သေသေချာချာ ကြားလိုက်ရပါသည်။

"ဒီပွဲကို ဟာန်မဒီမေလည်း လာတယ်နော်၊ ရှင် တွေ့လိုက်လား . . ."

"မတွေ့လိုက်ဘူး၊ ထုံးစံအတိုင်း သူတစ်ယောက်တည်းပဲ ဟာ"

"ဟုတ်တယ် . . . တစ်ယောက်တည်းပဲ"

"သူ့သတင်းတွေ ရှင်ကြားလား . . ."

"ကြားတယ်လေ . . ."

"ဘာတွေ ကြားလဲ"

"ကြားတာကတော့ အစုံပဲ၊ သူ ပထမ ယောကျ်ားနဲ့ ကွာရှင်းထားတာတော့ ရှင်သိတယ် မဟုတ်လား"

"သိတယ်လေ . . . ကွာပြီပဲ၊ အခု သူ အိမ်ထောင်ကျနေပြီဆို . . ."

"ပြောတာပါပဲ၊ တကယ် အတိအလင်း အိမ်ထောင်ပြုတာရော ဟုတ်ရဲ့လား မသိပါဘူး . . . ၊ လူသိရှင်ကြား ညှော်ခံပွဲမျိုး လုပ်တယ်လို့လည်း မကြားမိပါဘူး၊ တိတ်တိတ်ပုန်း အိမ်ထောင်ကျနေတာများလား မသိဘူးနော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"တို့ကြားတာတော့ သူ့ယောကျ်ားက သူ့ကို သီချင်းရေးပေးတဲ့ သီချင်းရေးဆရာဆို ..."

"ဟုတ်လား ... ဧည့်ခံပွဲတွေတော့ အတူတွဲတက်တာ မတွေ့မိဘူး"

"အရင်တုန်းကတော့ တစ်ခါတလေ အတူတွဲလာတတ်တယ်တဲ့၊ သူ့ယောကျ်ားက သူ့ကို အရမ်းနိုင်ရတယ် ကြားတယ် သူက သူ့ယောကျ်ားကို အမြဲအရိပ်ကြည့်နေရတာတဲ့ ..."

"သူလည်း အိမ်ထောင်ရေး ကံမကောင်းဘူးနော်"

"သူ့ရိုယနဲ့ တုန်းကတော့ မင်းသားက သရုပ်ဆောင်ကောင်းကောင်းနဲ့ လူရှေ့မှာပဲ ချစ်ပြပြီး ကွယ်ရာကျ အရေးမစိုက်ဘူးတဲ့၊ ခုယောကျ်ားကျတော့ လူရှေ့မှာတောင် ချစ်မပြနိုင်ဘူးဆိုတော့ ကွယ်ရာမှာ ဘယ်လောက်တောင် အခြေအနေဆိုးနေပြီလည်း မသိဘူး"

"တို့ကြားတာတော့ အခု သူယူထားတဲ့ ယောကျ်ားက သားကြီး မယားကြီး ရှိတယ်ဆိုလား ..."

"ဟယ် ... ဟုတ်လား၊ ဒါကြောင့် ပွဲတွေ ဘာတွေ ရှေ့မတက်တော့တာ ထင်တယ်"





"ကွဲသွားတာလည်း ဖြစ်နိုင်တာပဲ"

သူတို့ဟာသူတို့ အထင်နှင့် ဖွတ်ဆွယ်စပ်ကာ စာတ်လမ်းဆင်ထားသော ကြောက်မက်ဖွယ် ကောလာဟလကြီးကြောင့် ကျွန်မ ရင်တွေ တဒိန်းဒိန်း ခုန်လာပါသည်။ ဒေါသတွေ တလိပ်လိပ် တက်လာကာ စိတ်ထဲကနေ 'ရှင့်ကြောင့် ... ရှင့်ကြောင့်' ဟု အော်ဟစ်ရင်း သန့်စင်ခန်းထဲမှ ထွက်လာသည်။

ကျွန်မ အပြင်ရောက်တော့ အတင်းပြောသည့်သူတွေကို မတွေ့ရတော့ပါ။

ကျွန်မက ခန်းမထဲ ပြန်မဝင်တော့ဘဲ အိမ်သို့သာ အမြန်ဆုံး ပြန်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင့်ကြောင့် သိလား၊ ရှင့်ကြောင့် ... ရှင့်ကြောင့်၊ ရှင့်ကြောင့် ..."

မဒီသည် ဒေါသဖြင့် အော်ဟစ်ရင်း သူ့ရင်ဘတ်ကို အဆက်မပြတ် ထုရိုက်နေသည်။ သူက မဒီ့ လက်တွေကို မရ အရ ဖမ်းဆွဲချုပ်ရင်း ...

"ဟန်လေး ... ဘာဖြစ်လာတာလဲ၊ ပြောလေ ... ဘာဖြစ်လာတယ်ဆိုတာ ပြောဦးမှပေါ့ ..."

"ဘာဖြစ်ရမလဲ ... ရှင့်ကြောင့် သူများအထင်သေးတာ ခံရတာပေါ့၊ မဟုတ်တဲ့ ကောလာဟလတွေ ထွက်လာတာပေါ့ ..."





ကျွန်မက ငိုရှိုက်ရင်း ကျွန်မ ကြားခဲ့သမျှတွေကို ပြန်ပြောပြလိုက်သည်။ သူကတော့ ထိုစကားတွေကို အရေးလုပ်ပုံ မရပါ။

"ဒါများ ဘာဖြစ်လဲကွာ၊ ကိုယ်မဟုတ်ရင်ပြီးတာပဲ၊ ဘယ်သူ ဘာပြောပြောပေါ့"

"ရှင် ဒီလို လက်လွှတ်စပယ် မပြောနဲ့၊ ဒီသတင်းမျိုး ထွက်လာတဲ့ကိစ္စမှာ ရှင်လည်း တာဝန်ရှိတယ်"

"အဲဒီတော့ မောင်က ဘာလုပ်ပေးရမလဲ ..."

"ခု ..., အဝတ်သွားလဲပြီး ကျွန်မနဲ့ လိုက်ခဲ့ပါ"

"ဘယ်ကိုလိုက်ရမှာလဲ ..."

"ဆီဒိုးနားက ညှော်ခံပွဲကို ..."

"အဲဒီပွဲကနေ မင်းပြန်လာခဲ့တာ မဟုတ်ဘူးလား၊ ပွဲက ပြီးလောက်ရောပေါ့ ..."

"မပြီးသေးဘူး၊ ပွဲက ခုမှစရုံပဲရှိသေးတာ၊ ကျွန်မရောက်တာ စောနေလို့သာ ကျွန်မကို လူများများလည်း မတွေ့သေးပါဘူး၊ ကျွန်မ ဒေါသဖြစ်လွန်းလို့ ပြန်လာခဲ့တာ၊ ရှင် အခု ကျွန်မနဲ့လိုက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးဆန်လိုက်တာကွာ … မင်း လုပ်ပုံက ရယ်စရာ မကောင်းဘူးလား"

"အဲဒီပွဲမှာ ကျွန်မကို အိမ်ထောင်သည်နဲ့ တိတ်တိတ်ပုန်း အိမ်ထောင်ကျနေတယ်လို့ ထင်တဲ့သူ … အိမ်ထောင်ကွဲသွား ပြီလို့ ထင်မယ့်လူ ဘယ်နှယောက်ရှိမယ်ထင်လဲ၊ အဲဒီ အထင်တွေကို လောလောဆယ် ဒီနည်းနဲ့ပဲ ချေဖျက်လို့ ရမယ်၊ သွားပါ … ရှင် မြန်မြန် အဝတ်လဲပါ"

"ကိုယ်မှ မလိုက်ချင်တာ …"

"ဒီလောက်ပြောနေတာတောင် မလိုက်ဘူးလားဟင်၊ ရှင့်မှာ စာနာစိတ်မှ ရှိရဲ့လား၊ ရှင် ကျွန်မ ယောကျ်ားမှ ဟုတ်ရဲ့ လား …"

"ဟာ … ဘယ်လိုဖြစ်လို့ ဒီလောက်အော်နေရတာလဲ၊ ကဲ_ လိုက်မယ်ကွာ … လိုက်မယ်၊ လာ … သွားမယ်"

ကျွန်မက ဒေါသဖြင့် အော်လိုက်တာကို သူက တပြန်ဒေါသဖြစ်သွားပုံဖြင့် ရှေ့ကနေ ဆောင့်ဆောင့်ဆို ထွက်သွား သဖြင့် ကျွန်မက အပြေးလိုက်လာရရင်း …

"နေဦး … ရှင် အဝတ်လဲဦး …"





"ငါ အဝတ်လဲနေရင် မင်းပွဲက ပြီးရောပေါ့၊ မင်း ငါနဲ့ တွဲမပြလိုက်ရဘဲ နေဦးမယ်"

သူက ခပ်ငေါ့ငေါ့ပြောရင်း ကားပေါ်တက်ထိုင်လိုက် တာမို့ ကျွန်မက ကားကိုမောင်းထွက်လာသည်။ သူလိုက်လာတာ ကို ကျေနပ်ပေမယ့် သူ့ပုံစံ သားသားနားနားမရှိတာကိုတော့ စိတ်တိုင်းမကျချင်။ သို့သော် လုံးဝ မလိုက်တာနဲ့စာရင်တော့ တော်သေးတာပေါ့ဟု ဖြေတွေး တွေးရသည်။

နှစ်ယောက်သားဟာ အပြန်အလှန် ဒေါသထွက်ရင်း ဟိုတယ်ရှေ့သို့ ရောက်လာသည်။

သူက ကားပေါ်ကနေ မညင်မသာ လှမ်းဆင်း လျှောက်သွားတာမို့ မဒီက သူ့ကိုမီအောင် လိုက်လာရင်း …

"ဒီမှာ ရှင် ဒီလိုပုံနဲ့သွားလို့တော့ ဘယ်ဖြစ်မလဲ"

"ဒါဆို ဘယ်လိုပုံနဲ့ သွားရမလဲ …"

"ကျွန်မလက်ကိုဖြစ်ဖြစ် တွဲသွားပေါ့၊ ရှင့်မျက်နှာကိုပါ ပြုံးထားဦး …"

"အေး … ဒီမှာ ပြုံးပြီ၊ ဒီမှာ တွဲပြီ၊ အိုကေနော် …"

သူက အသက်မပါသည့် အပြုံးမျိုးကြီး ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလက်ကို ဆတ်ခနဲ ဆွဲကာ ဟိုတယ်တွင်းသို့ လျှောက်ဝင်လာသည်။

ကျွန်မတို့ စုံတွဲကို တွေ့တော့ ကင်မရာသမားတွေ ဝိုင်းလာကြသည်။

လူဝိုင်းလာတာတွေ့တာနှင့် သူက တွဲထားသော မဒီလက်ကို ဆောင့်လွှတ်ချပစ်လိုက်ပါသည်။

မဒီသည် သူ့လုပ်ရပ်ကို ဆတ်ဆတ်ခါ နာကြည်းသွားကာ ဒေါသဖြင့် မျွန်ထူအဆိပ်တက်သွားလေသည်။





"နေစမ်းပါဦး ... ရှင် ဒီလောက်ဖြစ်နေရအောင် ကျွန်မက မလှလို့လား၊ မအောင်မြင်လို့လား၊ ပွဲမတိုးလို့လား၊ ကျွန်မနဲ့ တွဲသွားရမှာ ဒီလောက်တောင် ဝန်လေးရသလားဟင်"

ဟိုတယ်မှအပြန်မှာ မဆုံးနိုင်သေးသော ရန်ပွဲကို ရှေ့ဆက်ကြရပါသည်။

သူက ကျွန်မကို ကြည့်လျက် ခနဲ့တဲ့တဲ့ ပြုံးကာ ...

"အဲ့ဒါ မင်းကို အမြင်ကတ်လို့ပဲ၊ သိပြီလား ..."

"အမြင်ကတ်တယ် ! "

"ဟုတ်တယ် ... မင်းက ဟိုပွဲ ဒီပွဲ လျှောက်တက်ပြီး အပြင်မှာ ပျော်မွေ့လွန်းတယ်၊ အိမ်ထဲမှာ ကိုယ့်ယောကျ်ားနဲ့



www.burmeseclassic.com

www.burmeseclassic.com



အေးအေးချမ်းချမ်း နေဖို့ကျတော့ စိတ်မဝင်စားဘူး မဟုတ်လား . . . ”

ဘုရားရေ . . . ကျွန်မ ဝင့်လည်ပြီလား . . . ။

“ကျွန်မ အပြင်ထွက်တယ်ဆိုတာ မထွက်မဖြစ်လို့ ထွက်တာပဲ၊ ကျွန်မအလုပ်က ရှင့်လို အိမ်ထဲမှာပဲ အေးအေးဆေးဆေးထိုင်ပြီး သီချင်းရေးနေရတဲ့ အလုပ်မျိုးမှ မဟုတ်တာ”

“မင်းက ငါ့အလုပ်ကို အထင်သေးနေတာပဲ”

“လုံးဝမဟုတ်ဘူး . . . ရှင် အထင်မမှားနဲ့”

ကျွန်မ ခါးခါးသီးသီး ငြင်းမိသည်။ ကျွန်မ သူ့လုပ်ရပ်ကို တစ်ခါမှ အထင်သေးတဲ့ဘက်က တွေးမကြည့်ဖူးပါ။ သူ့ဘာသာ ဖီလင်လာတဲ့အချိန်မှ ထရေးတာမို့ တစ်နှစ်နေ နှစ်ပုဒ်လောက် ပြီးလည်း ကျွန်မ ဘာမှမပြော။ သူ ပိုက်ဆံ သိပ်မရှာနိုင်တာကိုလည်း တစ်ခါမှ မတွက်ကပ်ခဲ့ဖူးပါ။ ကျွန်မ စီးရီးစ် အသစ်သွင်းတဲ့အခါမှသာ သူ့ကို သီချင်းသစ်တွေ ရေးပေးဖို့ အပူကပ်ရမှာပင်။

ကျွန်မ သူနဲ့ ရှေ့ဆက် ရန်မဖြစ်ချင်တော့တာမို့ ရန်ပွဲကို အဆုံးသတ်လိုက်သည်။





ကျွန်မတို့ နှစ်ယောက်ကြားမှာ နားလည်မှုတွေ , တဖြည်းဖြည်း ပါးလျားလာပြီဟု စတင်ခံစားမိကာ ကျွန်မ အားငယ်နွမ်းလျနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



✿ ✿ ✿

မဒီသည် မောင်နဲ့ ခဏခဏ ရန်မဖြစ်ချင်သော်လည်း မဟုတ်က ဟုတ်က ကောလာဟလတွေကို မြန်ကြားရတိုင်းစိတ်ပျက်ရလေသည်။

ထိုကောလာဟလတွေကို ဘယ်လိုရှင်းရမလဲ ...။

စာနယ်ဇင်းတွေကတစ်ဆင့် ရှင်းလျှင်လည်း မောင်က သိပ်ကြိုက်မည်မထင် ...။

မောင်ကသာ ကောလာဟလကို ဂရုမစိုက်ပေမယ့် ကျွန်မကတော့ ဂရုမစိုက်ဘဲ မနေနိုင်။ ရင်ထဲ တနုံ့နုံ့နှင့် မခံချိမခံသာ ဖြစ်နေရသည်။

အမှန်တကယ်တော့ ကောလာဟလကို ထုတ်လွှင့်





သူတွေရဲ့ ဖန်တီးဇာတ်လမ်းဆင်နိုင်စွမ်းရည်ဟာ စာရေးဆရာတွေထက်တောင် သာမလားမသိ။

ဘာမဟုတ်တဲ့ ကိစ္စ ပိစိကွေးလေးကို အခြေပြုကာ တစ်ယောက်က ဇာတ်ကွက်တစ်မျိုး ဆင်သည်။ နောက်တစ်ယောက်ကလည်း သူ့အထင်ကို ထပ်ပေါင်းပြီး နောက်ထပ် အခန်းတစ်ခန်း ချိတ်ဆက် တီထွင်လိုက်သည်။ တစ်ယောက်တစ်ပေါက်စီ အထင်များစွာကို ပူးပေါင်းလိုက်သောအခါ ယုတ္တိရှိသယောင်ထင်ရသော ဒရာမာ ဇာတ်လမ်းရှည်ကြီး ဖြစ်သွားသည်။ စာရေးဆရာက ရေးတယ်ဆိုတာကမှ တစ်ယောက်တည်း ရေးရတာမို့ တစ်ယောက်ရဲ့ ဖန်တီးမှုသာ။ ကောလာဟလကျတော့ လူအများစုပေါင်း တီထွင်ရေးသားလိုက်သလိုမို့ ပိုပြီးတော့တောင် ရသစုံစုံနှင့် အံ့သြစရာ ဇာတ်တသပ်သပ် ဖြစ်စရာ ဖြစ်ရလေသည်။

ကျွန်မက ဒီကောလာဟလတွေကို မခံချိမခံသာဖြစ်ရဆဲ မကြာခင် မောင့်မွေးနေ့သို့ ကျရောက်တော့မည်ဖြစ်ကြောင်း သတိရလိုက်သည်။

ထိုအခါ မဒီသည် အကြံကုန် ဂမ္ဘုန်ဆားချက်ဆိုသလိုပင် မောင့်အတွက် မွေးနေ့ဆုတောင်းကို ကွန့်ကာ ညှန့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားလျက် သတင်းစာထဲသို့ မောင့်ကို အသိမပေးဘဲ ထည့်လိုက်လေသည်။

ထိုမွေးနေ့ဆုတောင်း အပြည့်အစုံမှာ ...

## ချစ်တဲ့ မောင်(ခွန်မင်း) အတွက် မွေးနေ့ ဆုမွန်လွှာ

မောင်ရေ ...

မောင့်ရဲ့ မွေးနေ့မှာ ကျွန်မ ချစ်ဖို့ ကျွန်မကို ချစ်ဖို့ လူသားလေး တစ်ယောက်ကို မွေးဖွားပေးခဲ့တဲ့ မောင့် အဖေနဲ့ အမေရဲ့ ကျေးဇူးကို ဦးထိပ်ထားရင်း မောင့်အတွက် တောင်းဆုခြွေလိုက်ပါတယ်။

မောင့်မွေးနေ့မှသည် နောက်နှစ်ပေါင်းများစွာ တိုင်အောင် မောင့် အချစ်ဦး ချစ်ဇနီးနဲ့အတူ အနာဂတ်မှာ မောင်နဲ့ ကျွန်မရဲ့ ဘဝထဲကို အဖော်ပြုဖို့ ဝင်ရောက်လာဦးမယ့် ကျွန်မတို့ရဲ့ သားသား မီးမီးလေးတွေနဲ့အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစု သိုက်မြုံလေးကို သက်ဆုံးတိုင် စောင့်ရှောက်နိုင်ပါစေလို့ ...

မောင့်ရဲ့ ချစ်ဇနီး ဟန်လေး (ဟန်မဒီမေ)





ထိုမွေးနေ့ဆုတောင်း ပါလာသည့် မနက်စောစောမှာတော့ မောင်က ချစ်စရာကောင်းစွာ တုံ့ပြန်ခဲ့သည်မှာ ...

www.burmeseclassic.com



“မင်း ဒီလောက် ပေါတောတောနိုင်လိမ့်မယ်လို့ ငါ မထင်ခဲ့ဘူးကွာ …”

မောင်သည် ထိုစကားကို စိတ်ပျက်လက်ပျက်ပြောရင်း သတင်းစာကို စားပွဲပေါ် ဆောင့်ချပစ်လိုက်လေသည်။

ထိုအခါ မဒီကလည်း ထိုင်နေရာမှ ဆောင့်အောင့်ထရပ်လိုက်ရင်း …

“ရှင် ဘယ်လိုပြောလိုက်တာလဲ”

“ကြားတဲ့အတိုင်းပဲ …”

“ရှင် ပြောရဲရင် ထပ်ပြောပြစမ်းပါ”

“ပေါတောတောနဲ့ကွာ …”





“ဘာ ပေါတောတောလဲ၊ ဘာပေါတောတောလဲဟင်၊ ရှင် ကျွန်မကို ဒီလို အသုံးအနှုန်းပြောစရာလား၊ မသကာ ရှုံးနေသလား ပြောတာကမှ တော်ဦးမယ်”

“ဪ … မင်းလည်း ရှုံးတာက ကုလို့ရတယ်၊ ပေါတာက ကုလို့မရဘူးဆိုတာ သိသားပဲကိုး”

“ရှင်နော် … ရှင် တော်တော့ …”

“ခုလောက်ဆို သတင်းစာဖတ် ပရိသတ်အပေါင်းက မင်းရဲ့ မွေးနေ့ဆုတောင်းကို ဖတ်ပြီး ရယ်နေကြပြီ၊ မင်းဟာက မွေးနေ့ဆုတောင်းမှမဟုတ်ဘဲ၊ ကြွားနေ့ ဆုတောင်းကြီးပဲဟာ၊ သတင်းစာဖတ်တဲ့သူတွေကလည်း ဒီကြော်ငြာထည့်တဲ့သူဟာ ပေါတောတော မိန်းမတစ်ယောက်ဖြစ်မှာပဲဆိုတာ ရိပ်မိနေလောက်ပြီ …”

“ရှင် အဲ့ဒီ ပေါတောတောဆိုတာကို ထပ်ပြောမနေနဲ့ …”

“မှန်တာပြောတော့လည်း နာတတ်တာကိုး၊ မင်း အနာပေါ် တုတ်ကျတယ်ဆိုလည်း ထပ်မပြောတော့ပါဘူးကွာ …”

“ရှင် … ကဲ …”

“ဟာ … ဟေ့ …”



www.burmeseclassic.com

www.burmeseclassic.com



မဒီသည် ဒေါသဖြစ်လှတာမို့ သူ့ကို ဖမ်းဆွဲကာ အိပ်ရာပေါ် လှဲပစ်လိုက်ပြီး သူ့ပါးစပ်ကို ခေါင်းအုံးနှင့် တအား ဖိပိတ်ထားလိုက်လေသည်။

"ဝူး ... အား ...၊ အူး ... အီး ..."

သူက ဗလုံးဗထွေး ဝူးဝါး ဝူးဝါး အော်ဟစ်ရင်း ရုန်းကန်ထထိုင်လိုက်သည်။

"မင်း ငါ့ကို သတ်မလို့လားကွ ... ဟင်"

သူက မဒီကို စိုက်ကြည့်လျက် ဒေါသတကြီး မေး လိုက်ပြီး ...

"ဒီမှာ ဟန်လေး ... မင်း အပေါ်ယံကိစ္စတွေကို ဒီလောက် မမက်စမ်းပါနဲ့၊ မွေးနေ့ဆုတောင်းကို လူကြားကောင်း အောင် ထည့်ပြီး အိမ်တွင်းရေး အဆင်မပြေဘဲ လူ သူမသိ ကျိတ်စိတ်ဆင်းရဲနေတဲ့သူတွေလည်း အပုံကြီး အပြင်က အရေးကြီးသလား၊ အတွင်းက အရေးကြီးလား ဒါကို မင်း ကောင်းကောင်းသိခဲ့တာပဲ ..."

"သိခဲ့တယ် ... ဟိုတုန်းကတော့ အိမ်တွင်းရေး သာယာ မျှော်လင့်လို့ အတွင်းကိစ္စကပဲ ပိုအရေးကြီးတယ်လို့ ...





တယ်၊ ဒါပေမယ့် ခုတော့ အပြင်ရော အတွင်းပါ အရေး ကြီးတယ်ဆိုတာ သိလာပြီ၊ ရှင် အပြင်မှာ ကျွန်မကို ချစ်ပြဖို့ မလိုပါဘူး၊ ချစ်နေတဲ့ စိတ်ရင်းအတိုင်း မကွယ် မဝှက် ဟန်မဆောင်ဘဲ ဆက်ဆံရင်ရပြီ ...၊

"အခု ... ကျွန်မတို့ အိမ်ထောင်ရေး အဆင်မပြေ သယောင် ထွက်နေတဲ့ ကောလာဟလတွေကို မခံနိုင်လွန်း လို့ လုပ်မိလုပ်ရာ လုပ်တဲ့သဘောနဲ့ မွေးနေ့ဆုတောင်း ထည့်မိတယ်၊ ဒါကို ရှင် ဒီလောက် လှောင်ပြောင်သရော်ဖို့ မလိုဘူး၊ နားလည်ပေးဖို့ပဲလိုတယ်"

"မင်းကရော ကိုယ့်ကို နားလည်ပေးလို့လား"

"ကျွန်မက ဘာကို နားလည်ပေးရမှာလဲ ..."

"အေး ... အဲဒီလို မေးကတည်းက မင်း ငါ့ကို နားမလည် ဘူးဆိုတာ ရှင်းနေတာပဲ"

သူက ခပ်ဆတ်ဆတ်ပြောပြီး မဒီနားက ထွက်သွား သည်။ မဒီသည် သူ့ကို နားမလည်နိုင်စွာ ဒေါသထွက်ရင်း ကျန်ရစ်ရပါသည်။

ညနေရောက်တော့မှ သူ့မွေးနေ့မို့ သူ့ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် စိတ်ဆိုးဆိုး ပစ်မထားသင့်ဘူးဟု ခံယူကာ သူ့ကို စကားစပြောလိုက်သည်။

"ဒီနေ့ ရှင့်မွေးနေ့ဆိုတော့ ညနေကျ ဘုရားသွားပြီး အပြန်ကျရင် ဟိုတယ်တစ်ခုမှာ ညနေစာ ဝင်စားရအောင် ...၊ ပြီးရင် ရှင့်အတွက် မွေးနေ့လက်ဆောင်လည်း ဝယ်ပေးမယ်"

"အပြင်သွားဖို့ပဲ အားသန်မနေနဲ့၊ အိမ်က ဘုရားစင်မှာ ကောင်းမှုကုသိုလ်ယူပြီး အိမ်က မီးဖိုချောင်မှာ တစ်ခုခု ချက်ပြုတ်စားလို့ ရတယ်၊ မွေးနေ့လက်ဆောင်ကတော့ မင်း ကိုယ့်ကို တစ်ချက်နမ်းရုံနဲ့လည်း ပြီးတယ် ..."

"ရှင် ... ဗွတိုက်မနေနဲ့ ..."

မဒီသည် သူ့အပြောကို ဒေါသဖြစ်ရသော်လည်း သူ့မွေးနေ့မှာ ကိုယ့်အလွန်မဖြစ်စေချင်တာမို့ စိတ်ကို ထိန်းရသည်။

သူကတော့ မျက်နှာထား ခပ်ပုပ်ပုပ်နှင့်ပင် မီးဖိုခန်းထဲ ဝင်သွားသည်။

တော်တော်လေးကြာမှ ပန်းကန်ပြားကြီးကြီး တစ်ချပ်ကိုင်လျက် ပြန်ထွက်လာကာ ...





"မွေးနေ့ရှင်ဆိုတော့ တစ်ခုခုတော့ ကျွေးရမှာပေါ့၊ ကဲ ... လာစား ဒီမှာ မင်းကြိုက်တဲ့ ပီဇာ ..."

ဟု ပြောလေသည်။ မဒီသည် သူကိုယ်တိုင် လုပ်လာသည့် ပီဇာချပ်ကြီးကို ငုံ့ကြည့်ရင်း ငိုရမလို ရယ်ရမလို ဖြစ်နေသည်။ ဒါလေးလုပ်ပေးရုံနဲ့ မကျေနပ်သမျှတွေကို သင်ပုန်းချေဖို့ သင့်မသင့်လည်း မသိပါ။ လောလောဆယ်တော့ ခုတစ်မျိုး တော်ကြာတစ်မျိုး သူ့ဆက်ဆံရေးကြောင့် ရူးချင်နေတော့တာပင်။

ညရောက်တော့ သူက ခပ်တည်တည်နှင့်ပင် ...

"မွေးနေ့ရှင်က မုန့်ကျွေးပြီးရင် စားတဲ့သူက မွေးနေ့လက်ဆောင် ပြန်ပေးရတာ မသိဘူးလား"

ဟု မဒီ့နားကပ်၍ တိုးတိုးမေးသည်။ မဒီကလည်း ခပ်တည်တည်ပင် ...

"ရှင်အိပ်မှ ပေးမယ်"

ဟု ပြောလိုက်သည်။ ခဏကြာတော့ သူက မျက်စိမှိတ်ကာ အိပ်ချင်ယောင်ဆောင်တော့သည်။

မဒီက သူ့ပါးကို ဖွဖွနမ်းကာ မွေးနေ့လက်ဆောင် ဆိုလိုက်ရင်း သက်ပြင်းချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက မဒီကို အဝေးသို့ တွန်းပို့သည့် လုပ်ရပ်တွေ လုပ်ပြီးတိုင်း အနီးသို့ ပြန်မြန်ဆွဲခေါ်တတ်သူလည်း ဖြစ်ပါသည်။

မဒီ့စိတ်သည်လည်း အဝေးသို့ ပြေးချင်လိုက်၊ သူ့အနား ပြန်ပြေးလာလိုက်နှင့်မို့ ... ပင်ပန်းလှပြီ။





အဲဒီနောက်ပိုင်းကာလတွေမှာတော့ မဒီသည် သူနှင့် အဆင်ပြေပြေ နေချင်လျှင် သူ့ကို အပြင်မခေါ်ရန်သာ ရှိတော့သည်ဟု သဘောထားလိုက်ရတော့သည်။

သူက ဘယ်လောက်နေစိမ့်သလဲဆိုရင် မဒီ ညဘက် ဘယ်သွားသွား ကားလိုက်မောင်းပေးဖော်တောင် မရ။ သီတင်းကျွတ်မို့ လူကြီးတွေ လိုက်ကန်တော့လျှင်တောင် အဖော်မလိုက်ချေ။ ဒက်ဒီ့ကို သွားကန်တော့တုန်းကသာ မကောင်းတတ်၍ လိုက်ရပုံပေါ်ပြီး ဒက်ဒီ့ရှေ့မှာ စကား ဟဟာမပြောချေ။

ကောင်းသည် ဆိုးသည် မဝေဖန်မှုးသော ဒက်ဒီက ဝင် တစ်နေ့တော့ မဒီ့ကိုခေါ်မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆွိုတီ ... သမီးတို့ အိမ်ထောင်ရေးက အဆင်ပြေရဲ့လား"

"ပြေပါတယ် ... ဒက်ဒီ ..."

"သမီးညာပြီ ... ဒက်ဒီ သိတယ်၊ အဲဒီတော့ ဒက်ဒီ တစ်ခု တော့ ပြောမယ်၊ သမီးရဲ့ မာမီနေရာက ပြောရရင် မိန်းကလေးဆိုတာ ဘယ်လိုအကြောင်းမျိုးကြောင့်ပဲဖြစ်ဖြစ် အိမ်ထောင်ဆက်များတာ မကောင်းဘူး၊ သည်းခံပြီး ညှိပါ၊ အိမ်ထောင်မကွဲအောင် ဂရုစိုက်ပါ ...၊

"ဒက်ဒီ့နေရာက ပြောရရင်တော့ သမီး သူများ အမြင်တင့်တယ်ဖို့အတွက် တစ်သက်လုံး ကျိတ် စိတ်ဆင်းရဲ ခံမနေနဲ့၊ ဒါပဲ ...၊ ဒက်ဒီ ပြောချင်တာ အဲဒီလောက်ပဲ"

ဒက်ဒီက ထိုစကားလောက်သာ ပြောလိုက်ပါသည်။

မဒီလည်း ဒက်ဒီ သိအောင် မဒီတို့အကြောင်း အသေးစိတ် ရှင်းမပြချင်တော့ပါ။

သူနဲ့ မဒီရဲ့ ဆက်ဆံရေး အခြေအနေကတော့ ပေါ မသာ ခပ်စိမ်းစိမ်းလေး ဖြစ်နေကြပါသည်။

တစ်နေ့ မဒီ အပြင်က ပြန်လာတော့ သူ့ကို မတွေ့ တာမို့ ဒေါ်စိုးကို ခေါ်မေးရသည်။





"ဒေါ်စိုး ... မောင်ရော"

"အပြင်သွားတာ ပြန်မလာသေးဘူး"

"ဘယ်သွားမယ် ပြောသွားလဲ ..."

"မပြောဘူးကွယ့်၊ သူက မဒီ အိမ်မှာနေရင်သာ အိမ်ကပ်တာ၊ မဒီ အပြင်ထွက်ရင် သူလည်း ထွက်တာပဲ ..."

"သူ့ အိမ်မှာ ဂစ်တာတွေ ဘာတွေတီးပြီး သီချင်းစပ်တာ မတွေ့မိဘူးလား"

"ဟင့်အင်း ... မတွေ့မိတာ ကြာပြီ"

မဒီ သက်ပြင်းချရပြန်သည်။ သီချင်းရေးဆရာသာဆိုတယ် သီချင်းအရေးကျဲလှတာ၊ အမြဲအားနေသလိုလို ဖြစ်နေတာကြီးကိုလည်း မဒီက မကြိုက်ပါ။

အဲ့ဒီနေ့က မဒီ ရေချိုးခန်းဝင်နေတုန်း သူ ပြန်လာသည်။

မဒီ ထွက်လာတော့ သူ့ကိုနှမ်းနှမ်းဖတ်ဖတ်ပုံစံမျိုးနှင့် ထိုင်နေတာ တွေ့ရသည်။

"မောင် ခုတလော ဘယ်လျှောက်လျှောက်သွားနေတာလဲ၊ အသားတွေတောင် နေပူလောင်ပြီး ရဲနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ ကိစ္စလေးရှိလို့ ..."

"အဲ့ဒီကိစ္စကို ကျွန်မကို ပြောပြလို့ မရဘူးလား"

"ပြောမပြချင်ဘူး"

သူက ခပ်ပြတ်ပြတ်ပြောပြီး ရေချိုးခန်းထဲ ဝင်သွားလေသည်။





သူ့အပြင်မှာ ဘာသွားလုပ်နေတယ်ဆိုတာကို မဒီ မကြာခင် သိလိုက်ရပါသည်။

အဲ့ဒီနေ့က မဒီ ဟံသာဝတီဘက်က အဖြတ်မှာ သူ့ကို လှမ်းမြင်လိုက်ရတာဖြစ်သည်။

မဒီ့အရင် မြင်သွားသူက မဒီနှင့်အတူ ပါလာသော မဒီ့မိတ်ဆွေ အဆိုတော် မမမေ ဖြစ်ပါသည်။

မဒီက ကားမောင်းနေတာမို့ လမ်းဘေးဝဲယာ သိပ် မကြည့်မိပေမယ့် သူ့ကိုသိနေသည့် မမမေက လမ်းဘေး တစ်နေရာသို့ လက်ညှိုးညွှန်ကာ အလန့်တကြားပုံဖြင့် ...

"ဟယ် ... ဟိုမှာ ... ဟိုမှာ ...၊ မဒီ ယောကျ်ား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်လေသည်။ မဒီသည် ကားကို တံ့ခနဲ ရပ်မိမလိုဖြစ်သွားပြီးမှ အရှိန်ကို လျှော့ကာ လမ်းဘေးသို့ လှမ်းအကြည့် ...

"ဘုရားရေ ... ဒါဘယ်လိုဖြစ်တာလဲ ..."

မဒီ အံ့ဩလွန်းလို့ ကတုန်ကယင်ကြီး ဖြစ်သွားသည်။

လမ်းဘေးက ရွက်ဖျင်ထိုး၍ ရောင်းသည့် ထမင်းဆိုင်ရေ့ ခုံပုကလေးပေါ်မှာ ယမင်းထိုင်စားနေသော သူ့ပုံစံကိုကြည့်ကာ မဒီ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။

"မဒီ သေချာကြည့်ပါဦး၊ မဒီ ယောကျ်ား မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်၊ သူပါပဲ မမမေရယ်"

"ဘယ်လိုများ ဖြစ်ရတာလဲဟယ်၊ သူ့အနေအထားနဲ့ ဒီလိုဆိုင်မျိုးမှာ စားစရာလား"

"မ ... မသိပါဘူး မမရယ်၊ မဒီ သွားခေါ်လိုက်ဦးပါမယ်"

မဒီအသံက အားတောင်မရှိတော့ပါ။ ဒီနေရာမှာ သူဘာလာလုပ်နေတယ်ဆိုတာလည်း မဒီ မသိတော့ပါ။ မဒီဆို ဒီလိုဆိုင်မျိုးမှာ စားဖို့ လုံးဝ စိတ်မကူးတာမို့ မဒီ ယောကျ်ား စားနေတာကိုလည်း မကြည့်ရက်သလိုကြီး ရင်နင့်နေမိပါသည်။





"မောင် ..."

"ဟင် ... ဟန်လေးပါလား"

မဒီက လှမ်းခေါ်တော့ သူက ပိုက်ဆံ ကပျာကယာ ရှင်းပြီး မဒီ့ထံ လျှောက်လာသည်။

"ဟန်လေး ... ဒီကို ဘာလာလုပ်တာလဲ"

"မောင့်ကိုမြင်လို့ လာရတာလေ၊ မောင်ရော ဒီမှာဘာလာလုပ်ပြီး ဘာဖြစ်လို့ ဒီလိုဆိုင်မျိုးမှာ စားနေရတာလဲ ..."

"ဒီလိုပါပဲ၊ ဗိုက်ဆာလို့ ဝင်စားလိုက်တာလေ၊ ဘာထူးဆန်းလို့လဲ"

"ထူးဆန်းတယ်၊ ကျွန်မအတွက်တော့ ထူးဆန်းတယ်၊ ကျွန်မ ယောကျ်ားက ဒီလို နွမ်းနွမ်းဖတ်ဖတ် ဝတ်ပြီး ဒီလိုဆိုင်မျိုးမှာ ဘာလို့ စားရမှာလဲ၊ ဒီကိုလာစရာ ဘာအကြောင်းရှိလဲ ..."

"မောင် ဒီမှာ ကားပွဲစားလုပ်မလားလို့ လာလေ့လာနေတာ ..."

"ဟင် ... ကားပွဲစား လုပ်မယ်၊ ကျွန်မ ယောကျ်ားက ဘာလို့ ကားပွဲစားလုပ်ရမှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လေး ... မင်း ကိုယ့်ကို ကျွန်မယောကျာ်း ကျွန်မယောကျာ်းဆိုတာနဲ့ပဲ တိုင်းထွာစဉ်းစားမနေနဲ့၊ သိချင်းရေးဆရာအဖြစ်ပဲ စဉ်းစား၊ ဟာ ... ဒီနေရာမှာ ဆက်ရပ်နေလို့မဖြစ်ဘူး၊ မင်းကို လူတွေကြည့်နေပြီ ... ကားပေါ် သွားမယ်၊ လာ ..."

"ကားပေါ်မှာ ကျွန်မ မိတ်ဆွေ မမမေပါလာတယ်"

"ဒါဆိုလည်း အိမ်ရောက်မှ ပြောတာပေါ့၊ မောင် မင်းနဲ့ ပြန်လိုက်ခဲ့မယ်"

"ရှင့်ကားရော ..."

"ကိုယ့်မှာ ကားမှ မရှိတာ ..."

"ရှင် ဝတိုက်မပြောနဲ့၊ ဂိုထောင်ထဲမှာ ကားတစ်စီး ပိုနေတာ ကျွန်မယောကျာ်းစီးဖို့မဟုတ်ရင် ဘယ်သူစီးဖို့လဲ ..."

"ကိုယ် အဲ့ဒီကား ယူမလာဘူး"

"ဒါဆို ဘာနဲ့လာလဲ ..."

"ဘတ်စ်ကားနဲ့ ..."

"ဘာ ..."

"ဟာ ... မအော်နဲ့လေ၊ လာကွာ ... သွားမယ် မြန်မြန်"





မဒီက သွားကျိန်းမတတ် အံကြိတ်ကာ ကားဆီ လျှောက်လာလိုက်သည်။

စိတ်ထဲရှိသမျှ ပေါက်ကွဲဖို့ အိမ်ကို မြန်မြန်ရောက်ချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ပြောပါဦး၊ ပြောစမ်းပါဦး မောင်ရဲ့ … ၊ မောင် ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘာလျှောက်လုပ်နေသလဲ ဆိုတာ …"

မဒီက ဒေါသဖြင့် တုန်တုန်ယင်ယင် ပြောလိုက်သော်လည်း သူကတော့ ခပ်အေးအေးပင်။

"ခုနစကားကို ဆက်ပြောမယ်၊ မင်း ကိုယ့်ကို နေရာတကာ ကျွန်မယောကျ်ားဆိုတာနဲ့ပဲ တိုင်းထွာစဉ်းစားမနေနဲ့၊ အဲဒါ မောင် မကြိုက်ဘူး … ၊

"ကျွန်မ ယောကျ်ားမို့လို့ လမ်းဘေးဆိုင်မှာ ထမင်း မစားနဲ့၊ ကျွန်မ ယောကျ်ားမို့လို့ ဘတ်စ်ကားမစီးနဲ့၊ ကျွန်မ





ယောကျ်ားမို့လို့ ကားပွဲစားလုပ်ပြီး ငွေရှာဖို့မလိုဘူး၊ အဲဒါ မင်းကိုယ့်ကို တန်ဖိုးထား ဂုဏ်တင်နေတာ မဟုတ်ဘူး၊ မင်းကိုယ်မင်း ဂုဏ်တင်နေတာ၊ မင်းယောကျ်ား ဖြစ်တဲ့ အတွက် မင်းသိက္ခာမကျအောင် သိမ်ငယ်တယ်လို့ မင်း ယူဆတဲ့ အလုပ်တွေ မလုပ်စေချင်တာပဲ … ၊

"မင်းယောကျ်ားဆိုတာကို ဖယ်ကြည့်လိုက်ရင် ကိုယ်က သီချင်းရေးဆရာ၊ သီချင်းအများကြီး မရေးဖြစ်တဲ့ သီချင်းရေးဆရာ၊ ကိုယ့်ဝင်ငွေက ဘယ်လောက်မှ မရှိဘူး၊ အဲဒီတော့ ကိုယ့်ဘာသာ ဝင်ငွေရဖို့ အလုပ်တစ်ခုခု လုပ်ချင်လုပ်မယ်၊ ဘတ်စ်ကား စီးချင်စီးမယ်၊ လမ်းဘေးဆိုင်မှာ စားချင်စားမယ်၊ အဲဒါ ဘာမှမဆန်းဘူး၊ မိန်းမ အိမ်မှာနေ၊ မိန်းမကားကိုစီး၊ မိန်းမ ထမင်းကိုစားနေရမှာ ကိုယ်မကြိုက် ဘူး"

"မောင်က အိမ်ထောင်ရေးမှာ 'ငါ' ဆိုတာကိုပဲ စဉ်းစား တာကိုး၊ ငါတို့ဆိုတာကိုမှ မစဉ်းစားပဲကိုး၊ လင်မယား ဆိုတာကို နှစ်ယောက်ပေါင်းပြီး မစဉ်းစားဘဲ ခွဲခြား ခွဲခြား လုပ်နေတာကိုး …"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပဲပြောနေပြောနေ မင်း စိတ်ထဲက ... ထားပါ တော့ ... မင်းရဲ့ မသိစိတ်ထဲက ဖြစ်ဖြစ် ငါ အမြဲအားပြီး အိမ်ပဲကပ်နေတာ၊ ငါအားနေရက်နဲ့ မင်းနဲ့ အဖော်လိုက် မပေးတာတွေကို မကြိုက်မှန်း ငါသိတယ်"

"ကျွန်မ ရှင်နဲ့ ပတ်သက်ရင် ငွေရေးကြေးရေးကို တစ်ခါမှ ပေသီးမခေါက်ဖူးဘူး မောင်၊ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ယောကျ်ားဆီကလုပ်စာ မစားရရင်နေ၊ ယောကျ်ား က သူ့အလုပ်ကလေးနဲ့၊ သူ့ဝင်ငွေကလေးနဲ့ တင့်တင့် တယ်တယ် ဖြစ်နေတာတော့ မြင်ချင်တယ်၊ ဒါပေမဲ့ အဲ့ဒီအလုပ်က ကားပွဲစားတော့ မဖြစ်ရဘူး၊ သီချင်းရေး ဆရာပဲ ဖြစ်ရမယ်"

"သီချင်းဆိုတာ စာရွက်ပေါ် ဘောလ်ပဲန် တင်ရုံနဲ့ မပြီး ဘူး ဟန်လေး ...၊ ၂၄ နာရီလုံးလုံး ထိုင်စဉ်းစားနေလည်း ရေးဖြစ်ချင်မှ ရေးဖြစ်တာ၊ ဒါကို စီးပွားတွက် တွက်နေလို့ မရဘူး၊ တော်ပြီကွာ ... ကိုယ့်ကို နားမလည်နိုင်တဲ့ သူမို့ ကိုယ် စကားဆက်မပြောချင်တော့ဘူး၊ ကိုယ် မင်းပိုက်ဆံ ကို မသုံးဘူးလို့ ဆုံးဖြတ်ထားတာ ကြာပြီ၊ ကိုယ့်ဘာသာ ပိုက်ဆံရှာတဲ့ကိစ္စကို မင်းလာမတားနဲ့ ..."





"မောင် ... ရှင် ဒီလိုမပြောသင့်ဘူး၊ ရှင် ရေးပေးခဲ့တဲ့ သီချင်းတွေကြောင့် ကျွန်မ အောင်မြင်ခဲ့တာပဲ၊ ကျွန်မ အောင်မြင်လို့ ရလာတဲ့ ငွေဟာ ရှင်နဲ့လည်း ဆိုင်တယ်"

"မဆိုင်ပါဘူးကွာ၊ ငါသီချင်း ဘယ်လောက်ကောင်းကောင်း မင်းဘက်က စီးရီးထုတ်ဖို့ ပိုက်ဆံမရှိရင် ဘာမှဖြစ်မလာပါ ဘူး ..."

မောင်က စကားစဖြတ်ပြီး မဒီ့ အနားက ထသွားသည်။ နောက်နေ့တွေမှာလည်း မဒီ့ကို စကားမပြောဘဲ သူလုပ် ချင်တာလုပ်သည်။ မဒီလည်း စိတ်ဆင်းရဲလွန်းလို့ ဘာလုပ်ရမှန်း မသိပြီ။



www.burmeseclassic.com

www.burmeseclassic.com



စုဇီတို့အိမ်ထောင်ရေးကတော့ မဒီနဲ့ ခြားနားစွာ အဆင်ပြေလျက်ရှိသည်။ ဘယ်တော့ပဲကြည့်လိုက် ကြည့်လိုက် အတွဲညီညီ ပြုံးပျော်ကြည်နူးနေတာကို တွေ့ရတာ အားကျစရာ ဖြစ်သည်။

တစ်နေ့တော့ မဒီက စိတ်ညစ်ညစ်နှင့် စုဇီထံ သွား၍ ရင်ဖွင့်လိုက်ပြီး စုဇီကို မေးခွန်းထုတ်မိပါသည်။

"စုဇီ … နင့်ယောကျ်ားကြည့်ရတာတော့ နင့်ကို သိပ်ချစ်ပုံပဲနော်၊ အဲ့ဒါ အပေါ်ယံ ချစ်ပြတာတော့ မဟုတ်ဘူး မဟုတ်လား"

"မဟုတ်ပါဘူးဟယ် …၊ သူ ငါ့ကို တကယ်ချစ်ပါတယ်





"အပြင်သွားရင်လည်း နင့်ကို ဂွမကိုက်ဘူး မဟုတ်လား၊

"အေး … အဆင်ပြေပြေပါပဲ"

"နင့်ကျတော့ ကံကောင်းလိုက်တာနော်၊ ငါ့ကျတော့ …"

မဒီက ပြောရင်း အသံတိမ်ဝင်သွားတော့ စုဇီက မဒီ့ ပခုံးကို လှမ်းဖက်ကာ ဖျစ်ညှစ်လိုက်ပါသည်။

"ဒီမှာ … မဒီ၊ နင့်ကို ငါ တစ်ခုပြောပြမယ်၊ တကယ်တော့ အိမ်ထောင်ရေးမှာ အားနည်းတဲ့သူက ရန်လိုတတ်တာ ထုံးစံပဲ …"

"ဘယ်လို …"

"အဲဒီလို ရန်လိုတတ်တာဟာ အငုံ့စိတ်ရှိလို့ပဲ …"

"ငါနားမလည်ဘူး"

"ငါပြောတာကို နင် ဘယ်နားလည်ပါ့မလဲ၊ နင်က ခွန်မင်းကို နားလည်မှုမှ မပေးခဲ့တာကိုး"

"ငါက ဘာကို နားလည်ပေးရမှာလဲ …"

"နင် စဉ်းစားကြည့်လေ …၊ နင်နဲ့ သူ ယှဉ်လာရင် ခုချိန်မှာ နင်က အင်အားကြီးတယ်လေ၊ ငွေကြေးပြည့်စုံတယ်ဟာ၊ အလုပ်အကိုင် ကောင်းတယ်ဟာ၊ အောင်မြင်

www.burmeseclassic.com



ကျော်ကြားတယ်ဟာ ...၊ အဲဒီတော့ ပထမတော့ သူ့မသိစိတ်ထဲမှာ၊ နောက်တော့ သိစိတ်ထဲထိ ရောက်လာပြီး သူ နင့်ကို မနာလိုဖြစ်လာမှာပဲ ...”

“ဟာ ... အဲ့ဒါတော့ မဖြစ်နိုင်ဘူး၊ သူကိုယ်တိုင်က ငါ့ကို အောင်မြင်အောင် ပံ့ပိုးပေးခဲ့တာပဲ ...”

“အဲဒါလည်း သူဖြစ်ချင်ရက်နဲ့ ဖြစ်ခွင့်မရတာကို နင့်မှာ ဖြစ်အောင် လုပ်ပေးလိုက်တာပဲ”

“ဘာတွေလဲ ... ရှုပ်နေတာပဲ”

“သူက အသံမကောင်းဘူး၊ နင်က အသံကောင်းတယ်၊ သူ့မှာ မရှိတာ နင့်မှာရှိတယ်လေ၊ သူမဖြစ်နိုင်တာ နင် ဖြစ်နိုင်တယ်လေ ...၊ အဲဒါကြောင့် သူက သူချစ်တဲ့ နင့်ကို အောင်မြင်အောင် ကူညီပံ့ပိုးခဲ့တာပေါ့၊ အစပိုင်းမှာတော့ နင် အောင်မြင်လာတာကို သူလည်း ပျော်ခဲ့မှာပါ၊ ဒါပေမယ့် ကြာလာတော့ နင်က ဝင်ငွေတွေရ၊ ဟိုပွဲ ဒီပွဲတွေလည်း ခဏခဏသွားနေတော့ သူလည်း နင့်ကို အမြင်ကတ်ပြီး သူ့ကိုယ်သူလည်း အားမရဘဲ အငုံစိတ်ဝင်လာမယ်၊ နင်နဲ့တွဲသွားတိုင်း သူက သိမ်နုပ်နေတယ်လို့ ထင်လာနိုင်တယ်”





“ဒါ ... ဒါဆို ... ငါဝင့်လည်ပြီလား မသိဘူးနော်၊ ငါလည်း အရင်တုန်းက သူ့လိုမျိုး ဖြစ်ခဲ့ဖူးတယ်ထင်တယ်၊ သူရိယရဲ့ အောင်မြင်မှုကို အရမ်းအားကျခဲ့ပေမယ့် နောက်တော့ ငါ့ကိုယ်ငါ အားငယ်ပြီး အငုံ့စိတ်ဝင်လာတယ်၊ စိတ်ဓာတ်ကျလာတယ်၊ ငါ ... ငါ ဝင့်လည်တာ သေချာပြီ”

မဒီက ကယောင်ချောက်ချား ရေရွတ်လိုက်မိသည်။

“အဲ့ဒါကြောင့် သူ့အားငယ်စိတ်ကို သုံဖုံးကွယ်ချင်လို့ လူရှေ့ရောက်ရင် နင့်ကို သိပ်ဂရုမစိုက်တဲ့ ပုံမျိုး လုပ်နေတာပေါ့၊ အပေါ်ယံ တင်းပြပြီး သူ့ကို လူအထင်မသေးအောင် သိက္ခာဆည်နေတာပေါ့ ...”

“သူ ငါ့ကို တကယ်ချစ်ခဲ့တာရော ဟုတ်ရဲ့လား မသိဘူး”

“ချစ်တော့ ချစ်မှာပါ၊ အိမ်မှာဆို နင့်ကို ကြင်နာသားပဲ မဟုတ်လား၊ အဲ့ဒါ သူ့စိတ်ရင်းအမှန်ပေါ့ ...”

“ဒါဆို ငါ ဘာလုပ်ရမလဲ စုဇီရယ်၊ ငါ အခု အရမ်း စိတ်ညစ်တယ်၊ သူရိယနဲ့တုန်းကလည်း သူက လူရှေ့ကျ ချစ်ပြပြီး ကွယ်ရာကျ ဂရုမစိုက်လို့ စိတ်ညစ်ရတယ်၊ အခု ကျတော့ နှစ်ယောက်တည်းကျမှ ချစ်ခင်ကြင်နာပြပြီး



www.burmeseclassic.com

www.burmeseclassic.com



လူရှေ့ကျ ဂရုမစိုက်လွန်းလို့ စိတ်ဆင်းရဲရတယ်၊ ခုလည်း သူလုပ်ချင်တာ လုပ်နေတယ်၊ ငါ့ပိုက်ဆံကိုလည်း မသုံးဘူး၊ ငါ့ကားကိုလည်း မစီးဘူး၊ သူ့ကြည့်လိုက်ရင် နွမ်းဖတ်နေတာပဲ၊ စိတ်ညစ်လိုက်တာ ... ငါ ဘာလုပ်ရမလဲဟင် စုဇီ ..."

"နင်က ဘာလုပ်ချင်လို့လဲ ..."

"တစ်ခါတစ်ခါ အရမ်းစိတ်ညစ်လာရင် သူနဲ့ ကွာရှင်းလိုက်ချင်တယ်"

"ကွာရှင်းပြီးရင် နင် တစ်သက်လုံး တစ်ယောက်တည်း နေမှာလား"

"အဲဒါတော့ မပြောနိုင်ဘူး၊ ငါက တစ်ယောက်တည်း နေရမှာ ကြောက်တယ်"

"အဲဒါဆို နင် တစ်နေ့ကျ အိမ်ထောင်ပြုရင် ပြုမှာပေါ့၊ အဲဒီအခါကျတော့ ဟိုစကားပုံ ရှိတယ်လေ၊ သုံးကျောင်းပြောင်းတဲ့ ရှင်၊ သုံးလင်ပြောင်းတဲ့ မိန်းမဆိုတာ ဘာဖြစ်တယ်ဆိုလား ..."

မဒီက စုဇီကို မျက်စောင်းထိုးရင်း ...





"အေးပါ ... အဲဒီ စကားပုံကို ငါ နားလည်ပါတယ်၊ ငါလည်း အဲဒီလို မဖြစ်ချင်ပါဘူးဟယ် ..."

"အဲဒီလို မဖြစ်ချင်ရင် နင် လောဘမကြီးနဲ့ပေါ့ ..."

"ငါ ဘာလောဘကြီးလို့လဲ ..."

"နင်က အိမ်ထောင်ရေးလောဘ ရှိတယ်လေ၊ အားလုံးပြီးပြည့်စုံမှ ပျော်ရွှင်နိုင်မှာ မဟုတ်လား၊ တကယ်တမ်း အိမ်ထောင်ရေးဆိုတာ လုံးဝပြီးပြည့်စုံတာ မရှိဘူးလေ၊ ငါဆိုလည်း ငါယူတဲ့ အမျိုးသားက အားလုံးပြည့်စုံတဲ့သူမှမဟုတ်တာ၊ သာမန် ဝန်ထမ်းပဲ၊ ပိုက်ဆံလည်းမရှိဘူး၊ တစ်ခါတစ်ခါ ရစ်တတ်တယ်၊ ရိုးတာပဲ ရှိတယ် မတော်ဘူး၊ ငါ့စိတ်နဲ့ဆို အားမရပါဘူး၊ ဒါပေမယ့် သည်းခံရတာပဲ၊ ငါက သာလေ ငါက အလျှော့ပေးရလေပဲ၊ ဒါ့ကြောင့် အဆင်ပြေတာပေါ့၊ ငါက ရောင့်ရဲလိုက်တယ်လေ ..."

"ရောင့်ရဲတယ် ... !"

"ဟုတ်တယ် ... အိမ်ထောင်ရေးဆိုတာ ပျော်ရွှင်ရသလောက်နဲ့ ရောင့်ရဲမှ သာယာတာဟ၊ ငါလည်း အိမ်ထောင်ကျတာ မကြာသေးတော့ ဆရာမကြီးတော့ မဖြစ်သေးပါဘူးဟ!

အမေကလည်း ငါ့အဖေနဲ့ ပတ်သက်ရင် အမြဲ ရောင့်ရဲ တတ်တော့ မေမေ့ကိုအတုယူရင်း အဆင်ပြေလာတာ၊ နင့် အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ငါလည်း တတ်သလောက် မှတ်သလောက်လေးနဲ့ ဖြစ်နိုင်ချေကို မှန်းဆပြီး အကြံပေး ကြည့်တာ၊ နင့်ဘာသာ အိမ်ကျမှ ငါပြောတာ သဘာဝ ကျ မကျ ပြန်စဉ်းစားပေါ့ဟာ ... ၊ နင်က ငါမဟုတ်တော့ ငါလည်း နင့်စိတ်ကို အလုံးစုံမသိနိုင်ဘူးလေ၊ ငါပြောတာ တွေကို လက်မခံချင်ရင်လည်း နင် ခံစားရသလိုသာ ဆက် လုပ်ပေါ့"

စုဇီ စကားတွေကို နားထောင်ရင်း မဒီက ကိုယ့် ကိုယ်ကို ရောင့်ရဲနိုင်မလား၊ မရောင့်ရဲနိုင်မလား စဉ်းစား ဦးနှောက် ခြောက်ရသည်။

မဒီ တစ်သက်လုံး ဒီအတိုင်းလေး ရောင့်ရောင့်ရဲရဲ နေသွားဖို့ဆိုတာ ကိုယ့်ကိုယ်ကို မသေချာချေ။





မဒီသည် စုဇီစကားတွေကို 'မှန်တယ်' ဟု ယူဆ ကာ ရောင့်ရဲဖို့ ကြိုးစားရင်း မောင့်ဘာသာ ဘာလုပ်လုပ် အပြစ် မပြောဘဲ နေနိုင်အောင် ကြိတ်မှိတ်နေလိုက်တော့သည်။

မောင့်ကို အပြင်လိုက်ပေးဖို့လည်း မခေါ်တော့။ မောင် အပြင်ကို ဘတ်စ်ကားနဲ့ သွားရင်လည်း မတားတော့ချေ။ သို့သော် မောင်က မဒီ ပိုက်ဆံတွေကို မသုံးဘဲ နွမ်းနွမ်းဖတ်ဖတ် ဖြစ်နေတာကို မြင်တိုင်း စိတ်ဆင်းရဲရလေသည်။

မဒီ အိမ်မှာနေလျှင်တော့ သူစားဖို့ ကိုယ်တိုင် ဝင် ချက်ပြုတ်ထားလိုက်ပြီး ဒေါ်စိုးကိုမှာရသည်။

"ဒေါ်စိုး ... မောင်ပြန်လာရင် ထမင်းကျွေးလိုက်နော် မဒီ ချက်ထားတယ်ဆိုတာတော့ ပြောမပြနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲကွယ် ... မောင်ခွန်မင်းက ခုတလော အိမ်မှာ ထမင်းမစားဘူးကွယ့်၊ သူ့ဘာသာ အပြင်မှာ စားလာခဲ့တာ"

"သူမစားဘူးဆိုလည်း အတင်း မရမက ခေါ်ကျွေးပေါ့ ဒေါ်စိုးရယ်၊ သူ အားနာရင် ဝင်စားပါလိမ့်မယ်"

မဒီက ဒေါ်စိုးကိုမှာကာ သူဘယ်တော့များ ပြန်လာပါမလဲဟု မျှော်ရသည်။ သူပြန်လာလျှင်တော့ တစေ့တစောင်း ချောင်းမြောင်း အကဲခတ်ကာ သူစားလျှင် ကျေနပ်ပြီး မစားလျှင် ဝမ်းနည်းရသည်။

မဒီက သူဘယ်တော့များ ပြန်စခေါ်ပါမလဲဟု မျှော်လင့်သော်လည်း သူက မခေါ်။ မဒီက လိုလားဟန်မပြတာမို့ ဒီလိုအခြေအနေမျိုးမှာ 'ကြင်နာချင်ပါတယ်' ဆိုတာမျိုး ထိကပါး ရိကပါးလည်း လာမလုပ်ဘဲ သူ့စည်းလေးနှင့်သူ နေနေသည်။ ကျွန်မကို ကျောခိုင်းလို့သာ အိပ်သည်။

တစ်နေ့တော့ ညဘက် အိပ်မပျော်တာမို့ မဒီ တစ်ယောက်တည်း ခြံထဲဆင်းထိုင်နေမိသည်။ မဒီက မြက်ခင်းပေါ် ခြေဆင်းထိုင်ရင်း လဆီငေးမောကြည့်ရင်း အလိုလို ဝမ်းနည်းကာ





မျက်ရည်ကျမိ၏။ မဒီ့စိတ်ထဲမှာ တစ်ယောက်တည်း အထီးကျန်သလို ဖြစ်နေခဲ့တာ ကြာပြီပဲ။

ခဏနေတော့ မဒီ့မှာ မျက်ရည်ကျရုံမဟုတ်ဘဲ ဝမ်းပန်းတနည်း ရှိုက်လို့တောင် ငိုလိုက်မိသည်။

အားရအောင် ငိုပြီး အိမ်ထဲဝင်ဖို့ ပြန်လှည့်လာတော့ မဒီ့ကို လှမ်းမြင်နိုင်သည့် မဒီတို့ အခန်းပြတင်းဆီက ခန်းဆီးဖြူလေး လှုပ်ရှားသွားတာကို လှမ်းမြင်လိုက်ရသည်။

မဒီ အခန်းထဲ ပြန်ဝင်လာတော့ သူက အိပ်ခန်းထဲမှာ ရှိမနေတော့ ...။ စာကြည့်ခန်း မီးလင်းနေတာမို့ သူ စာသွားဖတ်နေတာပဲဟု ထင်လိုက်သည်။

မဒီလည်း အိပ်ဆေးတစ်လုံး သောက်ပြီး ပျော်အောင် အိပ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

မဒီ နိုးထလာတော့ ထိုနေ့မနက်ခင်းက နိုးနိုးချင်းမှာတော့ သာမန်ပဲ ဖြစ်၏။

စာရေးဆရာတွေ ဖွဲ့နွဲ့တတ်သည့် သာယာလှသော မနက်ခင်းများလို ငှက်ကလေးတွေလည်း စိုးစိစိုးစီ ဖြစ်မနေ။

လေပြေလေညင်းလေးကလည်း နွဲ့နွဲ့နှောင်းနှောင်း တိုက်မနေ။

နွေခြည် နွေးနွေးကလည်း ပြတင်းပေါက်ဆီမှ ဖြာကျမနေ။

အခန်းထဲမှာ Aircon လေဖြင့်သာ အေးစိမ့်နေပါသည်။





မဒီ အိပ်ရာမထမီ လက်ကို ဟိုဟိုဒီဒီ ရွေ့လိုက်တော့ စာရွက်တစ်ရွက်ကို စမ်းမိသွားသည်။

"ဘာပါလိမ့် ... ညက ဒီနားမှာ မရှိပါဘူး"

မဒီက စာရွက်ကို ဆုပ်ကိုင်ဖြန့်ကြည့်လိုက်သည်။

မဒီ့ မျက်ခုံးတွေ ပင့်သွားသည်။

ဘုရား ... ဘုရား ... ဒါ မတွေ့ရတာ ကြာပြီဖြစ်တဲ့ ဂီတသင်္ကေတတွေ ပါတဲ့ သီချင်းစာရွက်ကလေး မဟုတ်လား ...။

မဒီ ဖတ်ကြည့်လိုက်တော့ သီချင်းအသစ်။ သူ့လက်ရေးဖြင့် ရေးထားသော သီချင်းအသစ် ...။ ပြောင်မြောက်လှပဆန်းသစ်သော စကားလုံးများဖြင့် ရေးဖွဲ့ထားသော သီချင်းအသစ်ပင်တည်း ...။

ဒါ ... သူ့ဟက်ကာစပြီး မဒီကို ချော့မော့တာပဲပေါ့။ အဲ့ဒီအတွက် ရခဲလှသော သီချင်း တစ်ပုဒ်ကို မဒီ ရလိုက်တာပဲ ပေါ့။

မဒီ ကျောဘက်ကို လှည့်ကြည့်လိုက်တော့ အိပ်ပျော်ကျနေဆဲ မောင့်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ညက စာကြည့်ခန်းထဲသွားပြီး မဒီအတွက် သီချင်းတစ်ပုဒ်ကို တစ်ညတည်း အပြီး ရေးခဲ့ရမှာ။ ဘယ်လောက် ပင်ပန်းရှာမလဲ။

မဒီက အိပ်နေဆဲ သူ့ကို ပြုံးလျက် ထိုင်ကြည့်နေလိုက်သည်။

ထိုအခိုက်အတန့်လေးမှာပဲ သူအိပ်ရာမှ နိုးလာခဲ့ပါသည်။

မဒီက သီချင်းစာရွက်ကလေးကို ထောင်ပြရင်း ...

"ဒါ ... ဘာလဲ ... မောင်"

ဟု မေးလိုက်တော့ သူက ဣန္ဒြေဆည်သလိုလို ပုံစံမျိုးနှင့် ...

"သီသားနဲ့ကွာ ..."

"မောင်ပြောတာ ကြားချင်တယ် ..."

"သီချင်းစာရွက်ကွာ၊ သီချင်းစာရွက် ..."

"ဘယ်သူ ရေးတာလဲ ..."

"ကိုယ်ရေးတာ ..."

"ဘယ်သူ့ဆိုဖို့လဲ ..."





"ဘယ်က အဆိုတော် ပေါ်ပေါမ ဆိုဖို့ ရေးမိမှန်း မသိပါဘူး"

"မောင်နော် ... မောင်၊ ဒီ 'ပေါ' စကား မပြောနဲ့ဆို ..."

"အေးပါ ... အဆိုတော် အရူးမဆိုဖို့ ရေးထားတာ ..."

"မောင် တစ်ညလုံး မအိပ်ဘဲ ရေးခဲ့ရမှာပေါ့ ..."

"အိပ်ပြီးရေးရင်ရော ရတတ်သလား၊ ရရင် အိပ်မက်ထဲမှာ တစ်ခါလောက် စမ်းရေးကြည့်တာပေါ့ ..."

"မောင် ... ဘာလို့ ရေးပေးတာလဲဟင်"

"မသိဘူးကွာ ..."

"မသိလို့မရဘူးကွာ ... ပြော ..."

"မပြောဘူးကွာ ..."

"ပြောပါ မောင်ရဲ့"

"ကဲ ... ပြောမယ်၊ ဒီနားတိုး ... နားနားကပ်ပြောပြမယ်"

"နားကိုက်နေတယ်၊ အဲဒီကနေပဲ ပြော ..."

"အဲဒါဆိုလည်း မပြောရုံပဲ၊ ကြားချင်ရင်တော့ ဒီနားလာပြီး နားဆင် ..."

မဒီက ပြုံးစိစိဖြင့် သူ့မျက်နှာနား တရွေ့ရွေ့ တိုး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူက မဒီ နားနား သူ့နှုတ်ခမ်းလေး ကပ်လိုက်ရင်း …

"မင်းကို သိပ်ချစ်လို့၊ မင်းပျော်အောင် ရေးပေးတာ …"

ဟု မဒီ့ကို သည်းအူစိမ့်တုန်သွားစေသော လေသံဖွဖွလေးဖြင့် ပြောလိုက်ရင်း မဒီ့ပါးကို နမ်းလိုက်ပြီး မဒီ့ခေါင်းလေးကို ဆွဲယူကာ သူ့ရင်ခွင်မှာ ကပ်ထားလိုက်တော့သည်။

အဲဒီတော့မှပဲ မဒီ့ရဲ့အာရုံထဲက မနက်ခင်းကလေးဟာ စာရေးဆရာတွေ ဖွဲ့နွဲ့သလို လေပြေညင်းတွေ တသုန်သုန်တိုက်ခတ်လာသည်။

ပန်းမျိုးတစ်ရာမှက လှပစွာ ပွင့်လန်း မွှေးပျံ့လာသည်။

ကမ္ဘာ့ အသာယာဆုံး ဂီတသံထက်ပင် သာယာသော ငှက်ကလေးတွေရဲ့ အော်မြည်သံကို ကြားလိုက်ရသည်။

နွေးထွေးသော နွေဦးနေရောင်ခြည်လေးက မဒီတို့အခန်းထဲသို့ ဖြာကျလာပါသည်။

မောင်က ကျွန်မရဲ့ဆံပင်လေးတွေကို ဖွဖွနမ်းရှူရင်း …





"ဟန်လေး … ညက ခြံထဲမှာ ဆင်းငိုနေတာ မောင်သိတယ်၊ ဘာလို့ငိုရတာလဲကွာ …"

"မောင်ကမှ အရင်လို ဂရုမစိုက်ဘဲကိုး …"

"ဟန်လေး … ငိုတာတွေ့တော့ မောင် အရမ်း နောင်တရသွားတယ်၊ အဲဒါနဲ့ မင်းပျော်အောင် မောင် ဘာလုပ်ပေးရင် ကောင်းမလဲ စဉ်းစားပြီး ဟန်လေးကို ချော့ဖို့ တစ်ညလုံး မအိပ်ဘဲ သီချင်းထိုင်ရေးနေတာ၊ ဟွန်းအားက အရမ်းပြင်းတော့ သီချင်းရေးရတာ အရမ်း ဖီလင်လာတယ်"

"မောင် … ကျွန်မကို သိပ်ချစ်တာပဲနော်၊ ဒါနဲ့များတောင် မချစ်သလို ဟန်ဆောင်ရသေးတယ် …"

"မောင့်မှာလည်း ခံစားချက် ရှိလို့ပါကွာ၊ ဟန်လေးဘက်က ကောလာဟလတွေ ရင်ဆိုင်ရသလို မောင်လည်း ကောလာဟလတွေ ရင်ဆိုင်ရပါတယ်၊ မောင့်ကို တချို့က ငွေမက်လို့ ဟန်လေးကို ယူတယ်၊ မိန်းမလုပ်စာနဲ့ ကောင်းကောင်း စိမ်ကျနေပြီ၊ ကျေနပ်ပျော်ရွှင်နေပြီလို့ ထင်ကြတယ်"

"ကိုယ်မဟုတ်ရင် ပြီးတာပဲ … ၊ ဂရုစိုက်မနေနဲ့ပေါ့ …"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း မင်းကို အဲဒီလို စကားမျိုး ပြောခဲ့ဖူးတာပဲ၊ ဟန်လေးလည်း ဂရုမစိုက်ဘဲ မနေနိုင်ခဲ့ဘူး မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ မောင့်ကို ကျွန်မ နားလည်ပါပြီ မောင်ရယ် ...၊ ဒါပေမယ့်လေ မိန်းမဆိုတာက ကိုယ့်ကိုယ်ကို ယောကျ်ားက သိပ်ချစ်တာပဲဆိုတာမျိုး လူတွေ ပြောဆို အားကျတာတွေကို ဂုဏ်ယူချင်တတ်ကြတယ် မဟုတ်လား၊ ချစ်ပြရုံသက်သက် မဟုတ်ဘူးဆိုရင် ကျွန်မလည်း လူတွေကြားမှာ အချစ်ခံရတဲ့အကြောင်းကို ဂုဏ်ယူချင်သေးတာပေါ့ မောင်ရယ် ..."

"မောင် နားလည်ပါပြီကွာ ..."

မဒီတို့ အပြန်အလှန် နားလည်ကြရင်း အပြန်အလှန် မွှေးမွှေးပေးလိုက်ကြပြန်ပါသည်။

အဲဒီနောက် မောင်က ကျွန်မကို တင်းတင်းလေး တိုးဖက်လိုက်ပြီး ကျွန်မက မောင့်ရင်ခွင်ထဲ တိုးသထက် တိုးဝင်လိုက်သည်။

Aircon လေက ထင်သလောက် မအေးသောဘဲ အခန်းထဲမှာ နွေဦးရာသီလေးသို့ ပြောင်းလဲသွားပါသည်။





အဲဒီမနက်က ...

ရှေ့လျှောက် ကျွန်မ လုံးဝ စိတ်မဆင်းရဲရတော့ဘူးဟု ခိုင်ခိုင်မာမာ ရဲရဲရင့်ရင့် ယုံပစ်လိုက်မိပါသည်။

သို့သော်လည်းပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များမကြာမီ နံနက်ခင်း တစ်ခုမှာ ကျွန်မက မောင့်ကို ဘာမှကြိုတင်မပြောတော့ဘဲ မောင်နဲ့ ကျွန်မနာမည် နှစ်ခု တွဲရေးထားသော အခမ်းအနား ဖိတ်စာတစ်ခုကို မောင်မြင်သာမည့် စားပွဲတစ်ခုပေါ်မှာ တင်ထားလိုက်ပါသည်။

ပြီးတော့ ပွဲသွားလျှင် မောင် ဝတ်ရမည့် အနောက်တိုင်း ဝတ်စုံတစ်စုံကို ဗီရိုထဲမှထုတ်ကာ ဖိတ်စာဘေးမှာ ချထားပေးလိုက်ပါသည်။

မောင်ကလည်း ဘာမှ မပြောပါ ...။

ညနေ ပွဲသွားရမည့် အချိန် နီးလာတော့ ရေချိုးခန်းထဲ သူ့ အရင်ရေဝင်ချိုးပြီး ကျွန်မ ထုတ်ပေးထားသည့် အဝတ်အစားတွေကို အေးအေးဆေးဆေး ဝတ်ဆင်နေပါသည်။





ဒီပုံအတိုင်းဆို အိုကေပြီပေါ့ ...။

ရန်ဖြစ်ဖို့ မလိုတော့ဘူးပေါ့ ...။

ကျွန်မက ပျော်လွန်းတာမို့ ရေချိုးခန်းထဲဝင်ကာ တဟိဟိရယ်ရင်း ခုန်ပေါက်လိုက်မိပြီး ...

"မောင်ရယ် ... နောက်ဆုံးတော့ ကျွန်မကို ချစ်လွန်းလို့ ရှင့်အချိုးတွေကို ပြင်လိုက်ပြီပေါ့နော် ..."

ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်လိုက်မိသေးသည်။

ထိုနောက် နှစ်ယောက်သား အတွဲညီညီ ဝတ်ဆင်လျက် အိမ်မှထွက်လာကြတော့ ကျွန်မက မောင့်လက်ကို လှမ်းချိတ်လိုက်သည်။

မောင်က လုံးဝ မငြင်းပါ။

ဒီအထိ အိုကေပဲ ဖြစ်သည်။

ဟိုတယ်ရှေ့အရောက် ကားပေါ်မှ ဆင်းတော့လည်း အိုကေနေသေးသည်။

ခန်းမထဲရောက်တော့ လုံးဝ မအိုကေတော့ချေ။

မောင်က သူ့အရင် အချိုးအတိုင်းပင် ... ကျွန်မကို ဂရုမစိုက်သလို ပုံစံမျိုး ခပ်ခွာခွာနေနေသည်။ ကျွန်မ တွဲထားသော



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုလည်း မသိမသာ ဖြုတ်ချသွားသည်။ ကျွန်မ မိတ်ဆွေတွေနားသို့ မိတ်ဆက်ပေးဖို့ ခေါ်သော်လည်း မလိုက် ...။

ဘယ်လိုကြီးလဲ ...။

အရင်လိုကြီးပါပဲလား ...။

ဘာများ ပြောင်းလဲသွားပါသနည်း။

မဒီစိတ်သည်လည်း တနုံ့နုံ့နှင့် အရင်လို ပြန်ဖြစ်လာရဆဲမှာ မဒီရှေ့မှာ ရပ်လာသူက မဒီ ခင်ပွန်းဟောင်း သူရိယ ဖြစ်ပါသည်။

"မဒီ တစ်ယောက်တည်း လာသလား ..."

သူက ဝိုင်ခွက်ကို လှုပ်ယမ်းရင်း မေးလိုက်သည်။

မဒီက မျက်နှာလေးကို မော့ချီထားလိုက်ရင်း ...

"အမျိုးသား ပါတယ်လေ ..."

"ဟုတ်လား ... ကိုယ်က မဒီ တစ်ယောက်တည်းပဲ လ… တယ်ထင်တာ၊ ဘယ်မှာလဲ ... အမျိုးသားက ..."

"ဟိုဘက်မှာ ..."

"သြော် ... တွေ့ပြီ၊ ဟိုဘက်အစွန်က ဆံပင်ခပ်ရှည်ရှည်နဲ့ တစ်ယောက်မဟုတ်လား ..."





"ဟုတ်တယ်"

"သူ့ကို မဒီနဲ့ အပြင်မှာ တွဲတွေ့ခဲ့တယ်နော်၊ တစ်ခါတလေ တွေ့ရင်လည်း မဒီကို ဂရုမစိုက်သလို ပုံစံမျိုးနဲ့ချည်းပဲ"

"ရှင် ဝေဖန်စရာ မလိုပါဘူး ...၊ သူက လူရှေ့သူရှေ့မှာ သိပ်ချစ်ပြတတ်တဲ့သူမျိုး မဟုတ်ဘူး"

"ကွယ်ရာမှာတော့ သိပ်ချစ်တတ်တယ် ဆိုပါတော့ ..."

"ဒါပေါ့ ...၊ ဒါနဲ့ ရှင်ကရော တစ်ယောက်တည်းပဲလား"

"တစ်ယောက်တည်းပဲလေ၊ တစ်ယောက်တည်း နေတာက ကိုယ့်စရိုက်နဲ့ အသင့်တော်ဆုံးမို့လို့ တစ်ယောက်တည်းပဲ ပျော်ပျော်ရွှင်ရွှင်နေတယ်၊ ဒါနဲ့ ကိုယ့်အထင် ပြောရရင်တော့ မဒီအမျိုးသားက လူရှေ့သူရှေ့ ခဏတဖြုတ်လေးတောင် ဂရုစိုက်မပေးနိုင်ဘဲ ဒီလောက် စိမ်းစိမ်းကားကား ပုံစံကြီးနဲ့ နေနေတာ ကွယ်ရာမှာဆို ပိုဆိုးလိမ့်မယ် ထင်တယ်နော် ..."

သူက ခနဲ့တဲ့တဲ့ပြောရင်း မဒီရှေ့မှ လှည့်ထွက်သွား…သည်။

မဒီအကြည့်က ဒိုင်းခနဲ မောင့်ဆီ ရောက်သွားသည်။ …သနှင့်အတူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရှင့်ကြောင့်ပေါ့ မောင်၊ ကျွန်မကို မချစ်တဲ့ လူကို ရထားတာလို့ အထင်ခံတာ ရှင့်ကြောင့်ပေါ့။

ရှင် နားလည်တယ်ဆိုတာ ဒါလား မောင် ...။

ခုတော့ ဒုံရင်းက ဒုံရင်းပဲ မဟုတ်လား ...။

ဒီလိုသာ ဆက်စခန်းသွားနေရဦးမယ်ဆိုရင် ကျွန်မတို့ ကွာရှင်းလိုက်ရရင် ကောင်းမလား။

မဒီသည် တနုံ့နုံ့ ဒေါသဖြင့် စကားလုံးတွေကို အပြင်ထွက်ကျမလာအောင် ပါးစပ် စိစိပိတ်၍ ထိန်းထားလိုက်ရလေသည်။

* * *





* * *

"ဟန်လေး ... တစ်ချိန်လုံး မတ်တတ် မတ်တတ်နဲ့ နေနေရတာ ခြေထောက်တွေ တောင့်နေမှာပဲ၊ လာ ... ဒီမှာလှဲလိုက်၊ မောင် အညောင်းပြေအောင် လုပ်ပေးမယ်"

အိမ်ပြန်ရောက်၍ အဝတ်အစားလဲပြီးကြသောအခါ မောင်က နူးညံ့လှစွာသော အသံဖြင့် ပြောရင်း မဒီကို ပွေ့ချီကာ ခုတင်ပေါ် ချပေးလိုက်လေသည်။

"ခြေဆင်းထားလေ, ဟန်လေး ..."

သူက မဒီကို ခြေဆင်းထိုင်ခိုင်းလိုက်ပြီး မဒီရဲ့ ခြေချောင်းကလေးတွေကို ညင်သာစွာ ဆွဲလျက် အကြောလျှော့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခြေမအောက်ဘက်ဘေးနားကို လက်မဖြင့် ဖိနှိပ်ပေးနေရင်း ...

"မောင် ဟန်ငွေလေးကို ပြုစုဖို့ သေသေချာချာ လေ့လာထားတာကွ၊ ခြေမရဲ့ ဒီနေရာနားကို ဒီလို နှိပ်ပေးရင် အကြောအခြင် တင်းတောင့်နေတာတွေကို သက်သာစေတယ်"

ဟု ရှင်းပြသေးသည်။ ထိုနောက် ခြေဖဝါးရဲ့ ဘေးဘက်တစ်လျှောက်ကို လက်မဖြင့် ဖိနှိပ်ပေးပြန်ရင်း ...

"ဒီနားကို ဒီလိုနှိပ်ပေးရင် ဟန်လေး မတ်တတ်ရပ်နေရလို့ ကျောတွေတောင့်ပြီး ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်တာတွေကို ပျောက်စေတယ်၊ ခြေဖဝါးက ခန္ဓာကိုယ် တစ်ခုလုံးရဲ့ သော့ချက်သဘောမျိုးပဲ ..."

စိတ်ပါလက်ပါ နှိပ်ရင်း ညင်သာစွာ စကားဆိုနေသော သူ့ကို မဒီက ပထမတော့ စိတ်ပျက်စွာ၊ နောက်တော့ ရယ်ချင်စွာ စိုက်ကြည့်နေလိုက်မိလေသည်။

အိမ်ထောင်ရေးဆိုတာ ဒါပဲလားဟင် ...။

ဆေးခါးကြီး မျိုချလိုက်၊ သကြားလုံးလေး တမြုံမြုံ





ပြန်ငုံလိုက်နဲ့ ခါးတစ်လှည့် ချိုတစ်လှည့် အရူးလို မတည်မငြိမ် ဖြစ်ရတာဟာ အိမ်ထောင်ရေးလား ...။

ကိုယ်ကြိုက်တာ ကိုယ်လုပ်ပြီးမှ ကိုယ့်အနားက လူ ကြိုက်အောင် လုပ်ပေးရတာဟာ အိမ်ထောင်ရေးလား။

နားမလည်မှုတွေ အများကြီးရယ်၊ နားလည်မှုလေး နည်းနည်းရယ် သမမျှတအောင် ရောမွှေပြီး ကျေကျေနပ်နပ်နဲ့ နေတတ်ရတာဟာ အိမ်ထောင်ရေးလား။

ပြင်းရှရှ အက်ဆစ်နဲ့ မွှေးမြမြ ပန်းပွင့်ကလေးတွေ အမြဲအတူရှိနေတတ်တာဟာ အိမ်ထောင်ရေးလား။

မယုံရဲပေမယ့် ဖွတ်မိုတ်ယုံလိုက်မိပြီးမှ မယုံနိုင်စရာ တွေ ကြုံရတတ်တာဟာ အိမ်ထောင်ရေးပဲလား ...။

မဒီသည် ထိုသို့ တွေးတောဆဲမှာ သူက မဒီ ပခုံး ဆေးကို ပွေ့ကာ အိပ်ရာထက်သို့ ညင်သာစွာ လဲလျောင်းစေလိုက် ပြန်သည်။

"ဟန်လေး ... မျက်စိမှိတ်ထား၊ ပက်လက်အနေအထား လေးပဲ နေ၊ နဖူးရယ်၊ မျက်ခုံးမွေး နေရာရယ်၊ မျက်လုံး နှစ်လုံးကြားက နှာခေါင်းရိုးနေရာရယ်ကို ခုလိုမျိုး လက်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုး ညှပ်ပြီး ဖိနှိပ်ပေးရင် စိတ်ဖိစီးမှုတွေ သက်သာပြီး သက်သောင့်သက်သာလေး အိပ်မောကျသွားလိမ့်မယ်"

သူက မဒီ နဖူးနှင့် မျက်နှာတစ်ဝိုက်ကို နှိပ်ပေးပြန်သည်။

မဒီက စိတ်ကို ဖြေလျှော့ကာ သက်ပြင်းချလိုက်ရင်း မျက်လုံးမှိတ်ကာ ငြိမ်သက်နေလိုက်သည်။

မဒီ သူနဲ့ လမ်းခွဲသင့်သလား ... လမ်းမခွဲသင့်ဘူးလား ...။

မဒီက ထိုအတွေးကို ထပ်ခါတလဲလဲ တွေးနေချိန်တွင် မောင့်ရဲ့ လက်ချောင်းများသည် မဒီရဲ့ မျက်နှာတစ်ဝိုက်တွင် ညင်သာနူးညံ့စွာ ရွေ့လျား နှိပ်နယ်လျက် ရှိလေသည်။

မကြာခင်မှာပဲ မဒီသည် ထိုလက်ချောင်းများ၏ ထိတွေ့ နှိပ်နယ်မှုကို ခံစားရင်း နှစ်ခြိုက်စွာ အိပ်မောကျခဲ့ရလေသည်။

ကျွန်မ မောင်နဲ့ လမ်းခွဲသင့် လမ်းမခွဲသင့် ဆိုတာကိုတော့ အိပ်မက်ထဲကျမှ ဆက် စဉ်းစား ဆုံးဖြတ်ရတော့မယ် ထင်ပါရဲ့။





ကျွန်မ ဘယ်လိုဆုံးဖြတ်သင့်လဲ ...

ရှင်တို့ပဲ ဝိုင်းကူ စဉ်းစားပေးကြပါဦးနော် ...။

ကျွန်မလား ...

ကျွန်မကတော့ ... နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ဦးမယ်လေ ...။

ပုညခင်

1:04 AM

15.11.2007



BURMESE CLASSIC

www.burmeseclassic.com